# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

> ## သံသရာ
>
> ကြောင့်ကြစိုးရိမ်မှုရှိသောသူမှာ အိပ်မရသဖြင့် ညာတာရှည်လျား၊ ခရီးပန်းသူမှာ တစ်ယူဇနာမျှသောခရီးသည် ရှည်လျား၊ သူတော်ကောင်းတရားကိုမသိသော လူမိုက်အဖို့ သံသရာရှည်လျား၊ သံသရာမှ လွတ်မြောက်ကြောင်း လမ်းစကိုမတွေ့ရသဖြင့် သံသရာထဲတွင် တဝဲလည်လည် ကျင်လည်၏။ သူတော်ကောင်းတရားသိသော ပညာရှိတို့ အဖို့မှာကား သံသရာသည် တိုတောင်း၏။
>
> ဗာလဝဂ်(ဓမ္မပဒ-၆၀)

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက် ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၁ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၆)၊ အမှတ်(၃၀၂)

# နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပူးတွဲ၍ ငြိမ်းချမ်းရေးအထောက်အကူပြုဖွံ့ဖြိုးရေးကဏ္ဍဆိုင်ရာ ကွင်းဆင်းလေ့လာရေးခရီးသွားရောက်

**နေပြည်တော် ဇူလိုင် ၃၁**

နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများပူးတွဲ၍ ငြိမ်းချမ်းရေးအထောက်အကူပြု ဖွံ့ဖြိုးရေးကဏ္ဍဆိုင်ရာ ပူးတွဲကွင်းဆင်းလေ့လာရေးခရီးစဉ်တစ်ရပ်အဖြစ် မွန်ပြည်နယ်အတွင်းရှိ အင်းကွေးကျေးရွာသို့ ယနေ့ သွားရောက်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်ဖွဲ့စည်းထားသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့(Joint Coordination Body for Peace Process Funding-JCB) ၏ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်းက ကျင်းပခဲ့သော အစည်းအဝေးတွင်

*စာမျက်နှာ ၃ ကော်လံ ၁* ❀

# ဝက်လက်မြို့နယ် ရှိမ္ဗကားသဘာဝတောကို တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် ဖော်ဆောင်မည်



**မျိုးဝင်းထွန်း(မုံရွာ)**

**ဝက်လက် ဇူလိုင် ၃၁**

ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ရှိမ္ဗကားကျေးရွာအနီးရှိ ရွှေသမင်များပေါသည့် သဘာဝတောကို စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနက တောရိုင်းတိရစ္ဆာန် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေနှင့်အညီ ရှိမ္ဗကားတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် ဖော်ဆောင်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဝင်းထံမှ သိရသည်။

"၁၂၂၅ ခုနှစ် ကဆုန်လပြည့်ကျော် ၇ ရက်က ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ရှိမ္ဗကားရွာအနီးက မူလပထမ ရွှေကျင်ဆရာတော်ကြီးရဲ့ တောရကျောင်းတော်ကြီးတည်ရှိရာ ဒေသဖြစ်တဲ့ ရွှေသမင်ပေါတဲ့ သဘာဝတောကို စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနက တောရိုင်းတိရစ္ဆာန် သဘာဝအပင်များ ကာကွယ်ရေးနဲ့သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေနဲ့အညီ ရှိမ္ဗကားတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် ဖွဲ့စည်းသွားမှာဖြစ်ပါတယ်" ဟု ဦးခင်မောင်ဝင်းက ပြောကြားသည်။

မင်းတုန်းမင်းတရားကြီး၏ ကုသိုလ်တော် ရှိမ္ဗကားဘေးမဲ့တောကြီး ရေရှည်တည်တံ့စေရန်အတွက် ရှိမ္ဗကားတောင် တောရကျောင်းတိုက်မှ ဆရာတော် သံဃာတော်များ၊ ဒေသခံ သမင်ချစ်သူအသင်းနှင့်အတူ ပူးပေါင်း၍ သစ်တောဦးစီးဌာနက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

## စစ်တောင်းနှင့်ငဝန်မြစ်ရေများ စိုးရိမ်ရေမှတ်အောက် ကျဆင်း

နေပြည်တော် ဇူလိုင် ၃၁

**စစ်တောင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့၌ တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**ငဝန်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့၌ ပေဝက်ခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီး အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ငါးသိုင်းချောင်းမြို့နှင့် နောက်နှစ်ရက်အတွင်း သာပေါင်းမြို့တို့တွင် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

(မိုး/ဇလ)

## အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ ပြဋ္ဌာန်း

စာမျက်နှာ » ၂

## မြောက်ကိုရီးယားနိုင်ငံနှင့် ပတ်သက်၍ ဆုံးဖြတ်ချက် ချမှတ်ရန် တရုတ်နိုင်ငံအား အမေရိကန်တိုက်တွန်း

စာမျက်နှာ » ၁၄



# မြန်မာ့အလင်း

## မှောင်ခိုကုန်သွယ်မှု တိုက်ဖျက်နှိမ်နင်းရေး

တိုင်းပြည်၏ ပြဿနာရပ်တို့ကို ကိုင်တွယ်ဖြေရှင်းရာ၌ ပကတိ အခြေအနေမှန်ကို သိရှိရေးသည် ကနဦး အခြေခံလိုအပ်ချက်ဖြစ်ပါသည်။ ပကတိအခြေအနေမှန်ကိုသိရှိမှသာ လက်တွေ့ကိုင်တွယ်ဆောင်ရွက်နိုင်မည့် အဖြေမှန်ကို ရရှိနိုင်မည်ဖြစ်ပါသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် ကျဆုံးခဲ့ရခြင်းနှင့် စနစ်၏ ဖွဲ့စည်းတည်ဆောက်ပုံအရ ပကတိအခြေအနေမှန်ကို မသိရှိနိုင်ခြင်းသည် ဤစနစ်ကျဆုံးခဲ့ရခြင်း၏ အခြေခံအကြောင်းရင်းတစ်ရပ်ဖြစ်ပါသည်။

ဤအတိတ်သမိုင်းသင်ခန်းစာကိုအခြေခံ၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာ၌ ပကတိအခြေအနေမှန်ကို ထင်ဟပ်သည့် ဖြေရှင်းချက်များ ချမှတ်နိုင်ရန် ကုန်သည်စက်မှုအသင်းချုပ်က နိုင်ငံတော်အစိုးရထံ အကြံပြုချက်များ ထိထိရောက်ရောက်တင်ပြနိုင်ရေးအတွက် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ မဟာဗျူဟာဆိုင်ရာ ဆွေးနွေးပွဲ **(SME Development Strategy ''Issues & Solutions'' Forum)** ကို ကျင်းပလျက်ရှိပါသည်။ ဤဆွေးနွေးပွဲ၌ တင်ပြသည့် တရားမဝင်ကုန်သွယ်မှုဆိုင်ရာ အချက်အလက်တို့သည် အလေးအနက်ထား သုံးသပ်သင့်သည့် အချက်အလက်များဖြစ်သည်ဟု ယူဆပါသည်။

ကုန်သည်စက်မှုအသင်းချုပ်၏ တာဝန်ရှိပုဂ္ဂိုလ်က တရားမဝင်ကုန်သွယ်မှုဆိုင်ရာ အချက်အလက်တို့ကိုတင်ပြရာ၌ နိုင်ငံတော်က ထုတ်ပြန်သော တရားဝင်ကုန်သွယ်မှု အချက်အလက်တို့နှင့် ကုန်သွယ်ဖက်နိုင်ငံတို့မှထုတ်ပြန်သော ကုန်သွယ်မှု အချက်အလက်တို့ကြား ကွာဟမှုတို့အပေါ် အခြေခံ၍ တင်ပြထားခြင်းဖြစ်ပါသည်။ အဆိုပါတရားမဝင်ကုန်သွယ်မှုတို့သည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံကြား ကုန်သွယ်မှု၌ တွေ့ရသကဲ့သို့ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံကြား ကုန်သွယ်မှု၌လည်း တွေ့ရပါသည်။ ဤသည်မှာလည်း မြန်မာနိုင်ငံ၏ နယ်စပ်ဒေသကုန်သွယ်မှုအများစုကို တရုတ်နိုင်ငံအပါအဝင် ထိုင်းနိုင်ငံနှင့် ပြုလုပ်နေသောကြောင့်ဖြစ်ပါသည်။

ကုန်သည်စက်မှုအသင်းချုပ်၏ တင်ပြချက်အရ နိုင်ငံတော်၏ တရားဝင်ကုန်သွယ်မှု စာရင်းဇယား၌မပါရှိသော မှောင်ခိုသွင်းကုန်ပမာဏသည် အမေရိကန်ဒေါ်လာ ၅၃၃၉ သန်း ရှိပါသည်။ တစ်ဖန် နိုင်ငံတော်၏တရားဝင်ကုန်သွယ်မှု စာရင်းဇယား၌မပါရှိသော မှောင်ခိုပို့ကုန်ပမာဏသည် အမေရိကန်ဒေါ်လာ ၁၀၉၇၅ သန်းရှိပါသည်။ ကုန်သွယ်စက်မှုအသင်းချုပ် တာဝန်ရှိပုဂ္ဂိုလ်တို့၏ ခန့်မှန်းတွက်ချက်မှုအရ မှောင်ခိုကုန်သွယ်မှုအပေါ် အခွန်အကောက်ဆုံးရှုံးမှု တစ်ခုတည်းအရပင် နိုင်ငံတော်၏ဆုံးရှုံးမှုသည် အမေရိကန်ဒေါ်လာတစ်ဘီလီယံကျော်ခန့်ရှိပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၏ တရားဝင်ကုန်သွယ်မှု လိုငွေပမာဏ အမေရိကန်ဒေါ်လာ ငါးဘီလီယံကျော်နှင့် နှိုင်းယှဉ်ကြည့်ပါက အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ဟူသော ငွေကြေးပမာဏ၏ အတိမ်အနက်ကို မှန်းဆနိုင်မည်ဖြစ်ပါသည်။

အမှန်မှာမူ မှောင်ခိုကုန်သွယ်မှုကြောင့် နိုင်ငံတော်၏ ဆုံးရှုံးမှုသည် အဆိုပါငွေကြေးပမာဏထက် ပိုမိုကျယ်ပြန့် များပြားပါသည်။ မှောင်ခိုကုန်သွယ်မှုကြောင့် တရားဝင် မှန်မှန်ကန်ကန်လုပ်ကိုင်သော လုပ်ငန်းရှင်တို့၏ ဆုံးရှုံးနစ်နာမှုနှင့် အကျင့်ပျက်လာဘ်စားမှုကိစ္စတို့ကို ထည့်သွင်းတွက်ချက်ပါက ပိုမိုကျယ်ပြန့်များပြားသော ဆုံးရှုံးမှုတို့ရှိနေသည်မှာ ပေါ်လွင် ထင်ရှားလာမည် ဖြစ်ပါသည်။ တိုင်းပြည်၌ အမြစ်တွယ်နေသည်မှာ နှစ်ပေါင်းများစွာ ရှိနေပြီဖြစ်သည့် မှောင်ခိုကုန်သွယ်မှုတို့ကို နှိမ်နင်းကိုင်တွယ်ဖြေရှင်းရာ၌ တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ အချိန်ယူကိုင်တွယ်ဖြေရှင်းရမည်ဖြစ်ပါသည်။ ကုန်သွယ်မှုနှင့် ဆက်စပ်လျက်ရှိသည့် နိုင်ငံတော်၏ ယန္တရားအားလုံး ပူးပေါင်းပါဝင်မည့် မဟာဗျူဟာတစ်ရပ်ကို ကုန်သည်စက်မှုအသင်းချုပ်၏ အကြံပြုချက်များအပေါ် အခြေခံ၍ နိုင်ငံတော်ကချမှတ်ပေးပါရန် လေးစားစွာတင်ပြအပ်ပါသည်။ ။

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် ဇူလိုင် ၃၁**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ် ၊မုတ္တမကွေ့၊ မွန်- တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည် လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့နှင့် မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ **(မိုး/ဇလ)**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကိုတတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၈။)**
**၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ (ခ)တွင် ပါရှိသော "အသက် ၇၀ နှစ်ထက် မကြီးသူ"ဆိုသည့်စကားရပ်ကို "အသက် ၇၅ နှစ်ထက် မကြီးသူ"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ASEAN Design Selection ပြပွဲကျင်းပမည်

**နေပြည်တော် ဇူလိုင် ၃၁**

ကုန်ပစ္စည်းထုတ်လုပ်ရာတွင် စိတ်ကူးကောင်းဖြင့် ထုတ်လုပ်ရန်၊ ဒီဇိုင်းလုပ်ငန်းတွင် အရေးပါသည့် တီထွင်မှုများကို နားလည်သဘောပေါက်ပြီး ကုန်ပစ္စည်းအသစ်များ တီထွင်ဖန်တီးနိုင်စေရန်နှင့် သုံးစွဲသူ၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ ASEAN Design Selection ပြပွဲကို ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ Roppongi Hill Mid Town ခန်းမ၌ လာမည့် နိုဝင်ဘာလတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် advertising & marketing architecture, crafts, graphic & Fashion Design, Film & Photography, IT & Software, and visual arts အစရှိသည့် ကဏ္ဍပေါင်းစုံမှ ထုတ်လုပ်ထားသည့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ ပါဝင်ကြောင်း သိရသည်။

အဆိုပါပြပွဲကို အာဆီယံ - ဂျပန်စင်တာနှင့် Japan Institute of Design Promotion (JDP) တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ Focal အဖြစ် ဆောင်ရွက်မည်ဖြစ်သည်။

သို့ဖြစ်၍ စိတ်ပါဝင်စားသည့် ကုမ္ပဏီလုပ်ငန်းရှင်များသည် မြန်မာ့ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ဖုန်း ၀၁-၂၅၄၀၂၄၊ E-mail itpic. moc@gmail.com သို့ ဆက်သွယ်မေးမြန်းပြီး စာရင်းပေးပို့ အဆိုပြုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်သည့် Mobile Payment စနစ်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၃၁**



မြန်မာ့စီးပွားရေးဘဏ်သည် မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ အင်းဝဘဏ်လီမိတက်၊ Myanmar Mobile Money (MMM) နှင့် အကျိုးတူပူးပေါင်းကာ Mobile Payment ဝန်ဆောင်မှုလုပ်ငန်းကို ချင်းပြည်နယ်မှအပ နေပြည်တော်နှင့် ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြန်မာ့စီးပွားရေးဘဏ်၊ ခရိုင်နှင့် မြို့နယ်ဘဏ်ခွဲ (၂၆၃) ဘဏ်တွင် Cash in ငွေသားလက်ခံပေးခြင်း၊ Cash out ငွေသား ထုတ်ပေးခြင်း၊ Top-up တယ်လီဖုန်းပြောဆိုခ ဖြည့်တင်းပေးခြင်း၊ Pension Payment အငြိမ်းစားလစာထုတ်ပေးခြင်းတို့ကို အေးဂျင့်အဖြစ် ဆောင်ရွက်ပေးလျက်ရှိသည်။

MPT, MECTel Sim Card အသုံးပြုသူ ပြည်သူများနှင့် အငြိမ်းစားများသည် မိုဘိုင်းဖုန်းအသုံးပြု၍ မိုဘိုင်းဝန်ဆောင်မှုစနစ် ချိတ်ဆက်ခြင်းဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ (၂၆၃) ဘဏ်ရှိ Point of Sale (POS) စက်တွင်လည်းကောင်း၊ MMM က ခန့်အပ်ထားသော ပြင်ပအေးဂျင့်များရှိ POS စက်တွင်လည်းကောင်း ထုတ်ယူနိုင်ပြီး ကိုယ်တိုင်အငြိမ်းစားလစာဖြစ်ပါက ခြောက်လတစ်ကြိမ်၊ မိသားစုအငြိမ်းစားလစာဖြစ်ပါက သုံးလတစ်ကြိမ် လူတွေ့စစ်ဆေးခံရန် လိုအပ်ပြီး မိမိတို့၏ မိုဘိုင်းဖုန်းအတွင်းသို့ အငြိမ်းစားလစာထည့်သွင်းပေးရန် Standing Instruction ပေးထားခြင်းဖြင့် ဘဏ်သို့ အကြိမ်ကြိမ်လာရောက်ရန်မလိုဘဲ အငြိမ်းစားဆန္ဒရှိသည့် ငွေပမာဏကို အလီလီထုတ်ယူနိုင်သည့်အပြင် ခရီးသွားနေစဉ်ဖြစ်ပါက မိမိရောက်ရှိရာနေရာဒေသရှိ နီးစပ်ရာ မည်သည့်မြန်မာ့စီးပွားရေးဘဏ်ခွဲ (သို့မဟုတ်) MMM မှ ခန့်အပ်ထားသော ပြင်ပအေးဂျင့်တို့တွင် အလွယ်တကူထုတ်ယူနိုင်မည်ဖြစ်သည်။ **(သတင်းစဉ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၃၁-၇-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၂၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၀/၆၆၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၀/၇၁၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၆၈၅ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၃ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၅၉၇ | ·၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၄ | ·၅ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ | ·၁၅ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၁၈ |
| တရုတ် | တစ်ယွမ် | ၂၀၁ | ·၈၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈ | ·၈၃ |


**မြန်မာ့အလင်း**

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းမျာ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၉/၂၀၁၇**
**၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)**
**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ(က)၊ (ဃ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၉)တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးဆက်အောင် ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ ခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၂၀/၂၀၁၇**
**၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)**
**မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ ပုဒ်မ ၉ ပါပြဋ္ဌာန်းချက်အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးစိုးမင်း | ဒုတိယဥက္ကဋ္ဌ |
| (၂) | ဦးစိုးသိန်း | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဦးဘိုဘိုငယ် | ဒုတိယဥက္ကဋ္ဌ |

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ဂိုဏ်းပေါင်းစုံ သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၃၁**

ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့က ကြီးမှူးကျင်းပသည့် ဂိုဏ်းပေါင်းစုံ သံဃနာယက ဆရာတော်များနှင့် ဝိနည်းဓိုရ်ဆရာတော် စုစုပေါင်း ၃၂၄ ပါးတို့အား ပို့ချသည့် သံဃနာယကသင်တန်းနှင့် ဝိနည်းဓိုရ်သင်တန်း အောင်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ တပ်မတော်ဓမ္မာရုံ၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားတွက် နိုင်ငံတော် သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဥတ္တမဉာဏာဘိဝံသက ငါးပါးသီလချီးမြှင့်တော်မူသည်။

ထို့နောက် နိုင်ငံတော်သံဃနာယကအဖွဲ့ ဆရာတော်များနှင့် ရန်ကုန်တိုင်းဒေသကြီး တိုင်းသံဃနာယကအဖွဲ့ ဆရာတော်များက သင်တန်းဆင်း ဆရာတော်များအား သင်တန်းဆင်းလက်မှတ်များ ဆက်ကပ်ပြီး ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူး ဦးစိန်မော်က သင်တန်းဆင်း လူပုဂ္ဂိုလ်များအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကာ အလှူရှင်များက အလှူငွေများ လှူဒါန်းကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မူလ ဆယ်တောင်ပြည့်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုဋ္ဋိဗလက သင်တန်းဆင်း ဩဝါဒကထာနှင့် ရေစက်ချ အနုမောဒနာတရား ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်သံဃနာယကအဖွဲ့ ဆရာတော်များ၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းသံဃနာယကအဖွဲ့ ဆရာတော်များနှင့် သင်တန်းဆင်း ဆရာတော်များအား အလှူရှင်များက ဆွမ်းဆန်စိမ်း လောင်းလှူခဲ့ကြသည်။ **(သတင်းစဉ်)**

# ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်းဆိုင်ရာ ညွှန်းကိန်းများတိုးတက်ရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် ဇူလိုင် ၃၁

**ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်းဆိုင်ရာ ညွှန်းကိန်းများတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်း ညွှန်းကိန်းဆိုင်ရာ လုပ်ငန်းများဖြစ်သော သက်သေခံမြေပုံ မြေရာဇဝင်ရေးကူးခြင်း၊ ပိုင်ဆိုင်မှုတန်ဖိုးဖြတ်ခြင်း၊ တံဆိပ်ခေါင်းခွန်ပေးဆောင်စေခြင်း၊ စာချုပ်စာတမ်းမှတ်ပုံတင်ခြင်း၊ အမည်ပြောင်း လျှောက်ထားခြင်းအတွက် ကန့်ကွက်ရန်ရှိ/မရှိ သတင်းစာတွင် ကြော်ငြာထုတ်ဆင့်ခြင်း၊ ပိုင်ဆိုင်သူအမည် လွှဲပြောင်းပေးခြင်းတို့ကို အဆင့်အလိုက်၊ အပိုင်းလိုက် တာဝန်ယူ၍ ဌာနအချင်းချင်း အပြန်အလှန်ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် လုပ်ငန်းအဆင့်တိုင်း၏ အခြေအနေများကို ပြည်သူများ ထင်သာမြင်သာသိရှိအောင် ချပြဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

အစည်းအဝေးတွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှ Doing Business Report(2017) Registering Property Indicator သတ်မှတ်ချက်များနှင့် လက်ရှိဆောင်ရွက်နေမှုအခြေအနေများကို ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက ရှင်းလင်းတင်ပြသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု ဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြရာ ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်း ညွှန်းကိန်း(Registering Property Indicator) အထောက်အကူပြုအဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးကြသည်။

ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်သော Doing Business အစီရင်ခံစာတွင် ပါဝင်သည့် ညွှန်းကိန်း ၁၀ ခုအတွက် မြန်မာနိုင်ငံ၏အဆင့်တိုးတက်မှုရှိစေရေး ဆောင်ရွက်နိုင်စေရန်၊ ညွှန်းကိန်းအလိုက် တာဝန်ခံဝန်ကြီးဌာနများ သတ်မှတ်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်း ညွှန်းကိန်း (Registering Property Indicator) အတွက် တာဝန်ခံဝန်ကြီးဌာနအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

❀ *ရှေ့ဖုံးမှ*

ဦးစားပေးကဏ္ဍ (၄)ရပ်အဖြစ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကဏ္ဍ (Ceasefire Sector)၊ စေ့စပ်ညှိနှိုင်းရေးနှင့် တွေ့ဆုံဆွေးနွေးရေးကဏ္ဍ (Negotiation and Dialogue Sector) ၊ ငြိမ်းချမ်းရေး အထောက်အကူပြု ဖွံ့ဖြိုးရေးကဏ္ဍ (Peace Supporting Development Sector)နှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များကဏ္ဍ (NRPC Sector) တို့ကို သတ်မှတ်ကြောင်း သဘောတူဆုံးဖြတ်ခဲ့သည်။

ယင်းဦးစားပေးကဏ္ဍကြီး (၄)ရပ်တွင် ပါဝင်သော ငြိမ်းချမ်းရေးအထောက်အကူပြု ဖွံ့ဖြိုးရေးကဏ္ဍ (Peace Supporting Development Sector) ကို လက်တွေ့အကောင်အထည်ဖော်ရန် ရည်ရွယ်၍ ပူးတွဲကွင်းဆင်းလေ့လာရေးခရီးစဉ်တစ်ရပ်ကို ယနေ့ သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ နှစ်ဖက်ကိုယ်စားလှယ်များပါဝင်သော ပူးတွဲကွင်းဆင်းလေ့လာရေးအဖွဲ့သည် မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် အင်းကွေးကျေးရွာသို့ သွားရောက်ခဲ့ပြီး ကျေးရွာပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံစဉ် ပူးတွဲကွင်းဆင်းလေ့လာရေးအဖွဲ့က ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဒွန်တွဲဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊ ဒေသခံများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ရည်ရွယ်၍ နှစ်ဖက်ပူးတွဲကာ ယခုကဲ့သို့ ကွင်းဆင်းလေ့လာမှု ပြုလုပ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ကျေးရွာနေပြည်သူများက ရာသီမရွေး သွားလာနိုင်သောလမ်း၊ လျှပ်စစ်ဓာတ်အား၊ နေရပ်စွန့်ခွာ တိမ်းရှောင်နေရသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရေး အပါအဝင် ကျေးရွာ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များကို ထုတ်ဖော်ပြောကြားခဲ့ကြသည်။ ခရီးစဉ်ရလဒ်အဖြစ် ကျေးရွာ၏ ပကတိလိုအပ်ချက်များကို အခြေခံ၍ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပူးတွဲကွင်းဆင်းလေ့လာရေးအဖွဲ့က ကတိပြုပြောကြားခဲ့သည်။



နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ နှစ်ဖက်ကိုယ်စားလှယ်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်



နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ နှစ်ဖက်ကိုယ်စားလှယ်များ သထုံမြို့နယ် အင်းကွေးကျေးရွာ၌ ဒေသခံများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်

ပူးတွဲကွင်းဆင်း လေ့လာရေးအဖွဲ့တွင် နိုင်ငံတော်အစိုးရ ကိုယ်စားလှယ်များအဖြစ် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒေါက်တာဝင်းမြတ်အေး၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ ငြိမ်းချမ်းရေးကော်မရှင် အဖွဲ့ဝင် ဒေါက်တာအောင်ထွန်းသက်၊ Development Assistance Coordination Unit မှ ဦးဆက်အောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ ပါဝင်ပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအဖြစ် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) လက်မှတ်ရေးထိုးထားသည့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO)ဥက္ကဋ္ဌ ဦးခွန်မြင့်ထွန်းနှင့် ကိုယ်စားလှယ်များ ပါဝင်ကြသည်။

နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ နှစ်ဖက်ကိုယ်စားလှယ်များ ပါဝင်သော ပူးတွဲကွင်းဆင်းလေ့လာရေးအဖွဲ့များ အနေဖြင့် အခြားသောပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနယ်မြေများသို့ အလားတူခရီးစဉ်များ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီး၌ လမ်းတံတားနှင့် လျှပ်စစ်စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်



**နေပြည်တော် ဇူလိုင် ၃၁**

ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်တို့သည် ဇူလိုင် ၃၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လမ်းတံတားဖွံ့ဖြိုးတိုးတက်ရေးနှင့် လျှပ်စစ်စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နံနက်ပိုင်းတွင် သန်လျင်တံတားအမှတ်(၁)သို့ ရောက်ရှိပြီး ရန်ကုန်ဘက်ခြမ်း တံတားအဝင်အထွက်နေရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေး ပလက်ဖောင်းအသစ်တည်ဆောက်ခြင်း၊ မြေယာရှင်းပန်းခြံပြုလုပ်ရန်နှင့် တံတားကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များအား မှာကြားသည်။

ထို့နောက် သီလဝါ Puma Energy Asia Sun စက်သုံးဆီဖြန့်ဖြူးရေးရုံသို့ ရောက်ရှိပြီး Myanmar Petrol-teum Trade Association အမှုဆောင်အဖွဲ့များနှင့် တွေ့ဆုံ၍ ပြည်သူများ၏ အဓိကလိုအပ်ချက်ဖြစ်သော လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ စက်သုံးဆီ အရည်အသွေးပြည့်မီရေးနှင့် ဈေးနှုန်းသင့်တင့်မျှတစေရေး၊ ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးသည်။

ဆက်လက်၍ သီလဝါဆိပ်ကမ်းတွင် သင်္ဘောပေါ်မှ စက်သုံးဆီများကို သိုလှောင်ကန်ကြီးများသို့ သယ်ချမှု၊ မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြမှု၊ GEO-CHEM ဓာတ်ခွဲခန်းတွင် စက်သုံးဆီအရည်အသွေးပြည့်မီရေး ဓာတ်ခွဲစမ်းသပ်မှုတို့ကို စစ်ဆေးသည်။

ထို့နောက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ သီလဝါသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး ဓာတ်အားပေးစက်ရုံ Control Room မှ တစ်ဆင့် ဓာတ်အားစနစ်အတွင်းသို့ ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ ဓာတ်အားထုတ်လုပ်နေမှု ဓာတ်အားခွဲရုံသစ် တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ကမာနတ်-သန်လျင်ဓာတ်အားလိုင်းမှ ၂၃၀ ကေဗွီ သီလဝါဓာတ်အားပေးစက်ရုံသို့ အဝင်အထွက်ပြုလုပ်မည့် ဓာတ်အားတိုင် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၁) ရေနံချက်စက်ရုံ သန်လျင်သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ စက်ရုံမှူးက စက်ရုံ၏သမိုင်းကြောင်း၊ ဖြစ်စဉ်အခြေအနေ၊ စက်ရုံ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စက်ရုံ၏ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းရုံး အစည်းအဝေးခန်းမဆောင်၌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ရန်ကုန်မြို့လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် များနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေး လုပ်ငန်းကော်မတီစည်းဝေး



နေပြည်တော် ဇူလိုင် ၃၁

**ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကားပြောကြားသည်။** (ယာပုံ)

ဒုတိယဝန်ကြီးက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသာမက ပြည်သူလူထု အကျိုးစီးပွားတိုးတက်ရေးအတွက် အလွန်အရေးပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကကဏ္ဍကို ဝန်ဆောင်မှုပေးရာတွင် ဒေသတွင်းနိုင်ငံများ လုပ်ဆောင်ပေးနေသည့် အောင်မြင်သော အလေ့အထများကို လေ့လာပြီး မိမိတို့သက်ဆိုင်ရာဌာနများအနေဖြင့် ပြုပြင်ပြောင်းလဲသင့်သည့် ကိစ္စရပ်များအား မိမိတို့ဆောင်ရွက်ပေးနိုင်သည့် ဘောင်အတွင်းမှ ရဲရဲဝံ့ဝံ့နှင့် ဖြေလျှော့ဆောင်ရွက်ပေးပြီး ပြုပြင်လုပ်ဆောင်သွားရမည် ဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီအနေဖြင့် အကြံပြုတင်ပြချက်များအပေါ် မြန်မြန်ဆန်ဆန် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတိုင်းတွင် အခက်အခဲပြဿနာများရှိမည်ဖြစ်သော်လည်း ဖြေရှင်းကျော်လွှားနိုင်ရန် ကြိုးစားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က လက်ရှိကုန်သွယ်မှုအခြေအနေ၊ ပဲမျိုးစုံနှစ်အလိုက် ပြည်ပသို့တင်ပို့နိုင်မှု၊ ဈေးနှုန်းတို့နှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးသည်။

ယင်းနောက် မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း၊ ရန်ကုန်တိုင်းဒေသကြီး ကုန်စည်ဒိုင်များမှ တာဝန်ရှိသူများက လုပ်ငန်းရှင်များတင်ပြခဲ့သည့် မေးမြန်းဆွေးနွေးချက်များအပေါ် ထပ်မံဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးတင်ပြကြပြီး ဆွေးနွေးတင်ပြချက်များအပေါ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သားငါးကဏ္ဍဖွံ့ဖြိုးရေးအတွက် မောင်တောဒေသတွင် ရေချိုငါးမွေးမြူရေးကန် ၈၀ ကျော် တူးဖော်မည်

**မောင်တော ဇူလိုင် ၃၁**

မောင်တောဒေသ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မောင်တောခရိုင်တွင် တိုင်းရင်းသားကျေးရွာ ၉၅ ရွာရှိသည့်အနက် တောင်ပေါ်ဒေသတွင် တည်ရှိသည့် ကျေးရွာ ၁၃ ရွာမှအပ ကျန်ရှိသည့် ကျေးရွာ ၈၂ ရွာတွင် ရေချိုငါးမွေးမြူရေးကန် တစ်ကန်စီကို ပြည်နယ်အစိုးရရန်ပုံငွေ ရရှိမှုအပေါ် မူတည်၍ တူးဖော်ပေးသွားမည်ဖြစ်ကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ သိရှိရသည်။

"မောင်တောဒေသ ဖွံ့ဖြိုးရေးအတွက် အထူးအစီအစဉ်အနေနဲ့ ရခိုင်ပြည်နယ် အစိုးရရန်ပုံငွေနဲ့ အခုလောလောဆယ် မောင်တောမြို့နယ်ထဲက ခရေမြိုင်၊ မောရဝတီ၊ ရွှေဇဟို၊ ဖားဝပ်ချောင်း၊ အောင်ဇေယျ တိုင်းရင်းသားကျေးရွာတွေမှာ ရေချိုငါးမွေးမြူရေးကန် ငါးကန် တူးဖော်ပေးထားပြီး ခရိုင်ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ နည်းပညာ၊ ငါးသားပေါက်တွေ ပံ့ပိုးပေးခဲ့ပါတယ်"ဟု ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်ထွန်းက ပြောကြားသည်။




မောရဝတီ ကျေးရွာတွင် တူးဖော်ထားသည့် ငါးမွေးမြူရေးကန်

ယခု တူးဖော်ပေးထားသည့် ငါးမွေးမြူရေးကန်တစ်ကန်လျှင် အကြမ်းအားဖြင့် ငွေကျပ် သိန်း ၆၀ ကုန်ကျကြောင်း၊ ဤဒေသတွင် လူဦးရေနှင့် ဈေးကွက်တည်ရှိသည့်အတွက် နောက်ပိုင်းတွင် ပုဂ္ဂလိကတစ်ပိုင်တစ်နိုင် ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မောင်တောဒေသတွင် ယခင်က ရေချိုငါးမွေးမြူမှု အလွန်နည်းပါးခဲ့ပြီး နတ်မြစ်ကမ်းဘေးတွင် ရေငန်ပုဇွန်မွေးမြူမှုကိုသာ အဓိကထား လုပ်ကိုင်ခဲ့သည်။ ရေငန်ပုစွန်မွေးမြူကေ ၁၅၃၀၀ ကျော်ရှိသည်။ မွေးမြူရေးနည်းစနစ်မှာလည်း သဘာဝနည်းသာ ဖြစ်သည်။ ပင်လယ်ဒီရေနှင့်အတူ ပါလာသည့် ပုစွန်သားပေါက်များကို ကန်လုပ်၍ မွေးမြူခြင်းဖြစ်ပြီး အစာကျွေးခြင်း မရှိပေ။ ရေချိုငါးသားပေါက်ထုတ်ပေးမည့် စခန်းလည်း မရှိခဲ့ပေ။ ယခုအခါ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ရေချိုငါးမွေးမြူရေးအတွက် ငါးသားပေါက်စခန်းများဖွင့်လှစ်ပြီး ငါးသားပေါက်များနှင့် နည်းပညာများကို ပံ့ပိုးကူညီပေးလျက်ရှိသည်။

"မောင်တောဒေသဟာ တခြားဒေသတွေထက် ပုစွန်ပိုပေါပါတယ်။ ကျွန်တော့်အမြင်ပြောရရင် မောင်တောဒေသဟာ ဘင်္ဂလားပင်လယ်အော်၊ ရခိုင်ကမ်းရိုးတန်းနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံနယ်စပ် တည်ရှိနေတာဖြစ်သလို ပုစွန်ဆိုတာက ပင်လယ်မှာပဲ သားပေါက်လို့ ရတယ်၊ အဲ့ဒီတော့ ပင်လယ်မှာရှိတဲ့ ပုစွန်သားပေါက်တွေဟာ အနောက်တောင်မုတ်သုံလေနဲ့ ရေစီး၊ လေစီးအတိုင်း ပုတ်တင်လိုက်တဲ့အခါ နတ်မြစ်ထဲကို အစုလိုက်အပြုံလိုက် ဝင်ရောက်တဲ့သဘော ရှိပါတယ်။ ဒါကြောင့် ဒီမှာရှိတဲ့ ပုစွန်ကန်တွေဟာ အထွက်နှုန်း ဘယ်တော့မှ ကျလေ့မရှိပါဘူး"ဟု ဦးတင်ထွန်းက ပြောကြားသည်။



ဦးတင်ထွန်း

ပြီးခဲ့သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မောင်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေထွက်ပစ္စည်းတန်ချိန် ၃၉၂၂ ဒသမ ၀၃၁ တန် တင်ပို့နိုင်ပြီး ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၄၃၀၄၁၂၃ ဒသမ ၉၆ ဒေါ်လာ ရရှိခဲ့သည်။ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဧပြီလမှ ဇူလိုင်လအထိ ရေထွက်ပစ္စည်းတန်ချိန် ၁၄၇၃ ဒသမ ၃၇၆ တန် တင်ပို့နိုင်ပြီး ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၄၃၇၉၃၄ ဒသမ ၉၄ ရှိကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာနရုံးမှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အေဝမ်းစိုး၊ မျိုးသူဟိန်း**

# အာဆီယံရွှေရတုအထိမ်းအမှတ်အစီအစဉ်များ ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၃၁**

အာဆီယံ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် ရွှေရတုအထိမ်းအမှတ်ပြခန်းနှင့် မြန်မာစာရေးဆရာများ၏ လက်ရေးမူပြခန်းဖွင့်ပွဲ၊ “စာကြည့်တိုက်၊ ယဉ်ကျေးမှု၊ လူမှုဘဝနှင့် ရွှေရတုအာဆီယံ” စာတမ်းဖတ်ပွဲ၊ “ကာတွန်းအဖော် စာဖတ်ပျော်” ကလေးစာကြည့်တိုက်အစီအစဉ်များကို ဩဂုတ် ၁ ရက်မှ ၃ ရက်အထိ အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ၌ ကျင်းပသွားမည်ဖြစ်ရာ စိတ်ဝင်စားသူများ ပါဝင်တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




*❋ ကျောဖုံးမှ*

ယခုပြန်လည်ဖွဲ့စည်းလိုက်သည့် မြန်မာ ယူ-၁၈ အသင်းတွင် အုပ်ချုပ်သူ-ဦးမိုးဝေအောင်၊ နည်းပြချုပ်-ဘန်လာဘီ(ပြင်သစ်)၊ လက်ထောက်နည်းပြ-ဦးခင်မောင်ထွေး၊ ဂိုးနည်းပြ-ဦးမြတ်ကိုမင်း၊ ကစားသမားများအဖြစ် ဂိုးသမား- ထွန်းနန္ဒာဦး (မြဝတီ)၊ ထက်ဝေလျှံစိုး၊ အောင်မြင့်မြတ်(မြန်မာဘောလုံးအကယ်ဒမီ)၊ နောက်တန်း-စည်သူမိုးခန့်၊ သက်ပိုင်ထွေး၊ အောင်ဝဏ္ဏစိုး၊ သူရစံ၊ ကျော်ဖြိုးဝေ(မြန်မာဘောလုံးအကယ်ဒမီ)၊ စိုးမိုးကျော်၊ သန်းထိုက်ဇင်(အား/ကာ သိပ္ပံ)၊ နိုင်ကိုကို(ရန်ကုန်)၊ ပြည့်ဖြိုးမောင်(မကွေး)၊ အလယ်တန်း-မြတ်ကောင်းခန့်၊ သက်ပိုင်ထူး၊ အောင်မိုးသူ(မြန်မာဘောလုံးအကယ်ဒမီ)၊ လွင်မိုးအောင်၊ ဝေလင်းအောင်(အား/ကာ သိပ္ပံ)၊ ဝဏ္ဏထွန်း(မကွေး)၊ အံ့မော်ဦး(ရတနာပုံ)၊ မင်းထူးအိမ်လင်း(တက္ကသိုလ်)၊ ရှေ့တန်း-ဝင်းနိုင်ထွန်း၊ ဟိန်းထက်အောင်၊ ပြည့်စုံနိုင်၊ ထက်ဖြိုးဝေ(မြန်မာဘောလုံးအကယ်ဒမီ)၊ ဝေယံဦး(မန္တလေး)နှင့် ခင်ကျော်ဝင်း (အား/ကာသိပ္ပံ)တို့ ပါဝင်ကြသည်။

# ၂၀၁၇ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန် ကြေညာချက်

**နေပြည်တော် ဇူလိုင် ၃၁**

၂၀၁၇ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားနိုင်ရန်အတွက် မိမိတို့ စာမေးပွဲဖြေဆိုခဲ့သော စာစစ်ဌာနကြီးကြပ်ရေးမှူးများ (အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ)ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ် ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရမည့် ပုံစံစာအိတ်ကို ဩဂုတ် ၈ ရက် (အင်္ဂါနေ့)မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန် ဖြစ်ပါသည်။

အဆိုပါ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်ကို ဩဂုတ် ၉ ရက်မှ ၂၅ ရက်အထိ (သတ်မှတ်ရက်အတွင်း)စနေနေ့၊ တနင်္ဂနွေနေ့ ရုံးပိတ်ရက်များအပါအဝင်(ပိတ်ရက်မရှိ)အောက်ပါတက္ကသိုလ်၊ ကောလိပ်များတွင် လျှောက်ထားနိုင်ပါသည်-

| | | | |
|---|---|---|---|
| (၁) | မြစ်ကြီးနားတက္ကသိုလ် | (၁၀) | မန္တလေးတက္ကသိုလ် |
| (၂) | လွိုင်ကော်တက္ကသိုလ် | (၁၁) | မော်လမြိုင်တက္ကသိုလ် |
| (၃) | ဘားအံတက္ကသိုလ် | (၁၂) | စစ်တွေတက္ကသိုလ် |
| (၄) | ဟားခါးကောလိပ် | (၁၃) | ရန်ကုန်တက္ကသိုလ် |
| (၅) | မုံရွာတက္ကသိုလ် | (၁၄) | တောင်ကြီးတက္ကသိုလ် |
| (၆) | ထားဝယ်တက္ကသိုလ် | (၁၅) | လားရှိုးတက္ကသိုလ် |
| (၇) | တောင်ငူတက္ကသိုလ် | (၁၆) | ကျိုင်းတုံတက္ကသိုလ် |
| (၈) | ပဲခူးတက္ကသိုလ် | (၁၇) | ပုသိမ်တက္ကသိုလ် |
| (၉) | မကွေးတက္ကသိုလ် | | |

သတ်မှတ်ရက်ကျော်လွန်မှ လျှောက်ထားသူများသည် အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားရမည်။

အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ဖုန်း-၅၃၇၆၇၇ နှင့် ၅၂၅၆၁၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန**

*❋ ကျောဖုံးမှ*

အတည်ပြုလူနာ ၁၁ ဦး တွေ့ရှိခဲ့ကြောင်း။

ဇူလိုင် ၃၀ ရက် မွန်းလွဲ ၂ နာရီမှ ဇူလိုင် ၃၁ ရက် မွန်းလွဲ ၂ နာရီအထိ သတင်းရရှိသော အချက်အလက်များအား အတည်ပြုချက်အရ Seasonal Influenza A(H1N1) pdm 09 – Positive ဆေးကုသမှုခံယူနေသော လူနာများအနက် ရန်ကင်းကလေးဆေးရုံ၌ ဇူလိုင် ၂၈ ရက်တွင် တက်ရောက်နေသောလူနာတစ်ဦးနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆေးရုံကြီး (ဝေဘာဂီ)သို့ လွှဲပြောင်းကုသမှုပေးခဲ့သော လူနာတစ်ဦး၊ စုစုပေါင်းလူနာတစ်ဦး ထပ်မံသေဆုံးခဲ့ကြကြောင်း။

**တိကျသည့်အစီအမံများ ချမှတ်**

ယနေ့ နံနက် ၉ နာရီတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးဆောင်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်၌ ကျင်းပရာ အစည်းအဝေးမှ H1N1 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအတွက် လိုအပ်မည့်ဆေးနှင့် ဆေးပစ္စည်းများ၊ ရောဂါကာကွယ်ရေးပစ္စည်းများ၊ လိုအပ်သည့်နေရာများသို့ အချိန်မီဖြန့်ဖြူးနိုင်ရေး၊ ပြည်သူလူထုအတွင်း ရောဂါပျံ့နှံ့မှုထိန်းချုပ်ရေးအတွက် ကျန်းမာရေး ပညာပေးဗီဒီယိုများဖြန့်ဝေနိုင်ရေး၊ ဆေးရုံများမှ သတင်းပေးပို့မှု မြန်ဆန်သွက်လက်ရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များ ချမှတ်ရေး၊ ရောဂါကုသမှုနှင့် ဆေးရုံဆင်းမှုတို့အတွက် တိကျသည့်အစီအမံများ ချမှတ်ရေးတို့ကို ဆွေးနွေးအကောင်အထည်ဖော်ခဲ့ကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၌လည်း ဝန်ကြီးချုပ်များ၊ လူမှုရေးဝန်ကြီးများ ဦးဆောင်၍ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများပါဝင်ကာ ရာသီတုပ်ကွေးရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာပေး ဆွေးနွေးပွဲများကို နေ့စဉ်တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ဆေးရုံကြီးများ၌ လူနာများ၊ ကျန်းမာရေးဝန်ထမ်းများအားလည်းကောင်း၊ ပညာရေး ဝန်ထမ်းများကလည်း ကျောင်းများ၌ ကျောင်းသားများအားလည်းကောင်း၊ လူမှုရေးအသင်းအဖွဲ့များကလည်း ပြည်သူလူထုအားလည်းကောင်း ရာသီတုပ်ကွေးရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းလုပ်ငန်းများအား အရှိန်တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်း။

**လုပ်ငန်းစဉ်များချမှတ်**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲကလည်း တစ်နိုင်ငံလုံးရှိ ဆေးရုံကြီးများ၌ ရာသီတုပ်ကွေးရောဂါသံသယဖြင့် ၂၀၁၇ ခုနှစ် ဇွန် ၁ ရက်မှ ယနေ့အထိ ဆေးရုံတက်ရောက်သူများ စာရင်းအတိအကျကို စုဆောင်းလျက်ရှိပြီး ပြည်သူ့ကျန်းမာရေးဆိုင်ရာရှုထောင့်မှ သုံးသပ်လျက်ရှိကာ ယခုဖြစ်ပေါ်လျက်ရှိသော ရာသီတုပ်ကွေးရောဂါ၏ အတိမ်အနက်နှင့် ရှေးအလားအလာကို ခန့်မှန်း၍ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ရောဂါကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်များကို အရေးတယူလိုက်နာ ဆောင်ရွက်သွားပါက ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1) pdm 09) ဖြစ်ပွားမှု လျော့နည်းကျဆင်းသွားမည်ဖြစ်ကြောင်း၊ ရာသီတုပ်ကွေးဆန်သော လက္ခဏာများ၊ ပြင်းထန်ရာသီတုပ်ကွေးရောဂါလက္ခဏာများ ဖြစ်ပွားသည်ဟု ထင်မှတ်ပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ ချက်ချင်းသတင်းပေးပို့ ဆေးကုသမှုခံယူပါက အသက်အန္တရာယ်ဆုံးရှုံးရမှုများမှ ထိရောက်စွာ ကာကွယ်နိုင်မည်ဖြစ်ကြောင်း။

**အချိန်နှင့်တစ်ပြေးညီ**

ရောဂါဖြစ်ပွားမှုအခြေအနေ၊ ရောဂါကာကွယ်တားဆီးရေး နည်းလမ်းများနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ၊ Myanmar CDC Facebook စာမျက်နှာနှင့် နေ့စဉ်ထုတ်သတင်းစာများအပြင် ပြည်သူလူထုအတွင်းကျယ်ပြန့်စွာသိရှိနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ဆက်လက် သတင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ **(သတင်းစဉ်)**

*❋ ကျောဖုံးမှ*

ဆောက်လုပ်ထားသည့် တဲများ၊ တဲဆောက်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့် လူ့အသုံးအဆောင်ပစ္စည်းများကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

တွေ့ရှိသည့်ပစ္စည်းများမှာ မိုးကာလိပ်အစိမ်း အသစ်တစ်လိပ်၊ အလျား ၁၂ ပေ၊ အနံ ခြောက်ပေရှိ မိုးကာစရောင်စုံ ၁၂ ထည်၊ ပေ ၁၀၀ ရှိ နိုင်လွန်ကြိုးတစ်ခွေ၊ ပေါက်ပြား လေးလက်၊ ဆန် ငါးအိတ်၊ ဆီ ခုနစ်ပိဿာ၊ ငါးနီတူခြောက်တစ်ပိဿာပါ အထုပ် ငါးထုပ်၊ ငရုတ်သီးမှုန့် တစ်ပိဿာထုပ်တစ်ထုပ်၊ ရွှေကြက်တံဆိပ်ဟင်းခတ်အမွှေး ခြောက်ဘူး၊ ကွမ်းသီး သုံးပိဿာ၊ ကော်ဖီမစ်ပေါင်ထုပ် ၁၈ ထုပ်၊ WFP တံဆိပ်ပါ Hight Energy Biscuits 75 g အထုပ် ၁၀၀ ပါ တစ်ဖာ၊ စတီးထမင်းစားပန်းကန် ၁၅ ချပ်၊ ကြွေရည်သုတ်ထမင်းစား ပန်းကန် ၁၀ ချပ်၊ စတီးဇလုံအသေးနှစ်လုံးနှင့် ခြုံစောင်လေးထည်တို့ဖြစ်ကြောင်း သိရသည်။

စစ်တွေမြို့ အခြေစိုက်ထားသည့် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) ရုံးခွဲမှ တာဝန်ရှိသူများသည် ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ဘီစကစ်နှင့် အာဟာရမှုန့် စသည့် လူသားချင်းစာနာမှုဆိုင်ရာ ရိက္ခာများကို ရခိုင်ပြည်နယ်အတွင်းရှိ IDP Camps များတွင် ထောက်ပံ့ကူညီပေးလျက်ရှိရာ မသက်ာဖွယ်တဲများနှင့်အတူ လူ့အသုံးအဆောင်ပစ္စည်းများ၊ အစားအသောက်များ တွေ့ရှိခဲ့မှုနှင့်ပတ်သက်၍ ဖြစ်စဉ်မှန်ပေါ်ပေါက်ရေး ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



သိမ်းဆည်းရမိသည့် ပစ္စည်းများအား တွေ့ရစဉ်

# မရမ်းကုန်းမြို့နယ်၌ ကြက်သေဆုံးမှုဖြစ်ပတ်ဝန်းကျင်၌ ဆေးဖျန်းကာကွယ်မှုပြုလုပ်

**ရန်ကုန် ဇူလိုင် ၃၁**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် အောင်သိဒ္ဓိလမ်း အမှတ်(၉၉)နေ ဒေါ်မော်လီ၏ အိမ်မွေးကြက်တစ်ကောင်၊ ခိုင်ရွှေဝါလမ်း အမှတ်(၉၆)နေ ဦးပေါ်သစ်၏ အိမ်မွေးကြက်တစ်ကောင် ယနေ့ နံနက် ၁၁ နာရီခန့်က နာ၍ကုပ်နေကြောင်း သတင်းပေးချက်အရ အုပ်ချုပ်ရေးမှူးနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ကြပြီး အင်းစိန်မြို့နယ် တိရစ္ဆာန်ဆေးကုဌာနသို့ ပေးပို့စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ကြက်တစ်ကောင်မှာ မွန်းတည့် ၁၂ နာရီခန့်တွင် သေဆုံးသွားပြီး တိရစ္ဆာန်ဆေးကုဌာနမှ ကြက်ငှက်တုပ်ကွေးရောဂါလက္ခဏာ သံသယရှိကြောင်းနှင့် ဆက်လက်စစ်ဆေးမှုပြုလုပ်နေကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှထွေးထံမှ သိရသည်။

အဆိုပါ ကြက်များမွေးမြူသည့် နေရာဝန်းကျင်အနှံ့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ထုတ်ပေးထားသော ပိုးသတ်ဆေးများကို မြို့နယ်ဒေသန္တရဆေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့်အတူ ကြိုတင်ကာကွယ်မှုအဖြစ် ပိုးသတ်ဆေးများ ပက်ဖျန်းပေးခဲ့ကြကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ပထမဦးဆုံးသော မြန်မာ့ကျောက်မျက်ရတနာနေ့

ရေးသားတင်ပြသူ - မော်စီ၊ ဓာတ်ပုံ - ရွှေကိုလေး

**ပထမဦးဆုံးအကြိမ်အဖြစ် ကျင်းပမည့် မြန်မာ့ကျောက်မျက်ရတနာနေ့နှင့် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံ+၈ ကျောက်မျက်ရတနာ ထိပ်သီးအစည်းအဝေးများကို နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။**

**သဘာဝ သယံဇာတနှင့် တွင်းထွက်များသည် အကန့်အသတ်ရှိသဖြင့် လိုသလောက်ထုတ်ယူပြီး အရိုင်းတုံးများအဖြစ်သာ ရောင်းချနေခြင်းသည် နိုင်ငံနှင့် ပြည်သူများအတွက် များစွာသော ဆုံးရှုံးနစ်နာမှုများကို ဖြစ်ပေါ်စေ**

မြန်မာနိုင်ငံမှထွက်ရှိသည့် ကျောက်မျက်ရတနာများကို ဂုဏ်ပြုသည့်အထိမ်းအမှတ်အဖြစ် ကျင်းပမည့် ပထမဦးဆုံးသော **"မြန်မာ့ကျောက်မျက်ရတနာနေ့ အခမ်းအနား"** ကို ဩဂုတ် ၃ ရက်တွင် လည်းကောင်း၊ ၁၀ နှစ် တစ်ကြိမ် အလှည့်ကျ ကျင်းပလျက်ရှိသည့် **"အာဆီယံ+၈ ကျောက်မျက်ရတနာထိပ်သီးအစည်းအဝေး"**ကို ဩဂုတ် ၄ ရက်တွင် လည်းကောင်း နေပြည်တော်၌ ကျင်းပသွားရန် စီစဉ်ထားရှိကြောင်း ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးရုံးမူက သတင်းအဖွဲ့နှင့်တွေ့ဆုံစဉ် ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက "(၅၄) ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲကို ဩဂုတ် ၂ ရက်ကနေ ၁၁ ရက်အထိ ကျင်းပသွားမှာပါ။ ပြပွဲကို ဩဂုတ်လမှာ ရွှေ့ပြောင်းပြီး ကျင်းပရခြင်းအကြောင်းကတော့ ဩဂုတ်လ ၃ ရက်နေ့ကို ကျောက်မျက်ရတနာတွေကို ဂုဏ်ပြုတဲ့အနေနဲ့ **"မြန်မာ့ကျောက်မျက်ရတနာနေ့"**အဖြစ် သတ်မှတ်ပြီး ပထမဦးဆုံးအကြိမ် အခမ်းအနားကျင်းပဖို့ စီစဉ်ထားတဲ့အတွက် ဖြစ်ပါတယ်။

"၁၉၆၄ ခုနှစ်ကစတင်ပြီး ကျောက်မျက်နဲ့ ကျောက်စိမ်းအကြမ်းထည်တွေကို ရောင်းချခဲ့တာဟာ ဒီနှစ်ဆိုရင် ၅၄နှစ်ရှိသွားပါပြီ။ အကြိမ်အားဖြင့်လည်း (၉၁)ကြိမ်ရှိခဲ့ပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ အကြမ်းထည်ပဲ ရောင်းနေတဲ့ဈေးကွက်ဖြစ်နေပါတယ်။ နိုင်ငံတကာကို လေ့လာကြည့်တဲ့အခါ ကျောက်မျက်ရတနာမထွက်တဲ့ နိုင်ငံတွေတောင် ကျောက်မျက်ရတနာတွေကို ဂုဏ်ပြုတဲ့ ကျောက်မျက်ရတနာနေ့ ကျင်းပတာကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ကျောက်မျက်ရတနာဟာ နိုင်ငံတော်အတွက်ရော၊ ပြည်သူအတွက်ပါ အကျိုးအမြတ် မြောက်မြားစွာရရှိခဲ့ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့နိုင်ငံမှာ ကျောက်မျက်ရတနာအသင်းလည်းရှိတဲ့အတွက်ကြောင့် ကျောက်မျက်ရတနာကို ဂုဏ်ပြုတဲ့အနေနဲ့ ဩဂုတ်လ ၃ ရက်နေ့ကို မြန်မာ့ကျောက်မျက်ရတနာနေ့သတ်မှတ်ပြီး အခမ်းအနားကျင်းပခြင်း ဖြစ်ပါတယ်။

"ကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ အကြမ်းထည်ရောင်းချတာကို တဖြည်းဖြည်း လျှော့ချပြီး တန်ဖိုးမြှင့်ကုန်ချောဈေးကွက်ကို တွန်းအားပေးတဲ့အနေနဲ့ ကျင်းပရခြင်းဖြစ်ပါတယ်။ တဖြည်းဖြည်း နိုင်ငံအတွင်းမှာ ကုန်ကြမ်းဈေးကွက်နဲ့ ကုန်ချောဈေးကွက်တွေ ပေါ်ထွန်းလာပြီး ကိုယ့်နိုင်ငံရဲ့ သယံဇာတကို ကိုယ့်နိုင်ငံသားတွေ ခံစားနိုင်ဖို့အတွက် ဖြစ်ပါတယ်"ဟု ပြောကြားသည်။



ဦးရုံးမူ (ဥက္ကဋ္ဌ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း )

ဆက်လက်၍ အသင်းဥက္ကဋ္ဌက "အခုလက်ရှိအခြေအနေမှာ ကိုယ့်နိုင်ငံရဲ့ သယံဇာတဟာ သူများနိုင်ငံရဲ့ သယံဇာတ ဖြစ်နေပါတယ်။ ဒါကြောင့် အသင်းက အထူးရက်မြတ် မြန်မာ့ကျောက်မျက်ရတနာနေ့ သတ်မှတ်ပြီး နောင်အနာဂတ်မှာ လူသားအရင်းအမြစ်ဖြစ်တဲ့ ဉာဏ်အား၊ စွမ်းအားတွေကို အသုံးပြုပြီး ကိုယ့်နိုင်ငံရဲ့ ကျောက်မျက်ရတနာတွေ ကိုယ့်နိုင်ငံမှာပဲ ဈေးကွက်ရှိရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျောက်မျက်ရတနာနေ့သတ်မှတ်ပြီး ကျင်းပရခြင်းဖြစ်ပါတယ်။

"ကျွန်တော်တို့မှာ စိန်ခေါ်မှုတွေ အများကြီးပါ။ ကျောက်စိမ်းဆိုရင် တကယ့်ဈေးကွက်ဖြစ်တဲ့ ကုန်ချောဈေးကွက်က တရုတ်နိုင်ငံမှာ ရှိနေပါတယ်။ ကျောက်မျက်ဆိုရင်လည်း ထိုင်းနိုင်ငံမှာရှိနေတာကို လေ့လာတွေ့ရှိရပါတယ်။ နိုင်ငံတကာပြပွဲမှာ သွားရောက်လေ့လာတဲ့အခါမှာလည်း ၆၀ ရာခိုင်နှုန်းကျော်လောက်ဟာ ကျွန်တော်တို့နိုင်ငံရဲ့ ကျောက်မျက်ရတနာတွေ ဖြစ်နေပါတယ်။ ကျွန်တော်တို့ရတနာနဲ့ သူ့နိုင်ငံရဲ့ဈေးကွက်ကြီး ဖြစ်နေတယ်။

"ဒါကိုမလိုလားတဲ့အတွက် လုပ်ငန်းရှင်တွေ အတူလက်တွဲပြီး စည်းလုံးညီညွတ်စွာနဲ့ ကိုယ့်နိုင်ငံမှာပဲ ကုန်ချောဈေးကွက်ဖြစ်ထွန်းရေး ဝိုင်းဝန်းကြိုးစားရမယ်။ စာရွက်ပေါ်မှာ ကမ္ပည်းထိုးရုံမဟုတ်ဘဲ ပွဲပြီးမီးသေမဖြစ်ဖို့ ကျောက်မျက်လုပ်ငန်းရှင်တွေအားလုံးအတွက် အရေးကြီးတဲ့ကိစ္စ ဖြစ်ပါတယ်။

"ဒီတစ်ကြိမ်ကျင်းပမယ့် ကျောက်မျက်ရတနာပြပွဲကို ဩဂုတ် ၂ ရက်ကနေ ၁၁ ရက်အထိ ကျင်းပသွားမှာပါ။ ပြပွဲ ပထမနေ့က တတိယနေ့အထိ ကျောက်စိမ်းအတွဲတွေကို လေ့လာကြည့်ရှုပြီး ဩဂုတ် ၄ ရက်မှာ စပြီးရောင်းချပါမယ်။ အရင်တုန်းက ရောင်းချတဲ့အခါ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တွေရှိပါတယ်။ လေ့လာတဲ့အခါ ဈေးပြိုင်စနစ်ကို စိတ်ဝင်စားမှုနည်းလာတာကို တွေ့ရတဲ့အတွက်ကြောင့် ဒီတစ်ပွဲမှာ ဈေးကွက်အခြေအနေရ အားလုံးကို တင်ဒါစနစ်နဲ့ ကျင်းပသွားဖို့ စီစဉ်ထားပါတယ်။

"အရင်တုန်းက ပြည်တွင်း ပြည်ပ ရတနာကုန်သည်တွေဟာ နိုင်ငံခြားငွေနဲ့ပဲ ဝယ်ယူရပါတယ်။ ဒီပွဲမှာတော့ နိုင်ငံတော်ရဲ့ လမ်းညွှန်မှုအရ ပြည်တွင်းလုပ်ငန်းရှင်ဆိုရင် သတ်မှတ်တဲ့ငွေနှုန်းထားအတိုင်း မြန်မာကျပ်ငွေနဲ့ စပေါ်ငွေ ပေးသွင်းခွင့်ရမှာဖြစ်သလို အခြေခံတဲ့ယူရိုပေါ်မှာ မြန်မာကျပ်ငွေနဲ့ပဲ ပေးချေတဲ့စနစ်ကို ပြုပြင်ပြောင်းလဲထားပါတယ်"ဟု ပြောသည်။

နောင်အနာဂတ်တွင် မိမိတို့တွင်ရှိသည့် အမွေအနှစ်ကို ထုတ်ရောင်းသည့် ပုံစံလျှော့ချပြီး နိုင်ငံအတွင်း ကုန်ချောများ ထုတ်လုပ်နိုင်ရေးနှင့် ကျောက်မျက်ဈေးကွက်ပေါ်ထွန်းလာရေးအတွက် လူသားအရင်းအမြစ်ကို အသုံးပြု၍ ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ရန် လိုအပ်လျက်ရှိပြီး ကျောက်မျက်ရတနာနှင့် ကံထူးရှင်ဖြစ်ပြီဆိုပါက နိုင်ငံအတွက် ပြန်ပြီးပေးဆပ်ရမည့် တာဝန်ဝတ္တရားရှိသည်ဟူသည့် အသိစိတ်ဖြင့် ရှေ့သို့ဆက်လက်လျှောက်လှမ်းကြရန်လည်း အထူးလိုအပ်လှကြောင်း ၎င်းကပြောကြားသည်။

ထို့ပြင် "အာဆီယံ+၈ ကျောက်မျက်ရတနာ ထိပ်သီးအစည်းအဝေးကို ဩဂုတ်လ ၄ ရက်နေ့တွင် နေပြည်တော်မှာ ကျင်းပဖို့ရှိပါတယ်။ ဒီပွဲက ၁၀ နှစ်တစ်ကြိမ် အလှည့်ကျ ကျင်းပခွင့်ရှိပါတယ်။ ထူးထူးခြားခြား ဒီနှစ်မှာ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခွင့်ရတဲ့အလှည့်ပါ။ ထိုင်းနဲ့ ဗီယက်နမ်မှာ ကျင်းပတဲ့ပွဲတွေမှာ ကျွန်တော်တို့ သွားလေ့လာတဲ့အခါ နိုင်ငံတကာ ကျောက်မျက်ကုန်သည် ဦးရေ ၈၀၊ ၇၀ ဝန်းကျင်ပဲ တက်ရောက်တာတွေ့ရပါတယ်။ ဒီတစ်ကြိမ် ကျွန်တော်တို့ နိုင်ငံမှာ ကျင်းပတဲ့အခါ အာဆီယံ+၈ မိတ်ဖက်နိုင်ငံတွေဟာ တော်တော်လေးစိတ်ဝင်စားပါတယ်။ ဒီအချိန်ထိ ဦးရေ ၁၀၀ ကျော် စာရင်းပေးပြီးဖြစ်ပါတယ်။ အာဆီယံ+၈ မိတ်ဖက်နိုင်ငံတွေ ပူးပေါင်းဆောင်ရွက်တဲ့ အစည်းအဝေးတွေထဲမှာ ဒီတစ်ကြိမ်ဟာ ဦးရေအများဆုံး တက်ရောက်တဲ့ပွဲလို့ သုံးသပ်လို့ရပါတယ်။

"အာဆီယံ+၈ ကျောက်မျက်ရတနာ ထိပ်သီးအစည်းအဝေးမှာ ကျွန်တော်တို့နိုင်ငံရဲ့ အားသာချက်ကို ချပြမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ကုန်ကြမ်းပြည့်ဝစွာရှိတဲ့ နိုင်ငံဖြစ်ပါတယ်။ ကုန်ကြမ်းပြည့်ဝစွာရှိပေမယ့် ကုန်ချောထုတ်လုပ်တဲ့နေရာမှာ အားနည်းချက်ရှိပါတယ်။ ဒီပွဲမှာ ကျွန်တော်တို့နိုင်ငံရဲ့ အားသာချက်ကိုကြေညာပြီး ပူးပေါင်းလို့ရတဲ့ အခန်းကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုအခန်းကဏ္ဍတွေကို မိတ်ဖက်နိုင်ငံတွေက စိတ်ပါဝင်စားတဲ့ ကုမ္ပဏီတွေနဲ့ ဆွေးနွေးမယ်။ ကုန်ချောဖွံ့ဖြိုးဖို့အတွက် ဦးဆောင်အကောင်အထည်ဖော်သွားဖို့ အဓိကရည်ရွယ် လက်ခံကျင်းပရခြင်းဖြစ်ပါတယ်" ဟု အသင်းဥက္ကဋ္ဌက ပြောကြားသည်။

ထို့ပြင် အသင်းဥက္ကဋ္ဌက "အရင်က တူးဖော်တဲ့နေရာမှာ လုပ်ငန်းရှင်တွေ အတွေ့အကြုံနည်းခဲ့တယ်။ လက်ရှိခေတ်မှာ အရင်တူးဖော်တဲ့နည်းမျိုးမဟုတ်ဘဲ ကမ္ဘာ့စံချိန်စံညွှန်းနဲ့အညီ တူးဖော်ရမှာဖြစ်ပါတယ်။ တူးဖော်တဲ့နေရာမှာလည်း သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်ဖို့၊ သယံဇာတတွေကို အလေအလွင့်မဖြစ်အောင် ထိန်းသိမ်းတူးဖော်ဖို့၊ ထိန်းရောင်းဖို့တွေလိုအပ်ပါတယ်။ သူ့ရဲ့တန်ဖိုးကိုအသုံးချပြီး ကျောက်မျက်ရတနာရဲ့ တန်ဖိုးစစ်စစ်ကိုဖြစ်ပေါ်အောင် ဝိုင်းဝန်းကြိုးစားလုပ်ဆောင်ရမှာဖြစ်ပါတယ်။

"အားနည်းချက်ကို ပြုပြင်ပြီး ခေတ်နဲ့အညီသွားဖို့ အင်မတန်ပဲ လိုအပ်ပါတယ်။ မိဘပေးထားတဲ့အမွေကို ထုတ်ရောင်းတာမျိုးမဖြစ်ဖို့ ကျွန်တော်တို့ ပြင်နေပါတယ်။ ရောင်းသင့် ရောင်းထိုက်တဲ့အမွေကို ရောင်းပြီးတော့ ရတဲ့ငွေကို ရင်းနှီးမြှုပ်နှံမှုအနေနဲ့ စက်ရုံ၊ အလုပ်ရုံတွေတည်ဆောက်ပြီး နိုင်ငံနဲ့ ပြည်သူအတွက် အကျိုးကျေးဇူးပြန်လည်ရရှိမယ့် စက်ရုံမျိုးတွေကို တည်ဆောက်သွားဖို့ လိုပါတယ်"ဟု ပြောကြားသည်။

သဘာဝသယံဇာတနှင့် တွင်းထွက်များသည် အကန့်အသတ်ရှိသဖြင့် လိုသလောက်ထုတ်ယူပြီး အရိုင်းတုံးများအဖြစ်သာ ရောင်းချနေခြင်းသည် နိုင်ငံနှင့် ပြည်သူများအတွက် များစွာသော ဆုံးရှုံးနစ်နာမှုများကို ဖြစ်ပေါ်စေလျက်ရှိသည်။ ယခုကျင်းပမည့် "မြန်မာ့ကျောက်မျက်ရတနာနေ့အခမ်းအနား" နှင့် "အာဆီယံ+၈ ကျောက်မျက်ရတနာ ထိပ်သီးအစည်းအဝေး" များတွင် သဘာဝသယံဇာတများ ပေါကြွယ်လှသည့် မိမိတို့နိုင်ငံ၏ အားနည်းချက်များကို ဖြည့်ဆည်းပေးနိုင်ပြီး အားသာချက်များကို တန်ဖိုးရှိရှိ အသုံးချနိုင်မည့် အခွင့်အလမ်းများ ထွက်ပေါ်လာနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။ ။





ပြပွဲတွင် ရောင်းချမည့် ကျောက်မျက်ရတနာများ

## အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ စိုက်ပျိုးရေးသုတေသနဦးစီးဌာနသို့ လေ့လာရေးလာရောက်

**နေပြည်တော် ဇူလိုင် ၃၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက်မှ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ စင်ကာပူနိုင်ငံများမှ ကိုယ်စားလှယ်များသည် ဇူလိုင်လ စတုတ္ထပတ်က လေ့လာရေးလာရောက်ခဲ့သည်။

အဆိုပါလေ့လာရေး အဖွဲ့များကို စိုက်ပျိုးရေးသုတေသန ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏သမိုင်းကြောင်း၊ သုတေသနပြုဆောင်ရွက်နေသော သီးနှံများနှင့် စိုက်နည်းစနစ်များ၊ သုတေသနရလဒ်များ၊ ထုတ်ဝေပြီး သီးနှံမျိုးများ၊ နိုင်ငံတစ်ဝန်းရှိ စိုက်ပျိုးရေးသုတေသနခြံများ၊ နိုင်ငံတကာနှင့် ဆက်သွယ်၍ သုတေသနလုပ်ငန်းဆောင်ရွက်နေမှုများအစရှိသည့် အကြောင်းအရာများပါဝင်သော မှတ်တမ်းတင်ဗီဒီယိုကိုပြသခဲ့ပြီး မျိုးစေ့ဘဏ်ဌာနစုမှ တာဝန်ရှိသူတစ်ဦးက မျိုးစေ့ဘဏ်ကို ၁၉၉၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံတစ်နံတစ်လျားရှိ ဒေသအလိုက် သီးနှံမျိုးပွားများ၏ ဗီဇမျိုးများမပျောက်ပျက်အောင်နှင့် ထိန်းသိမ်းထားရှိသောမျိုးများနှင့် ၎င်းတို့၏ဗီဇမျိုးများကို သီးနှံမျိုးမွေးမြူရာတွင် ပြန်လည်အသုံးပြုနိုင်ရန် ရည်ရွယ်ချက်ဖြင့် အကျိုးရှိအောင် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မျိုးစေ့ဘဏ် ပြခန်း(၁)ရှိ ခင်းကျင်းပြသထားသည့် စပါး၊ ပြောင်းနှင့် နှံစား၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံသီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံသီးနှံ အစရှိသော သီးနှံသုတေသနပြကွက်များနှင့် သီးနှံစိုက်စနစ်၊ မြေဆီလွှာ အစရှိသော နည်းပညာသုတေသနပြကွက်များကို လည်းကောင်း၊ ပြခန်း (၂)၌ မျိုးစေ့ဘဏ်၏ နှစ်တိုနှစ်ရှည် အအေးခန်းများအတွင်း ထိန်းသိမ်းသိုလှောင်ထားရှိသော သီးနှံမျိုးစေ့များ၊ ရေအသုံးချရေး၊ ပိုးမွှား၊ အပင်ရောဂါ၊ ဇီဝနည်းပညာ အစရှိသော သုတေသနပြကွက်များကိုလည်းကောင်း ကြည့်ရှုလေ့လာခဲ့ကြပြီး သိလိုသည်များ မေးမြန်းလာမှုအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။ ဆက်လက်၍ အပင်ဇီဝနည်းပညာဌာနမှ ဓာတ်ခွဲခန်းသို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**



# ပညာရေးရုပ်မြင်သံကြားလိုင်းဖြစ်ပေါ်လာရေး ဆောင်ရွက်သွားရမည့်လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေး



နေပြည်တော် ဇူလိုင် ၃၁

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၃၆ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ မေးခွန်းခြောက်ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု လက်ခံရရှိကြောင်း အသိပေးတင်ပြခြင်း၊ အဆိုတစ်ခုတင်သွင်းခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။** (ယာပုံ)

အစည်းအဝေးတွင် ပုဇွန်တောင် မဲဆန္ဒနယ်မှ ဦးမြင့်လွင်၏ **အထက်တန်းရှေ့နေ၊ တရားလွှတ်တော်ရှေ့နေ စာမေးပွဲများ ကျင်းပပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်က ဥပဒေဘွဲ့ရတစ်ဦးသည် ၁၉၅၅ ခုနှစ် ရှေ့နေအဖြစ် ဝင်ခွင့်နည်းဥပဒေများနှင့်အညီ အလုပ်သင်ရှေ့နေအဖြစ် တစ်နှစ်သင်ကြားပြီးနောက် အထက်တန်းရှေ့နေအဖြစ် စာရင်းတင်သွင်းပေးရန် လျှောက်ထားနိုင်ပါကြောင်း၊ အထက်တန်းရှေ့နေအဖြစ် သုံးနှစ် လိုက်ပါဆောင်ရွက်ပြီးပါက ၁၉၅၄ ခုနှစ် တရားလွှတ်တော်ရှေ့နေများအဖြစ် ဝင်ခွင့်နည်းဥပဒေများနှင့်အညီ တရားလွှတ်တော်ရှေ့နေအဖြစ် လျှောက်ထားနိုင်ပါကြောင်း၊ ထို့ပြင် ယခုအခါ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ဥပဒေပညာဌာနမှ online ဖြင့် ဖွင့်လှစ်သင်ကြားသော ဘွဲ့လွန်ဥပဒေပညာ ဒီပလိုမာသင်တန်း ( Post Graduate Diploma in law)အောင်လက်မှတ်တင်ပြ၍ အထက်တန်းရှေ့နေ၊ တရားလွှတ်တော်ရှေ့နေအဖြစ် ဝင်ခွင့်လျှောက်ထားနိုင်သော အခွင့်အရေးလည်း ပေးထားပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် အထက်တန်းရှေ့နေ၊ တရားလွှတ်တော်ရှေ့နေ စာမေးပွဲများ ကျင်းပဆောင်ရွက်ပေးရန် လိုအပ်မည် မဟုတ်ပါကြောင်း ဖြေကြားသည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာဦးခင်မောင်မောင်၏ **ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရာတွင် ကိုယ်အင်္ဂါမပြည့်စုံသူများ၏ လျှောက်ထားမှုကို ငြင်းပယ်ခံနေရပါသဖြင့် မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ကျင့်သုံးလျက်ရှိသည့် တည်ဆဲ ၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေနှင့် ၁၉၈၉ ခုနှစ် နည်းဥပဒေများတွင် ကိုယ်အင်္ဂါမပြည့်စုံသူများ၏ ယာဉ်မောင်းလိုင်စင်လျှောက်ထားမှုကို ငြင်းပယ်ရန် ပြဋ္ဌာန်းထားခြင်းမရှိပါကြောင်း၊ ယာဉ်ကိုအန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်မှုရှိ၊ မရှိကို ယာဉ်မောင်းနှင်စေခြင်းဖြင့် ပဏာမစစ်ဆေးပြီး အန္တရာယ်ကင်းစွာ မောင်းနှင်နိုင်ခြင်းကို တာဝန်ယူနိုင်မှုရှိကြောင်း တွေ့ရှိရပါက ယာဉ်မောင်းလိုင်စင်အတွက် ဆက်လက်ဖြေဆိုခြင်းကို မှတ်တမ်းတင်ပြီး ခွင့်ပြုပေးလျက်ရှိပါကြောင်း။

ကိုယ်လက်အင်္ဂါ သာမန်မပြည့်စုံသူများ ယာဉ်မောင်းလိုင်စင်လျှောက်ထားမှုများကို ငြင်းပယ်ခြင်းမရှိပါကြောင်း၊ ပဏာမ မော်တော်ယာဉ်မောင်းနှင်မှုကိုစစ်ဆေးပြီး ယာဉ်ကိုအန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ခြင်းမရှိသည့် အခြေအနေဖြစ်မှသာ ဆက်လက်ဖြေဆိုရန် ငြင်းပယ်ပြီး ယာဉ်ကို အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရန် ဆက်လက်ဖြေဆိုစေပြီး အောင်မြင်ပါက လိုင်စင်ထုတ်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် မိုးညှင်းမဲဆန္ဒနယ်မှ ဒေါ်စန်းစန်းအိ၊ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၊ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီးနှင့် ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်းတို့၏ တရားမဝင်ပစ္စည်းများကို ရှာဖွေဖမ်းဆီးပြီးနောက် စီစဉ်ဆောင်ရွက်မှု၊ မိုဘိုင်းဖုန်းများအသုံးပြု၍ စာတိုစနစ်သုံး ဘေးအန္တရာယ်ကြိုတင်သတိပေးချက် ထုတ်ပြန်ပေးရေး၊ ကလေးမြို့နယ်အတွင်းရှိ ကူးတို့များအား တောင်သူများအား ပြောင်းလဲလုပ်ပိုင်ခွင့်ပေးရေးနှင့် ရွှေကူမြို့နယ် ကုန်းလမ်းပို့ဆောင်ရေးဌာန (ကညန) ရုံးခွဲ (OSS) ဖွင့်ပေးရေးဆိုင်ရာ မေးခွန်းများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးတို့က ဖြေကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော "မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကြမ်း"ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပြီး ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရန် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်က မြို့နယ်တိုင်းတွင် အစိုးရနှင့်အရပ်ဘက် အဖွဲ့အစည်းများ၊ ပြည်သူများ ပူးပေါင်းပါဝင်သော စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ ဖွဲ့စည်းထူထောင်နိုင်ရေးအတွက် လိုအပ်သော ဦးဆောင်လမ်းညွှန် ကူညီပံ့ပိုးမှုများချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပြီး အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို တောင်းခံသည်။

အဆိုတင်သွင်းရာတွင် ဦးမြင့်လွင်က ၂၀၁၄ ခုနှစ်တွင် အေးရှားဖောင်ဒေးရှင်းအဖွဲ့က မြန်မာနိုင်ငံစာကြည့်တိုက်များနှင့်ပတ်သက်သည့် လေ့လာဆန်းစစ်မှုပြုလုပ်ရာတွင် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် စာကြည့်တိုက်စုစုပေါင်း ၅၅၇၅၅ ခုရှိပြီး လှုပ်ရှားတက်ကြွနေသည့် စာကြည့်တိုက်အရေအတွက် ၄၅၆၈ ခု ရှိသည်ကိုတွေ့ရပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရန် ပြည်သူ့လူထုနှင့်အစိုးရ ပူးပေါင်းပါဝင်သည့် စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ ဖွဲ့စည်းရန် လိုအပ်ပါကြောင်း ဆွေးနွေးတင်ပြခဲ့သည်။

ထို့နောက် အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာဦးလှမိုး တင်သွင်းထားသည့် **မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲမှု အထောက်အပံ့ဖြစ်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြှင့်တင်နိုင်စေရန်အတွက် အစိုးရ၏ ပညာရေး ရုပ်မြင်သံကြားလိုင်း (Government Education TV Channel) တစ်လိုင်း သီးခြားထုတ်လွှင့်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဦးမင်းသိန်း၊ ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာဦးမြင့်သိန်း၊ အလုံမဲဆန္ဒနယ်မှ ဦးရဲလွင်၊ ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာ ဦးမင်းသိန်းတို့က ဆွေးနွေးကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးတို့က ပညာရေး ရုပ်မြင်သံကြားလိုင်းဖြစ်ပေါ်လာရေး ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာတွင် လွှတ်တော်က ယင်းအဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

**ကျော်သူထက်၊ မွေးကြူဇင်(သတင်းစဉ်)**

# လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးချက် ပြန်လည်ကြားနာဆောင်ရွက်မည်

**နေပြည်တော် ဇူလိုင် ၃၁**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး၃၅ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**



အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဝေ့တင်း၏ **ပလက်ဝမြို့နယ် ကုန်းတော်အုပ်စုနှင့် ရှင်မဒိန်အုပ်စုအကြား ပြည်သူများ သွားလာမှု လွယ်ကူစေရန်အတွက် ဆိုင်ကယ်လမ်းကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ကုန်းတော်အုပ်စုနှင့် ရှင်မဒိန်အုပ်စုအကြား ဆိုင်ကယ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းသည် မူလ စီမံကိန်းငါးနှစ်တွင် ပါဝင်ခြင်းမရှိသဖြင့် လတ်တလော ဆောင်ရွက်ပေးရန် အစီအစဉ် မရှိပါကြောင်း၊ အဆိုပါ လုပ်ငန်းများသည် ဒေသအတွက် စဉ်ဆက်မပြတ် အကျိုးဖြစ်ထွန်းစေပြီး သက်ဆိုင်ရာမှ စိစစ်တင်ပြမည်ဆိုပါက ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါ်သန်းသန်းအေး၏ **သရက်ခရိုင် မင်းလှမြို့နယ် စမ့်ကြီးရွာ၊ ငလှိုင်ရွာ၊ ငါးဘတ်အိုင်ရွာများမှ ပုသိမ်-မုံရွာလမ်းမကြီးပေါ်သို့ ဆက်သွယ်သွားလာရာတွင် လိုအပ်သော ငါးဘတ်အိုင်ချောင်းကိုဖြတ်သည့် အလျားပေ ၆၀ ငလှိုင်တံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က စမ့်ကြီး - ငလှိုင် - ငါးဘတ်အိုင်လမ်း အရှည် (၄/၂)မိုင် အပေါ်ရှိ ငါးဘတ်အိုင်ချောင်းကူး တံတားတည်ဆောက်ပါက ခန့်မှန်းကုန်ကျငွေကျပ် သန်း ၁၂၀ ကုန်ကျမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် စမ့်ကြီး - ငလှိုင် - ငါးဘတ်အိုင်လမ်းအား ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောလမ်းခင်းရန် လျာထားသည့်အပြင် ငါးဘတ်အိုင်တံတားအား ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်ရန် ထည့်သွင်းလျာထားပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးခွန်သိန်းဖေ၏ **ညောင်ရွှေမြို့နယ်ရှိ လွယ်ခေါ်ကျေးရွာ၊ ကုန်းဆုံကျေးရွာ၊ ကန်တော်ကျေးရွာ၊ အင်းကန်ပတ်ကတ္တရာလမ်းဆုံထိ ဆက်သွယ်လျက်ရှိသော မြေသားလမ်းမကြီးကို နိုင်ငံတော်မှ လာမည့် ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ပေးရန်နှင့် တစ်ပါတည်း တည်ဆောက်ရန် လိုအပ်သည့်တံတားတစ်စင်းအား တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ရှမ်းပြည်နယ်အတွင်း ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၃၂၀၉ ဒသမ ၇၄၀ သန်းဖြင့် ကတ္တရာလမ်း နှစ်မိုင် ၃ ဒသမ ၆၄ ဖာလုံ၊ ကျောက်ချောလမ်း ၉ မိုင် ၃ ဒသမ ၀၈ ဖာလုံ၊ ကွန်ကရစ်တံတားငါးစင်းနှင့် Box Culvert ၁၅ စင်းတို့အား လျာထားသော်လည်း ညောင်ရွှေမြို့နယ်အတွင်းရှိ ကန်တော် - လွယ်ခေါ်ကျေးရွာချင်းဆက်လမ်းနှင့် တံတားတို့ ပါဝင်ခြင်းမရှိပါကြောင်း၊ နှစ်အလိုက် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ ဦးစားပေးလျာထားတင်ပြမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဘော်ရယ်စိုးဝေနှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်တို့က ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ထို့နောက် **လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကြည်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း၊ မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်ဆွေ၊ မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြမင်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဆန်းမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဦးမောင်မောင်ဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးစိုးဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဝင်းအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး၊ ဧရာဝတီတိုင်း ဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုးမိုး၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစိုင်းလုံစံခတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်မျိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) မှ ဦးခင်ဇော်ဦး၊ မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလင်းတင်ဌေး၊ မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်၊ မဲဆန္ဒနယ်အမှတ်(၈) မှ ဦးဝင်းမြင့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဦးလှဆန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်စန်းစန်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးဘမျိုးသိန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) မှ ဦးဘွဲ့ခိန်းနှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေတို့က ဆွေးနွေးကြသည်။

**ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဆန်းမြင့်**က လယ်ယာမြေ

*စာမျက်နှာ ၈ သို့*

# တရားစီရင်ရေးနှင့် ဥပဒေရေးရာလုပ်ငန်းစဉ်များ၊ ကွင်းဆင်းဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်းပြီး ဆွေးနွေး



**နေပြည်တော် ဇူလိုင် ၃၁**

ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းသည် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၊ တရားစီရင်ရေး၊ ဥပဒေစိုးမိုးရေးနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်လွင် ဦးဆောင်သည့် အဖွဲ့နှင့် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ် (I-4) ညှိနှိုင်းခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကော်မတီ(၂)ရပ်၏ လုပ်ငန်းတာဝန်များ၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာလုပ်ငန်းစဉ်များ၊ ကွင်းဆင်းဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်းပြီး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

***အမျိုးသားလွှတ်တော်မှ***

ဥပဒေ၏ အခန်း(၃)၏ ပုဒ်မ(၉)၌ ပုဒ်မခွဲ (ဆ)အဖြစ် တောင်သူလယ်သမားအနေဖြင့် မိမိလုပ်ပိုင်ခွင့်ရ လယ်ယာမြေသည် သီးနှံစိုက်ပျိုးထုတ်လုပ်၍ မရသော လယ်ယာမြေဖြစ်ပါက သက်ဆိုင်ရာဌာန၏ ထောက်ခံချက်ဖြင့် မွေးမြူရေးလုပ်ငန်း လုပ်ပိုင်ခွင့်ဟူ၍ ဖြည့်စွက်ပြဋ္ဌာန်းသင့်ပါကြောင်း၊ ထိုသို့ ဖြည့်စွက်ပြဋ္ဌာန်းရခြင်းမှာ လယ်ယာမြေတွင် R1, R2, R3 စသည်ဖြင့် မြေအမျိုးမျိုးရှိပါကြောင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်၍ မရသော ရေနက်ကွင်းကဲ့သို့ လယ်ယာမြေဖြစ်ပါက တောင်သူအနေဖြင့် လယ်ယာမြေတွင် သက်ဆိုင်ရာဌာန၏ ထောက်ခံချက်ဖြင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ပါက ပိုမိုအကျိုးဖြစ်ထွန်းမည်ဖြစ်၍ အကြံပြုတင်ပြရခြင်းဖြစ်ပါကြောင်း စသည်ဖြင့် ဆွေးနွေးသည်။

**မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်း**က ဥပဒေကြမ်း၏ အခန်း(၁) ပုဒ်မ(၃)တွင် **တောင်ယာ** ဆိုသည်မှာ သစ်တောမြေ သို့မဟုတ် လယ်ယာမြေ သို့မဟုတ် မြေလွတ်မြေလပ်နှင့် မြေရိုင်းများအဖြစ် သတ်မှတ်ထားသည့် မြေပေါ်တွင် တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာဓလေ့ထုံးတမ်းအရ အလှည့်ကျအနားပေးသည့်စနစ်ဖြင့် ရာသီသီးနှံ စိုက်ပျိုးထားသော မြေကို ဆိုသည်ဟု အသစ်ဖြည့်၍ ပြဋ္ဌာန်းရန်လိုအပ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာအရ လုပ်ကိုင်ဆဲ မြေယာလုပ်ပိုင်ခွင့်များ မဆုံးရှုံးရန်၊ အကာအကွယ်ပေးနိုင်ရန်နှင့် နည်းဥပဒေများပြဋ္ဌာန်းနိုင်ရန်ရည်ရွယ်ပြီး **တောင်ယာ** ဆိုသည့် စကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အသစ်ဖြည့်စွက်ရန်တင်ပြရခြင်းဖြစ်ပါကြောင်း စသည်ဖြင့် ဆွေးနွေးသည်။

**မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်း** က မူလဥပဒေ၏ အခန်း(၄) ပုဒ်မ(၁၂) ပုဒ်မခွဲ(င)ပါ စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေ လုပ်ပိုင်ခွင့်ကိုပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် တည်ဆဲ ဥပဒေတစ်ရပ်ရပ်အရ ငွေချေးပေးခွင့်ရှိသော လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းထံတွင်သာ ပေါင်နှံရမည်။ ယင်းသို့ အစိုးရဘဏ်၏ပြင်ပတွင် လယ်ယာမြေကို အပေါင်ထား၍ ငွေချေးယူမှုအတွက် ပြည်ထောင်စုအစိုးရက အမိန့်ကြော်ငြာစာဖြင့် စည်းမျဉ်းနှင့် အတိုးနှုန်းကို သတ်မှတ်ပေးရမည် ဖြစ်သည်ဟု ပြင်ဆင်လိုပါကြောင်း၊ ထိုသို့ ပြင်ဆင်ရခြင်းသည် တောင်သူလယ်သမားများ၏ အရင်းအနှီးလိုအပ်ချက်ကို ဖြည့်ဆည်းရာတွင် အစိုးရအနေဖြင့် ဝန်ထုပ်ဝန်ပိုး ကြီးမားပါကြောင်း၊ တောင်သူလယ်သမားများအနေဖြင့်လည်း ချေးငွေရရှိရန် အချိန်ကြန့်ကြာမှု အခက်အခဲများ ကြုံတွေ့နေရသည်ကို မြင်တွေ့ကြားသိနေရပါကြောင်း၊ ထို့ကြောင့် အစိုးရ၏ ဝန်ထုပ်ဝန်ပိုးကိုလည်း လျှော့ချပြီး တောင်သူလယ်သမားများအတွက် စိုက်ပျိုးချိန်အမီ ချေးငွေအလွယ်တကူရရှိ၍ ပုဂ္ဂလိက ငွေကြေးကဏ္ဍကိုလည်း အားပေးရာရောက်ရန်အတွက် ယခုကဲ့သို့ ပြင်ဆင်ခြင်းဖြစ်ပါကြောင်း စသည်ဖြင့် ဆွေးနွေးသည်။

ယင်းနောက် **လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို ဥပဒေကြမ်းကော်မတီတွင် ပြန်လည်ကြားနာ ဆောင်ရွက်ရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၃၆ ရက်မြောက်နေ့ကို ဩဂုတ် ၂ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်၊ မီမီဖြိုး(သတင်းစဉ်)**

## လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဇူလိုင် ၃၁**

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသည့် ဂွမဲဆန္ဒနယ်မှ ဦးမြင့်ဝေ၏ မိတ်ဆွေ နှစ်ဦး၊ ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဒေါ်နီနီဒွန်း၏ မိသားစုဝင် နှစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တရားစီရင်ရေး၊ ဥပဒေစိုးမိုးရေးနှင့်တိုင်ကြားစာများ၊ အသနားခံစာများစိစစ်ရေးကော်မတီမှ လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးနှင့် ဒဂုံတက္ကသိုလ်(ရန်ကုန်)၊ နိုင်ငံတကာ ဆက်ဆံရေးပညာဌာနမှ ဦးဝေလင်း ခေါင်းဆောင်သည့် ကျောင်းသားကျောင်းသူ ၈၆ ဦး စုစုပေါင်း ၁၀၅ ဦးတို့သည် ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်လေ့လာခဲ့သည့်အပြင် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## နည်းပညာတက္ကသိုလ် (မန္တလေး)တွင် ဟောပြောပွဲကျင်းပ

**မန္တလေး ဇူလိုင် ၃၁**

အနာဂတ်လူငယ်များအဖွဲ့အစည်း Future Youth Association မှ ပံ့ပိုးကူညီမှုဖြင့် အသိပညာ အတတ်ပညာလေ့လာတွေ့ရှိချက်များ တိုင်ပင်မျှဝေသောနည်းပညာတက္ကသိုလ် (မန္တလေး) ၏ လေးကြိမ်မြောက် Barcamp နှင့် Hardware HACKATHON ကို ဇူလိုင်လနောက်ဆုံးပတ်က မန္တလေး အိုးဘိုရွှေကျင်ရပ်ရှိ နည်းပညာတက္ကသိုလ် (မန္တလေး) ပင်မဆောင်၌ ကျင်းပသည်။ အခမ်းအနားတွင် နည်းပညာတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဒေါက်တာ မျိုးညွန့်က Barcamp ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စာရေးဆရာများက ခေါင်းစဉ်အသီးသီးဖြင့် ဟောပြောကြသည်။ **တင်မောင်(မန်းကိုယ်ပွား)**

## ပြည်သူများအကြား သက်ငယ်မုဒိမ်း၊ မူးယစ်ဆေးဝါးနှင့် မှုခင်းကျဆင်းရေး အသိပညာပေး

**ရန်ကုန် ဇူလိုင် ၃၁**

နေ့စဉ် ခရီးသွားပြည်သူမြောက်မြားစွာ ကူးလူးသွားလာလျက်ရှိသော ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် နန်းသီတာကူးတို့ဆိပ်နှင့် ရန်ကုန်မြစ်တစ်ဖက်ကမ်း ဒလမြို့နယ်အတွင်းသို့ ပြေးဆွဲပေးလျက်ရှိသော ချယ်ရီသင်္ဘောများပေါ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဆိပ်ကမ်းမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် အဖွဲ့ဦးဆောင်ကာ ခရီးသွားပြည်သူများကြား သက်ငယ်မုဒိမ်းကျဆင်းရေး၊ မူးယစ်ဆေးဝါးနှင့် မှုခင်းကျဆင်းရေး အသိပညာပေးမှုကို ယနေ့ နံနက်ပိုင်းတွင် ဆောင်ရွက်ခဲ့သည်။ **(အောက်ပုံ)**

"ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ပြည်သူများကြား သက်ငယ်မုဒိမ်းကျဆင်းရေး၊ မူးယစ်ဆေးဝါး အသိပညာပေးရေးနဲ့ မှုခင်းကျဆင်းရေး လုပ်ငန်းတွေအဖြစ် အခုလို ခရီးသွားပြည်သူတွေကြား ဟောပြောပွဲတွေလုပ်၊ အခြေခံပညာ ကျောင်းတွေမှာလည်း လက်ကမ်းစာစောင်ဝေငှတာတွေ၊ အခုလို ဟောပြောတာတွေ အခွင့်အခါ အလျောက် လုပ်ဆောင်နေပါတယ်။ တချို့မြို့နယ်၊ တချို့ရပ်ကွက်တွေမှာဆို စီမံချက်ချပြီးတော့ ပြည်သူတွေကြား သက်ငယ်မုဒိမ်းကျဆင်းရေးနဲ့ မူးယစ်ဆေးဝါးအသိပညာပေးလုပ်ငန်းတွေကို အရှိန်မြှင့် လုပ်ဆောင်လျက်ရှိပါတယ်။ အခုလို လုပ်ဆောင်ပေးမှုကို ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ တစ်ခုတည်းက မဟုတ်ဘဲ ပြည်သူတွေကလည်း သက်ငယ်မုဒိမ်း၊ မူးယစ်ဆေးတို့နဲ့ပတ်သက်ပြီး ဆိုးကျိုးအပြစ်တွေကိုသိရှိပြီး ပူးပေါင်းပါဝင် လိုက်နာဆောင်ရွက်ဖို့ လိုပါတယ်" ဟု ရန်ကုန်-ဒလတစ်ဖက်ကမ်း ပြေးဆွဲပေးလျက်ရှိသော ချယ်ရီ(၂) သင်္ဘောပေါ်၌ ယနေ့နံနက်တွင် ဆိပ်ကမ်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဦးက ပြောသည်။

ယနေ့ကျင်းပသော ပြည်သူများကြား သက်ငယ်မုဒိမ်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအသိပညာပေးခြင်းနှင့်မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောမှုကို ရန်ကုန်မြို့နှင့် ဒလဆိပ်ကမ်း ပြေးဆွဲပေးလျက်ရှိသော ချယ်ရီ (၂) သင်္ဘောပေါ်တွင် မွန်းလွဲ ၂ နာရီခွဲမှ ၃နာရီခွဲအထိ ကျင်းပခဲ့ရာ ပြည်သူစုစုပေါင်း ၁၅၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်း- မင်းခေတ်၊ဓာတ်ပုံ- မိုးမခ**





## တောင်ပြုံးပွဲပိတ်လိုက်ခြင်းကြောင့် ပြင်ဦးလွင်သို့ လာရောက်သူပိုမိုများပြားလာ

**ပြင်ဦးလွင် ဇူလိုင် ၃၁**

နှစ်စဉ်ကျင်းပမြဲဖြစ်သော တောင်ပြုံးပွဲတော်ကြီးကို ယခုနှစ်တွင် အခြေအနေအရ ပိတ်လိုက်ခြင်းကြောင့် ပွဲတော်သို့ လာရောက်ကြသူများသည် ပြင်ဦးလွင်သို့ ဆက်လက် ထွက်ခွာလာကြရာ ပြင်ဦးလွင်မြို့၌ ယခင်နှစ်များထက် လာရောက်သည့်ဧည့်သည် ပိုမိုများပြားကြောင်း သိရသည်။

"အရင်နှစ်တွေကတော့ တောင်ပြုံးပွဲကိုလာကြရင်း သူတို့အလုပ်ပြီးတဲ့အချိန်၊ အားတဲ့အချိန်ရောက်မှသာ လာတဲ့သူတွေ လာကြတာပါ။ ဒီနှစ် တောင်ပြုံးပွဲပိတ်လိုက်တယ်ဆိုတော့ အားလုံးကစုပြုံပြီး ပြင်ဦးလွင်ကို တက်လာကြတယ်။ ဒီမှာရှိတဲ့ ဘုန်းကြီးကျောင်းတွေ တော်တော်များများမှာ လာရောက်တည်းခိုကြတဲ့ ဧည့်သည်တွေနဲ့ပြည့်နေပြီ။ တချို့ နေရာမရကြတဲ့သူတွေလည်း ရှိတယ်။ တည်းခိုတဲ့သူတွေများ လွန်းတော့ ရေချိုးရတာကအစ နေရာထိုင်ခင်းအခက်အခဲတွေလည်း ဖြစ်ကြရတယ်။ ဒီကျောင်းကို လာတည်းခိုကြတဲ့ ဧည့်သည်တွေကိုတော့ အတတ်နိုင်ဆုံး အဆင်ပြေအောင် စီစဉ်ပေးနေပါတယ်" ဟု ဘုန်းကြီးကျောင်းမှ တာဝန်ရှိ ဂေါပကတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ပြင်ဦးလွင်၏ နာမည်ကျော်ဆွယ်တာများနှင့်ဒေသထွက်ကုန်များကို ရောင်းချနေသူတစ်ဦးကလည်း " ဒီနှစ်တောင်ပြုံးပွဲပိတ်လိုက်တယ်ဆိုတော့ စောစောစီးစီး ဈေးရောင်းကောင်းနေတယ်။ အရင်နှစ်တွေတော့ ပွဲတော်စတဲ့ရက်တွေမှာ နည်းနည်းပါးပါးနဲ့ ပွဲပြီးတဲ့အချိန်ရောက်မှသာ လာကြတဲ့သူ ပိုများလို့ အဲ့ဒီအချိန်တွေမှာ ဈေးပိုရောင်းကောင်းတယ်။ တောင်ပြုံးပွဲပိတ်လိုက်ရတာ စိတ်မကောင်းပေမယ့် အခုဈေးရောင်းကောင်းနေလို့ ဝမ်းသာရပါတယ်" ဟု ပြောသည်။

ယခုအခါ ပြင်ဦးလွင်မြို့ရှိ လမ်းဘေးဝဲယာတို့၌ စားသောက်ဆိုင်၊ လက်ဆောင်ပစ္စည်းဆိုင် စသည့် ဆိုင်တို့ဖွင့်လှစ်ရောင်းချသူများပြားလျက်ရှိနေပြီး မြို့နယ်အတွင်းဘုရားဖူးယာဉ်များဖြင့် စည်ကားလျက်ရှိနေခြင်း၊ ထို့ကြောင့် မြို့နယ် ရဲတပ်ဖွဲ့ဝင်များနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးနှင့် လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းတို့ကို အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

### မုတ်သုံလေအား အနည်းငယ်မှ အားအသင့်အတင့်ရှိ

**နေပြည်တော် ဇူလိုင် ၃၁**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

(မိုး/ဇလ)

# ရမည်းသင်းမြို့နယ်အတွင်း ကျေးရွာငါးရွာ ကျေးရွာချင်းဆက်လမ်း အဆင့်မြှင့်တင်ဖွင့်လှစ်

**မန္တလေး ဇူလိုင် ၃၁**

နိုင်ငံ၏ သယံဇာတများကို ထုတ်ယူသုံးစွဲမှုများသည် ပြည်သူလူထုအတွက်ဖြစ်ရမည်ဖြစ်ကြောင်း၊ ယင်းကို ထုတ်လုပ်သည့် ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ CSR ဟုခေါ်သည့် တာဝန်ယူမှု တာဝန်သိမှုဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးကြပြီး ကျေးဇူးပြန်လည် တုံ့ပြန်ရကြောင်း မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က ဇူလိုင် ၂၉ ရက်က ပြုလုပ်သည့် ရမည်းသင်းမြို့နယ်အတွင်း ကျေးရွာငါးရွာ ကျေးရွာချင်းဆက်လမ်း အဆင့်တိုးမြှင့်ခင်းခြင်းဖွင့်ပွဲ အခမ်းအနား **(ယာပုံ)**တွင် ပြောကြားခဲ့သည်။

အဆိုပါလမ်းသည် ပျဉ်းမတော -ကံရိုးကြီး - ဓမ္မပါလ-သာယာအေး- ဆည်တို-ငါးတည်းစုကျေးရွာများကို ဆက်သွယ်ထားခြင်းဖြစ်ပြီး အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီက အဆင့်မြှင့်တင်ခင်း၍ လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဝန်ကြီးချုပ်က ကုမ္ပဏီအနေဖြင့် လမ်းအဆင့်မြှင့်တင်ခင်းပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်းနှင့် လမ်းကို ရေရှည်တည်တံ့ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်



ကြရေးနှင့် အစိုးရနှင့်ပြည်သူပူးပေါင်းဆောင်ရွက်ဖို့ လိုကြောင်း ပြောကြားခဲ့သည်။

"ဒီနေ့မိုးထိမိုးမိမှာ အမျိုးသားကြီးပွားတိုးတက်ရေး ရွှေတူးဖော်ရေးကုမ္ပဏီက ရမည်းသင်းမြို့နယ်မှာ ကျေးရွာချင်းဆက်လမ်းတွေလုပ်ပေးတာပါ၊ ဒီကျေးရွာချင်းဆက်လမ်းတွေဟာ အလွန်အရေးပါတယ်၊ ဒီနေ့ခင်းထားတဲ့လမ်းထဲမှာ ကတ္တရာခင်းတာ၊ ကျောက်ချောခင်းတာနဲ့ တံတားသုံးစင်းပါတယ်လို့ သိရပါတယ်။ ဒါဟာ ပြည်သူလူထုကို တာဝန်သိသိနဲ့ ကျေးဇူးဆပ်တာပါ၊ ကျွန်တော်တို့ကြိုဆိုပါတယ်"ဟု ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးစိုးထွန်းရှိန်က အဆိုပါလမ်း အဆင့်မြှင့်တင်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပေးမှုနှင့် နိုင်ငံတစ်ဝန်း လူမှုစီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက ကျေးရွာချင်းဆက်လမ်းဖြစ်မြောက်ကောင်းမွန်လာသည့်အတွက် ဝမ်းမြောက်စကားကို ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းနှင့် ဦးအောင်မျိုးဦး၊ နှင့်ကုမ္ပဏီဥက္ကဋ္ဌတို့က လမ်းအဝင်မုခ်ဦးရှေ့တွင် ဖဲကြိုးဖြတ်၍ လမ်းအား ဖွင့်လှစ်ပေးခဲ့သည်။

ယနေ့ဖွင့်လှစ်သောလမ်းသည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး(လမ်းဟောင်း)နှင့် ခရိုင်ချင်းဆက်လမ်းတို့အကြား ကျေးရွာငါးရွာကို ဖြတ်သန်း၍ ဖောက်လုပ်ထားပြီး လမ်းအရှည်မိုင် ၁၅ ဒသမ ၅မိုင်ခန့်ရှိကာ ၄ ဒသမ ၇ မိုင်ကို ကတ္တရာခင်းခြင်း၊ ၁၀ ဒသမ ၈ မိုင်ကို ကျောက်ချော/မြေသားလမ်းခင်းခြင်းများအတွက် ကုမ္ပဏီကငွေကျပ်သိန်းပေါင်း တစ်သောင်းကျော် အကုန်အကျခံ၍ လူထုအကျိုးပြုလုပ်ငန်းအဖြစ် အဆင့်မြှင့်တင်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ကလေးမြို့ ငြိမ်းချမ်းရေးဂီတပွဲတော် တိုက်ရိုက်ထုတ်လွှင့်မှုခက်ခဲသဖြင့် အောက်တိုဘာလဆန်းပိုင်းသို့ ပြောင်းလဲရွှေ့ဆိုင်း

**ကလေး ဇူလိုင် ၃၁**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထောက်ခံသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍ MRTV, Forever Group နှင့် ရွှေသံလွင်မီဒီယာ SKY NET တို့မှ ဂုဏ်ယူစွာတင်ဆက်မည့် ငြိမ်းချမ်းရေးဂီတပွဲတော် ၂၀၁၇ (Peace Music Festival 2017) သီချင်းဆိုပြိုင်ပွဲ Level-1 ကို စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ မြို့တော်ခန်းမ၌ ဩဂုတ် ၉ ရက်တွင် စတင်ကျင်းပမည်ဖြစ်သော်လည်း ရာသီဉတုအခြေအနေနှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေများကြောင့် တိုက်ရိုက်ထုတ်လွှင့်မှုအတွက် အခက်အခဲများရှိနေသဖြင့် အောက်တိုဘာလဆန်းပိုင်းသို့ ရက်ပြန်လည်ရွှေ့ဆိုင်းရာ ချင်းပြည်နယ် (မြောက်ပိုင်း) အပါအဝင်၊ ကလေး၊ ဂန့်ဂေါ၊ တမူးနှင့်ချင်းတွင်း အထက်ပိုင်းဒေသများမှ ဒေသခံသီချင်းဆိုဝါသနာရှင် ၂၁၁ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းထားပြီး ဖြစ်ကြောင်း သိရသည်။

"ကလေးမြို့မှာ ကျင်းပမယ့် ဒီအဆိုပြိုင်ပွဲကြီးကို ဇူလိုင် ၉ ရက်နေ့မှာ စတင်ဖို့ စီစဉ်ထားပေမယ့် သဘာဝဘေးအန္တရာယ်၊ ရာသီဉတုနဲ့ လမ်းပန်းဆက်သွယ်ရေး အခက်အခဲအခြေအနေတွေကြောင့် နိုင်ငံပိုင်တန်ဖိုးကြီးမားလှတဲ့ ရိုက်ကူးရေးအတွက် တိုက်ရိုက်ထုတ်လွှင့်ရေးစက်ပစ္စည်းတွေ၊ ကားကြီးတွေ တစ်စုံတစ်ခု ထိခိုက်ပျက်စီးဆုံးရှုံးမှုမဖြစ်စေဖို့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မယ့် ပွင့်လင်းရာသီအချိန် အောက်တိုဘာလဆန်းပိုင်းကို ရွှေ့ဆိုင်းလိုက်ရပါတယ်။ ပွဲပြန်လည်ပြုလုပ်မယ့် ရက်အတိအကျကို ပြန်ပြီးကြေညာပေးပါ့မယ်။ ပြိုင်ပွဲဝင်ဖို့ အားခဲထားတဲ့ ညီငယ်၊ ညီမငယ်တွေအတွက်လေ့ကျင့်ချိန်ပိုရသွားတာပေါ့ဗျာ"ဟု ကလေးမြို့ ငြိမ်းချမ်းရေးဂီတပွဲတော် ကျင်းပရေးကော်မတီ(ရုပ်သံ)မှ ဦးတင်ထွန်းဝင်းက ပြောသည်။

ငြိမ်းချမ်းရေးဂီတပွဲတော်အတွက် အသံစစ်ဆေးခြင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့ကြီး ၁၁ မြို့တို့တွင် လှည့်လည်ကျင်းပလျက်ရှိရာ ကလေးမြို့၌ စာရင်းပေးသွင်းထားသည့် အဆိုဝါသနာရှင်များအနေဖြင့် ကလေးမြို့ မြို့တော်ခန်းမတွင် အသံစစ်ဆေးမည်ဖြစ်ကြောင်း၊ အသံအောင်မြင်သူ ၁၀ ဦးကို ပဏာမရွေးချယ်၍ သံစုံတီးဝိုင်းဖြင့် အဆိုယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ ယင်း ၁၀ ဦးထဲမှ အောင်မြင်သူသုံးဦးကို နိုင်ငံတော်အဆင့်ယှဉ်ပြိုင်နိုင်ရန် ရွေးချယ်သွားမည်ဖြစ်သည့်အပြင်ယှဉ်ပြိုင်မှုများကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဖန်သားပြင်ပေါ်တွင် ထုတ်လွှင့်ပေးလျက်ရှိကြောင်း၊ ယခုသီချင်းဆိုပြိုင်ပွဲတွင် တစ်နိုင်ငံလုံးအဆင့် ပထမရရှိသူကိုဆုငွေကျပ်သိန်း ၃၀၀၊ ဒုတိယရရှိသူကို ဆုငွေကျပ်သိန်း ၂၀၀၊ တတိယရရှိသူကို ဆုငွေကျပ်သိန်း ၁၀၀ နှင့် အထူးဆုအဖြစ် ခုနစ်ဦးရွေးချယ်၍ ဆုငွေကျပ်သိန်း ၃၀ စီကို ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း ကလေးမြို့ ငြိမ်းချမ်းရေးဂီတပွဲတော် ကျင်းပရေးကော်မတီ (ရုပ်သံ)မှ ဦးသန့်ဇင်က ပြောကြားသည်။

"ကျွန်တော်ကတော့ တေးဂီတနဲ့ အဆိုဝါသနာအရ အတွေ့အကြုံတစ်ခု ရအောင်လို့ဆိုပြီး စာရင်းပေးထားတာပါ။ အခုလိုမျိုး ငြိမ်းချမ်းရေးဂီတပွဲတော်ကို အချက်အချာကျတဲ့ ကလေးမြို့မှာ လာရောက်ကျင်းပပေးတဲ့အတွက် ကလေးဒေသ၊ ချင်းတောင်ဒေသ၊ ချင်းတွင်း အထက်ပိုင်းဒေသတွေမှာရှိတဲ့ အနုပညာဝါသနာပါသူတွေအနေနဲ့ အခွင့်အရေးတစ်ခုရရှိတာပေါ့။ ကလေးမြို့လို နေရာမျိုးမှာ ပါဝင်ယှဉ်ပြိုင်သူတွေအနေနဲ့ လွယ်ကူချောမွေ့စွာ လာရောက်နိုင်တဲ့ နေရာမျိုးဖြစ်သလို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ပေးမယ်လို့ ကြေညာထားတဲ့အတွက် ဝင်ရောက်ယှဉ်ပြိုင်ဖို့ စာရင်းပေးသွင်းထားတာဖြစ်ပါတယ်။ အခုလိုမျိုး ရာသီဉတုအခြေအနေကြောင့် ပြိုင်ပွဲအစီအစဉ်ကို ရက်ရွှေ့လိုက်တော့လည်း ကျွန်တော်တို့အတွက် လေ့ကျင့်ဖို့ အချိန်ပိုရသလို ယှဉ်ပြိုင်ဖို့အချိန်ကိုလည်း ရင်ခုန်စွာနဲ့ စောင့်မျှော်ကြရတာပေါ့"ဟု သီချင်းဆိုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းသည့် ကိုအောင်မျိုးထွန်းက ပြောသည်။

အဆိုပါ သီချင်းဆိုပြိုင်ပွဲကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဟူသည့် ရည်ရွယ်ချက်တို့ဖြင့် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးဆောင်ရွက်မှုများကို အထောက်အကူဖြစ်စေရန် ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍ ငြိမ်းချမ်းရေးဂီတပွဲတော် အဆိုပြိုင်ပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

# အမ်းမြို့၌ ရှုံးချောင်းတောင်ကျရေများစီးဆင်းမှုကြောင့် ပျက်စီးမှုများအား ကွင်းဆင်းစစ်ဆေး

**အမ်း ဇူလိုင် ၃၁**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်၌ ဇူလိုင် ၂၉ ရက် ညနေ ၅ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရှုံးချောင်းတောင်ကျရေစီးဆင်းမှုကြောင့် ရှုံးရွာ တံတားနှင့် လူနေအိမ်များ ရေနစ်မြုပ်ခဲ့ပြီး တစ်နာရီခန့်အတွင်း ရေပြန်လည်ကျဆင်းသွားကြောင်း သိရသည်။



အဆိုပါရေနစ်မြုပ်မှုအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဇူလိုင် ၃၀ ရက် နံနက် ၈ နာရီက ရှုံးကျေးရွာသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ဝန်ကြီးချုပ်၏ ထောက်ပံ့ပေးအပ်ငွေကျပ်သိန်း ၁၀၀ ဖြင့် ဆောင်ရွက်ခဲ့သော ရှုံးရွာအောက်ပိုင်းမှ ဒုက္ကံကျေးရွာသို့ ဆက်သွယ်သွားလာသော ရှုံးချောင်းကျော် အောင်မြေသာယာလူကူးတံတားမှာ ရေမျောပါပျက်စီးခဲ့ပြီး တောင်ကျချောင်းရေများ တစ်ဟုန်ထိုးစီးဆင်းမှုကြောင့် ရှုံးချောင်းရေလွှဲတာပေါင်မှ ရေကျော်ကာ ရှုံးကျေးရွာအတွင်းသို့ ရေများ စီးဆင်းဝင်ရောက်ခဲ့သဖြင့် ရှုံးချောင်းနံဘေးရှိ နေအိမ်များ ရေနစ်မြုပ်ခံရမှုအခြေအနေများတွေ့ရ၍ နေအိမ်နစ်မြုပ်ခံရသည့် မိသားစုဝင်များနှင့် ရှုံးကျေးရွာမှ ဒေသခံပြည်သူများအား အားပေးစကားပြောကြားခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ ရေဘေးသင့်ပြည်သူများအတွက် ရိက္ခာထောက်ပံ့

**ကျောင်းကုန်း ဇူလိုင် ၃၁**

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်သဇင်ထွန်းနှင့်အဖွဲ့သည် ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်အတွင်း ဒါးကမြစ်ရေကြီးမြင့်မှုကြောင့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ကြသူများအတွက် ဆန်ရိက္ခာ ခုနစ်ရက်စာ လာရောက်လှူဒါန်းမှုကို ဇူလိုင် ၃၁ ရက် မွန်းလွဲပိုင်းက မြို့နယ် ထွေ/အုပ်ရုံးဝင်းအတွင်းရှိ အေးချမ်းသာယာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒေါ်သဇင်ထွန်းက ရေဘေးလွတ်ရာသို့ ယာယီရွှေ့ပြောင်းခိုလှုံရာ ဘုန်းကြီးကျောင်းများ၊ ကားလမ်းဘေး နှင့် ရထားလမ်းဘေးများသို့ ပြောင်းရွှေ့ခဲ့ကြသည့် နေအိမ် ၈၈၇ လုံး၊ အိမ်ထောင်စု ၈၈၇ စု မှ လူဦးရေ ၃၁၄၂ ဦးအတွက် ဆန်ရိက္ခာ ခုနစ်ရက်စာ ဆန် ၂၂၉ အိတ် ၂ ပြည် ၄ လုံးစာ ငွေကျပ် ၅၆၉၈၂၀၀ ကို လာရောက်လှူဒါန်းခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး အလှူငွေ ပေးအပ်လှူဒါန်းခဲ့သည်။

ညနေပိုင်းတွင် ဖြိုက်ကြီးအုပ်စုမှ ရထားလမ်းဘေးပြောင်းရွှေ့သူ ဖြိုကြီးကုန်းကျေးရွာမှ အိမ်ခြေ ၄၂ အိမ်၊ အိမ်ထောင်စု ၄၂ စုမှ လူဦးရေ ၁၃၂ ဦးနှင့် ရသေ့ချောင်းကျေးရွာ အိမ်ခြေ ၁၀ အိမ်၊ အိမ်ထောင်စု ၁၀ စုမှ လူဦးရေ ၃၂ ဦးတို့အား မဲဆန္ဒနယ်အမှတ်(၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင် ဇော်နှင့် မြို့နယ်မှ တာဝန်ရှိသူများက မိုးကာစနှင့် ဆန်ရိက္ခာသွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေသားနံရံပြိုကျမှုဖြစ်ပွား

**မော်လမြိုင် ဇူလိုင် ၃၁**

သံဖြူဇရပ်မြို့နယ်တွင် ဇူလိုင် ၃၀ ရက် နံနက် ၇ နာရီခန့်တွင် စခန်းကြီးကျေးရွာ သံဖြူဇရပ်- ရေး ကားလမ်းမိုင်တိုင်အမှတ် (၅၀/၁ မှ ၂)ကြားတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကားလမ်းဘေး အမြင့် ၂၅ ပေခန့်ရှိ မြေသားနံရံပြိုကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ အဆိုပါမြေသားနံရံပြိုကျမှုကြောင့် ယင်းကျေးရွာနေ ဦးဇော်ဝင်း နေအိမ်တစ်လုံး၊ ဦးဆန်းညွန့် တဲအိမ်တစ်လုံးနှင့် ဦးစိုးလှိုင်တဲအိမ်တစ်လုံး စုစုပေါင်းနေအိမ် သုံးလုံး၏ နောက်ဖေးမီးဖိုချောင်များ ပျက်စီးသွားခဲ့ပြီး လူနှင့်တိရစ္ဆာန်ထိခိုက်မှုမရှိကြောင်း သိရသည်။ ယင်းမြေသားနံရံပြိုကျမှုဖြစ်ပွားသည့်နေရာသို့ သံဖြူဇရပ်မြို့နယ် သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွဋ်နှင့် ကော်မတီဝင်များက သွားရောက်စစ်ဆေးကြပြီး မြေပြိုကျမှုများ ထပ်မံဖြစ်ပွားနိုင်သဖြင့် အဆိုပါနေအိမ်သုံးလုံးမှ အိမ်ထောင်စုဝင် စုစုပေါင်း ၁၂ ဦးတို့ကို ၎င်းတို့၏ဆွေမျိုးများ၊ အလုပ်ရှင်များရှိရာနေအိမ်များသို့ ရွှေ့ပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**

# မကွေးတိုင်းဒေသကြီးမှ ရေနံလက်ယက်တွင်းတိမ်ရန်ပုံငွေကိစ္စ သမ္မတရုံးညွှန်ကြားချက်အတိုင်း အားလုံးလက်ခံရရှိ

**မကွေး ဇူလိုင် ၃၁**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်း ဦးဘုန်းမော်ရွှေ ဖျက်သိမ်းပြီးဖြစ်သော မကွေးတိုင်းဒေသကြီး ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် ရွှေသုခအသေးစား ငွေရေးကြေးရေးလုပ်ငန်း ဥက္ကဋ္ဌဖြစ်သူ ဦးကြည်ထွန်းတို့ထံ ငွေကြေးနှင့် ယာဉ်၊ စက်ယန္တရားများ ပြန်လည်အပ်နှံရန်ကိစ္စနှင့်စပ်လျဉ်းသည့် သမ္မတရုံး ညွှန်ကြားချက်ကို မေ ၂၄ ရက်က လက်ခံရရှိပြီးနောက်ပိုင်း ဇူလိုင် ၃၁ ရက်တွင် ညွှန်ကြားချက်ပါ ရရန်ရှိငွေများနှင့် ယန္တရားများကို လက်ခံရရှိပြီးဖြစ်ကြောင်း တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုက အတည်ပြုပြောကြားလိုက်သည်။

"ညွှန်ကြားတဲ့အတိုင်းပဲ ငွေကျပ်သန်းပေါင်း ၃၂၇၀ (သိန်းပေါင်း ၃၂၇၀၀) ကို အကျေပေးသွားပြီ။ ယန္တရားတွေလည်း ပေးသွားပြီ" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုက ၎င်း၏ရုံးခန်း၌ ဒေသတွင်း မီဒီယာများနှင့် တွေ့ဆုံစဉ် ယနေ့ညနေ ၃ နာရီခွဲခန့်က ပြောကြားခဲ့ခြင်းဖြစ်သည်။

ယခင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့လက်ထက်၌ ရေနံလက်ယက်တွင်းတိမ်လုပ်ငန်းရှင်များက ထည့်ဝင်ပြီးသော ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများနှင့်ပတ်သက်၍ လှူဒါန်းခဲ့သည့် မကွေးတိုင်းဒေသကြီး ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းပိုင် ငွေကျပ် ၁ ဒသမ ၇ ဘီလီယံအနက် မေ ၄ ရက်တွင် ငွေကျပ်သိန်းပေါင်း ၃၀၀၀၊ မေ ၃၀ ရက်တွင် ငွေကျပ်သိန်းပေါင်း ၂၀၀၀၊ ဇွန် ၉ ရက်တွင် ငွေကျပ်သိန်းပေါင်း ၃၀၀၀၊ ဇွန် ၂၆ ရက်တွင် ငွေကျပ်သိန်းပေါင်း ၃၀၀၀၊ ဇူလိုင် ၇ ရက်တွင် ငွေကျပ်သိန်းပေါင်း ၂၀၀၀၊ ဇူလိုင် ၂၁ ရက်တွင် ငွေကျပ်သိန်းပေါင်း ၁၅၀၀၊ ဇူလိုင် ၂၈ ရက်တွင် ငွေကျပ်သိန်းပေါင်း ၂၅၀၀ စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၁၇၀၀၀ အား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေစာရင်း အမှတ် MD - 021907 သို့ ပေးသွင်းမှုများရှိခဲ့ကြောင်း ဝန်ကြီးချုပ်ထံမှ သိရသည်။

ရွှေသုခအသေးစား ငွေရေးကြေးရေး လုပ်ငန်းသို့ လွှဲပြောင်းပေးခဲ့သည့် ငွေကျပ် ၁ ဒသမ ၅၇ ဘီလီယံကျော် အနက် မေ ၅ ရက်တွင် ငွေကျပ်သိန်းပေါင်း ၅၀၀၀၊ ဇွန် ၁၄ ရက်တွင် ငွေကျပ်သိန်းပေါင်း ၅၀၀၀ စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၁၀၀၀၀ အား လက်ခံရရှိခဲ့ပြီး ဇူလိုင် ၃၁ ရက်တွင် ပေးရန်




ကျန်ငွေကျပ်သိန်းပေါင်း ၅၇၀၀ ပေးသွင်းမှုအား လက်ခံရရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ရေနံလက်ယက်တွင်းတိမ်လုပ်ငန်းများမှရရှိသည့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၇ ဒသမ ၄၅၉ ဘီလီယံကျော် ပျောက်ဆုံးမှု စစ်ဆေးပေါ်ပေါက်ချက်များ ရှိခဲ့သော်လည်း နိုင်ငံတော်သမ္မတရုံးမှ ယခုအကျေပေးသွင်းခဲ့သည့် ငွေများနှင့် ယန္တရားများကိုသာ ပေးအပ်ရန် ညွှန်ကြားထားခဲ့ကြောင်း သိရသည်။

"ကျန်တဲ့ ငွေကျပ်သန်း ၄၀၀၀ ကတော့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရဲ့ ညွှန်ကြားချက်၊ တာဝန်ပေးချက်အရ တိုင်းဒေသကြီး စာရင်းစစ်ချုပ်က ဒါတွေကို ဘယ်လိုသုံးစွဲတယ်ဆိုတာကို စုံစမ်းစစ်ဆေးမေးမြန်းနေတယ်လို့ သိရတယ်" ဟု ဝန်ကြီးချုပ်က ဆိုသည်။

၂၀၁၇-၂၀၁၈ ဘတ်ဂျက်ကအတည်ပြုပြီးသွားပြီဖြစ်သည့်အတွက် ဒီဇင်ဘာနှစ်ကုန်ပိုင်း ဖြည့်စွက်ရန်ပုံငွေတောင်းခံမှုများရှိလာသည့်အခါ ယခုရရှိငွေများအား ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

# မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာ အုပ်ချုပ်ရေးမှူးဟောင်း ဦးကျော်သူရလှိုင်နှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးမြင့်ဝေ(ငြိမ်း)တို့ကို တရားစွဲဆိုအရေးယူ

**နေပြည်တော် ဇူလိုင် ၃၁**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာ အုပ်ချုပ်ရေးမှူးဟောင်း ဦးကျော်သူရလှိုင်နှင့် ကျိုက်ထိုမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှူး ဦးမြင့်ဝေ (အငြိမ်းစား) တို့သည် အလုပ်တာဝန်ကိုဆောင်ရွက်စဉ် လာဘ်ငွေရယူခဲ့ခြင်းနှင့်စပ်လျဉ်း၍ မွန်ပြည်နယ်တရားလွှတ်တော်တွင် တရားစွဲဆို အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်နေနစ်နာသူက ၎င်းပိုင်ဆိုင်သော မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာအုပ်စု ကွင်းအမှတ်(၁၇၅) ကဒတ်ချောင်းအပြင်ကွင်း ဦးပိုင်အမှတ်(N-18) ဧရိယာ ၂ ဒသမ ၃၀ ဧကအား စောင့်ရှောက်ရန်အတွက် စာရွက်စာတမ်းများဖြင့် တရားဝင်ပြန်လည်လွှဲအပ်ခြင်း ခံရသူမှာ ဆေးကုသမှုခံယူနေစဉ်အတွင်း ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကျော်သူရလှိုင်သည် မည်သူ့ထံမျှ အသိပေးအကြောင်းကြားခြင်းမပြုဘဲ ၎င်းမြေကွက်၏ပုံစံ(၇)အား တရားမဝင်ထုတ်ယူခဲ့ပြီး ပုံစံ(၇) စာရွက်စာတမ်းများကို အကြောင်းပြု၍ မြေဝယ်ယူသူထံမှငွေကျပ်သိန်းပေါင်း ၃၉၅၀ တိတိအား လက်ခံရယူခဲ့ခြင်းအပေါ် အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့စည်းစစ်ဆေးခဲ့ရာ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာ အုပ်ချုပ်ရေးမှူးဟောင်း ဦးကျော်သူရလှိုင်သည် ၎င်းတာဝန်ထမ်းဆောင်နေသည့် ကာလအတွင်း ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာ ကွင်းအမှတ်(၁၇၆-က) ဇရပ်ကွင်း ဦးပိုင်အမှတ် (N-363) ဧရိယာ ၂ ဒသမ ၀၀ ဧကဟု မြေကွက်ကို ဝန်ခံချက်နှင့် တင်ပြချက်ပုံစံပါလက်ရေးလက်မှတ်မတူ၊ အချက်အလက်များ ပြည့်စုံမှုမရှိဘဲ ၎င်း၏အမည်ဖြင့် ပုံစံ(၇) ထုတ်ယူပြီး ရောင်းချခဲ့ခြင်းသည် ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦး၏ ရာထူးအာဏာနှင့် ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၏ လုပ်ပိုင်ခွင့်များကို အသုံးပြု၍ အဂတိလိုက်စားမှုကျူးလွန်ခဲ့ကြောင်းနှင့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး၊ ကျိုက်ထိုမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအတွင်းရေးမှူးဖြစ်သူ ဦးမြင့်ဝေ(အငြိမ်းစား)သည် ၎င်းတာဝန်ထမ်းဆောင်နေသည့် ကာလအတွင်း ဦးကျော်သူရလှိုင်က ပုံစံ(၁) လျှောက်လွှာတွင် မမှန်မကန်ဖြည့်စွက်ဖော်ပြကာ ပုံစံ(၇) လျှောက်ထားတင်ပြမှုအပေါ် လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများပါ လုပ်ထုံးလုပ်နည်းများအတိုင်း စနစ်တကျ စိစစ်ခြင်းမရှိဘဲ ဆက်လက်ထောက်ခံကာ ပုံစံ(၇)ကို ကိုယ်တိုင်လက်မှတ်ရေးထိုး ထုတ်ပေးခဲ့ခြင်းသည် ၎င်း၏အခွင့်အာဏာကို အသုံးပြုပြီး အဂတိလိုက်စားမှု ကျူးလွန်ခဲ့သည်ကို စစ်ဆေးပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာအုပ်ချုပ်ရေးမှူးဟောင်း ဦးကျော်သူရလှိုင်အား ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ အရ လည်းကောင်း၊ ကျိုက်ထိုမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးမြင့်ဝေ(အငြိမ်းစား) သည်ထွက်ပြေး တိမ်းရှောင်လျက်ရှိသဖြင့် ၎င်းအပေါ် ၂၀၁၃ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆/ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂ အရလည်းကောင်း မွန်ပြည်နယ် တရားလွှတ်တော်တွင် ယနေ့ တရားစွဲဆိုအရေးယူဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရော်ဘာတောများအား တရားမဝင်မြေကွက်ရိုက်ရောင်းချရန် စီစဉ်နေမှုကို ကွင်းဆင်းစစ်ဆေး

**လောင်းလုံး ဇူလိုင် ၃၁**

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် မြို့ဟောင်းကျေးရွာအုပ်စု ဒေါင်းရှောင်ကျေးရွာတွင် ရော်ဘာပင်များအား ခွင့်ပြုချက်မရှိဘဲ ခုတ်ထွင်ရှင်းလင်း၍ တရားမဝင် မြေကွက်ရိုက်ရောင်းချရန် စီစဉ်နေမှုနှင့် စခန်းကြီးကျေးရွာအုပ်စု တောရှည်ကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း အဝင်လမ်းဘေး ဝဲယာတွင် ရော်ဘာတောများ အခြားနည်းသုံးစွဲခွင့်မရှိဘဲ တရားမဝင်မြေကွက်ရိုက်ရောင်းချရန် စီစဉ်နေမှုများအား သတင်းရရှိ၍ ဇူလိုင် ၂၉ ရက် မွန်းတည့် ၁၂ နာရီက တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဇင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူနှင့် ခရိုင်/မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေး အဖွဲ့တို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထို့နောက် မြို့ဟောင်းကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးနှင့်ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲရေး အဖွဲ့ဝင်များနှင့် အဆိုပါအုပ်ချုပ်ရေးမှူးရုံးတွင် တွေ့ဆုံကြပြီးလိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**စိုးထွန်း(ပြန်/ဆက်)**

## ထင်သာမြင်သာပြုပြင်စရာ

# အန္တရာယ်ရှိအပေါက်ကြီးနှစ်ပေါက်အား ကာရံထားပေးစေလို



ဖျာပုံမြို့ပထမလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် (ဆိပ်ကမ်းသာယာဈေးအဝင်) တွင် အနံ သုံးပေ၊ အလျား ငါးပေ၊ အနက်လေးပေခန့်ရှိ အပေါက်ကြီးနှစ်ပေါက်တူးထားသည်မှာ လချီရှိနေပြီဖြစ်သည်။

ဆိပ်ကမ်းသာယာဈေးသို့ ဈေးဝယ်လာသူတစ်ဦးက " ဒီအပေါက်ကြီးနှစ်ပေါက်တူးထားတာ တစ်လအနည်းဆုံးရှိနေပါပြီ။ ဘာမှလည်း ဆက်လုပ်တာ မတွေ့တော့ဘူး။ အလုပ်ရှိသေးရင်လည်း အကာအရံလုပ်ထားသင့်ပါတယ်၊ ယာဉ်နဲ့ လူတွေအတွက် အန္တရာယ်ရှိလှပါတယ်။ ညဘက်မှာ စက်ဘီးဆိုက်ကားနဲ့ ဆိုင်ကယ်တွေ ကျင်းထဲကျပေါင်းလည်း မနည်းတော့ဘူး" ဟု ပြောသည်။

လုပ်ငန်းဆောင်ရွက်ရန်ရှိပါကလည်း ယာဉ်နှင့်လူများ အန္တရာယ်မရှိစေရေးအတွက် ကာရံထားသင့်ပါသည်။ နေ့ဘက်ထက် ညဘက်မီးမလာသည့် ရက်များတွင် အန္တရာယ်ရှိနိုင်သည့်အတွက် သက်ဆိုင်ရာက လိုအပ်သလို ဆောင်ရွက်ပေးရန် ခရီးသွားပြည်သူများနှင့် ပတ်ဝန်းကျင်နေပြည်သူများက လိုလားလျက်ရှိကြောင်း ထင်သာမြင်သာ ပြုပြင်စရာကဏ္ဍမှ တင်ပြအပ်ပါသည်။

**အောင်ဝင်း(ဖျာပုံ)**

# ပြင်ဦးလွင်မြို့အဝင် မန္တလေး-လားရှိုးလမ်းပေါ်မှ ချိုင့်ပေါက်ကြီးကို အမြန်ပြုပြင်ပေးစေလို

ပြင်ဦးလွင်မြို့အဝင် မင်းကြီးသုံးပါးရှေ့ မန္တလေး-လားရှိုးလမ်းမကြီးပေါ်၌ အချင်း၊ အကျယ် နှစ်ပေကျော် သုံးပေနီးပါး၊ အနက်ခြောက်လက်မခန့် ချိုင့်ပေါက်ကြီးတစ်ခုဖြစ်နေသည်ကို တွေ့မြင်နေရသည်။

အဆိုပါနေရာသည် ပြင်ဦးလွင်မြို့အဝင်ဖြစ်ပြီး မြို့၏အထင်ကရဖြစ်သော အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားစသည့် ကြေးရုပ်ကြီးများ ရှိနေသောကြောင့်မြို့နယ်တွင်းနေ ပြည်သူများနှင့် ခရီးသွားဧည့်သည်တို့ အမြဲမပြတ်လာရောက်ကြရာ နေရာဖြစ်နေခြင်း၊ မြို့၏ အဓိပတိလမ်းမကြီးဖြစ်သော မန္တလေး-လားရှိုးလမ်းဖြစ်နေခြင်းတို့ကြောင့် မော်တော်ကား၊ မော်တော်ဆိုင်ကယ်တို့ နေ့စဉ် အများအပြားဖြတ်သန်းသွားနေခြင်းတို့ရှိသဖြင့် ထိုချိုင့်ခွက်ကြီးသည် ခရီးသွားပြည်သူတို့အတွက် နေ့ညမရွေး အန္တရာယ် အလွန်များပြားလျက်ရှိနေသလို မြို့၏ဂုဏ်သရေကိုလည်း ထိခိုက်ညှိုးနွမ်းစေသည်။

ထို့ကြောင့် ယင်းချိုင့်ပေါက်ကြီးကို ခရီးသွားပြည်သူတို့၏ အကျိုးကို မျှော်ကိုးလျက် သက်ဆိုင်ရာတာဝန်ရှိသူတို့က အမြန်ဆုံးပြုပြင် ပေးစေလိုသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# ရာသီတုပ်ကွေး Seasonal Influenza A (H1N1) pdm09 ဓာတ်ခွဲနမူနာများရယူခြင်းနှင့်ပတ်သက်၍ လေ့ကျင့်သင်တန်းပေး




**ရန်ကုန် ဇူလိုင် ၃၁**

ရန်ကုန်မြို့ပေါ်ရှိ ဆေးရုံကြီးများမှ ဓာတ်ခွဲဝန်ထမ်းများအား ရာသီတုပ်ကွေး Seasonal Influenza A (H1N1) pdm09 ဓာတ်ခွဲနမူနာများ ရယူခြင်းနှင့်ပတ်သက်၍ လေ့ကျင့်သင်တန်း ပေးခြင်းကို ယနေ့ နံနက်ပိုင်းတွင် အမှတ်(၃၅) မော်ကွန်းတိုက်လမ်း ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ အမျိုးသား ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန၌ ပြုလုပ်သည်။

အဆိုပါ သင်တန်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ဓာတ်ခွဲ) ပါမောက္ခ ဒေါက်တာဌေးဌေးတင် ဦးဆောင်သော သင်တန်းဆရာများက နှာခေါင်းတို့ ပတ်ယူပုံ၊ ထုပ်ပိုးပုံနှင့် စနစ်တကျပို့ဆောင်ပုံ၊ PPE စနစ်တကျဝတ်ဆင်ပုံနှင့် ချွတ်ယူစွန့်ပစ်ပုံများကို ပို့ချခဲ့ပြီး ရန်ကုန်မြို့ပေါ်ရှိ ဆေးရုံအသီးသီးမှ ရောဂါဗေဒဆရာဝန်များ၊ အဏုဇီဝဗေဒဆရာဝန်များ၊ ဓာတ်ခွဲကျွမ်းကျင်ဝန်ထမ်းများ စုစုပေါင်း ၆၅ ဦး တက်ရောက်ကြသည်။

အဆိုပါသင်တန်းသို့ တက်ရောက်သော သင်တန်းသားများသည် မိမိတို့ဆေးရုံအသီးသီးရှိ ရောဂါရှာဖွေရေးဌာနများတွင် တုပ်ကွေးရောဂါ ရှာဖွေစစ်ဆေးရေးနှင့်ပတ်သက်၍ မှန်ကန်သော ဓာတ်ခွဲနမူနာများကို အန္တရာယ်ကင်းရှင်းစွာရယူ၍ စနစ်တကျ ထုတ်ပိုးပို့ဆောင်နိုင်ရေးအတွက် ဆင့်ပွားသင်တန်းများ ဆက်လက်ပို့ချပေးနိုင်ရန်ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရည်ညွှန်းပြု ဓာတ်ခွဲခန်းဖြစ်သော ဂျပန်နိုင်ငံရှိ National Institute of Infectious Disease (NIID) သို့ ဗိုင်းရပ်စ်မျိုးရင်း၊ မျိုးကွဲများသိရှိရန် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး စံချိန်စံညွှန်း ထိန်းသိမ်းမှုအနေဖြင့် WHO Collaboration Center ဟောင်ကောင်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အသိအမှတ်ပြု အမျိုးသားတုပ်ကွေးရောဂါဌာနကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂၆ ရက်က စတင်ဖွင့်လှစ်ကာ ယနေ့အထိ ရာသီတုပ်ကွေး၊ ကူးစက်မြန်တုပ်ကွေးများအား မော်လီကျူးနည်းပညာဖြင့် အတည်ပြု ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းကို ပြုလုပ်ပေးနေပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်း၍ ရောဂါဗေဒဆရာဝန်များ၊ အဏုဇီဝဗေဒဆရာဝန်များ၊ ဓာတ်ခွဲကျွမ်းကျင်ဝန်ထမ်းများနှင့် အထူးရောဂါနှိမ်နင်းရေးအဖွဲ့မှ ဆရာဝန်များကို တုပ်ကွေးရောဂါ ရှာဖွေစစ်ဆေးခြင်းနှင့် ပတ်သက်ကာ စဉ်ဆက်မပြတ် သင်တန်းများပို့ချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရာသီတုပ်ကွေးရောဂါကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**စစ်တွေ**

ရာသီတုပ်ကွေးရောဂါ (Influenza A) ကြိုတင်ကာကွယ်ရေးနှင့်ရောဂါနှိမ်နင်းရေး ပြည်နယ်အဆင့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၃ နာရီခွဲတွင် စစ်တွေမြို့ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ တက်ရောက်ပြီး ကြိုတင်ကာကွယ်ရေးနှင့် ရောဂါနှိမ်နင်းရေးလုပ်ငန်းများကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားသွားကြောင်း သိရသည်။

အစည်းအဝေးတွင် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြည်လွင်က ရောဂါကြိုတင်ကာကွယ်ရေးနှင့် ကျန်းမာရေးပညာပေး အစီအစဉ်များအတွက် စီစဉ်ထားရှိမှုများကို လည်းကောင်း၊ ပြည်နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာဦးရွှေသိန်းက ကုသရေးလုပ်ငန်းများနှင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများအတွက် စီစဉ်ထားရှိမှုများကို လည်းကောင်း၊ စစ်တွေအထွေထွေရောဂါကုဆေးရုံကြီးမှ သမားတော်ကြီး ဒေါက်တာယဉ်မိုးခိုင်က ရာသီတုပ်ကွေးရောဂါ (Influenza A) အကြောင်းနှင့် ကူးစက်ပုံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ထို့နောက် သတင်းမီဒီယာများနှင့် တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ဖြေကြားပေးကြကြောင်း သိရသည်။

**လေးဝတီထွန်းစောခိုင်**

**ထားဝယ်**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် လက်ရှိဖြစ်ပွားနေသော အပြင်းစား ကြက်ငှက်တုပ်ကွေးရောဂါ H5N1 ကာကွယ်နိုင်ရေးအတွက် ဇူလိုင် ၃၀ ရက် နံနက် ၈ နာရီက ထားဝယ်မြို့ ကမ်းနားဈေး၌ နှာခေါင်းစည်းများ တပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ဦးဆောင်၍ ခရိုင်နှင့် မြို့နယ်များမှ အဖွဲ့ဝင်များက ကမ်းနားဈေးအတွင်း ရောင်းချနေသော ဈေးသူ၊ ဈေးသားများနှင့် လာရောက်ဝယ်ယူသော ဒေသခံများအား H5N1 ကာကွယ်နိုင်ရေးအတွက် နှာခေါင်းစည်းများကို ကိုယ်တိုင်ကိုယ်ကျ တပ်ဆင်ပေးပြီး ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ရေးလက်ကမ်းစာစောင်နှင့် ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာ လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးသည်။

ဆက်လက်၍ အဆိုပါအဖွဲ့ဝင်များသည် ကမ်းနားဈေးအတွင်း ကြက်ဥများနှင့် ကြက်သားများရောင်းချမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**မန္တလေး**

ရာသီတုပ်ကွေးရောဂါ H1N1 နှင့်ပတ်သက်၍ အသိပညာပေးလုပ်ငန်းများကို ယနေ့ နံနက် ၁၁ နာရီခွဲက မန္တလေး အောင်မြေသာစံမြို့နယ် ၂၅ လမ်းနှင့် ၂၆လမ်းကြား ၈၃ လမ်းရှိ အိမ်တွင်းမှုသက်မွေးပညာသင်ကျောင်း သင်တန်းခန်းမ၌ ရှင်းလင်းဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဥမ္မာအောင်က ရာသီတုပ်ကွေးရောဂါ ကူးစက်ခံရမှုမရှိစေရေး ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများအား နှာခေါင်းစည်းများ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

**သဲကုန်း**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းကျင်းပသော ရာသီတုပ်ကွေးရောဂါ A (H1N1)ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၃၁ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်းက အမှာစကားပြောကြားပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မိုးဟိန်းက ရာသီတုပ်ကွေး A (H1N1) ကူးစက်မြန်တုပ်ကွေးအကြောင်းနှင့် ကာကွယ်ရေးနည်းလမ်းများကို အသိပညာပေး ဟောပြောခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်နှင့် နှာခေါင်းစည်းများကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**မိုးညို**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့ အ.ထ.က ကျောင်း သရဖူခန်းမ၌ ရာသီတုပ်ကွေးရောဂါ A (H1N1) ရောဂါအကြောင်း သိကောင်းစရာဟောပြောပွဲကို ဇူလိုင် ၂၉ ရက်က ကျင်းပခဲ့ရာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်ဦးကျော်က အမှာစကား ပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဝေဖြိုးဇော်က (H1N1) ရောဂါအကြောင်း ဆောင်ရန်ရှောင်ရန်နှင့် ရောဂါလက္ခဏာ ကူးစက်ပုံအဆင့်ဆင့်တို့အား လည်းကောင်း၊ ဒေါ်ခိုင်သီတာ (THN)က ကျန်းမာရေးနှင့် ပတ်သက်သော သိကောင်းစရာများကို ပညာပေးဆွေးနွေးရှင်းလင်း ခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီးဆေးရုံကြီး၌ ရာသီတုပ်ကွေး H1N1 ရောဂါဟု သံသယရှိသည့် အမျိုးသမီးတစ်ဦး သေဆုံး

**မကွေး ဇူလိုင် ၃၁**

မင်းဘူးမြို့နယ် ကုန်းသာကျေးရွာမှ ဆေးရုံလာတက်သူ အသက် ၄၅ နှစ်အရွယ် အမျိုးသမီးတစ်ဦး မကွေးတိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီးတွင် ဇူလိုင် ၃၀ ရက် နံနက်ပိုင်းက သေဆုံးသွားခဲ့ပြီး ၎င်းမှာ ရာသီတုပ်ကွေးရောဂါ လက္ခဏာရှိသူဖြစ်သော်လည်း H1N1 ဗိုင်းရပ်စ်ကြောင့် ဟုတ်၊ မဟုတ် သေချာစွာသိရှိစေရန် ၎င်း၏ နှာခေါင်းနှင့် အာခေါင် တို့ပတ်ကို ရန်ကုန်အမျိုးသား ကျန်းမာရေးဓာတ်ခွဲခန်းသို့ ပို့ဆောင်စစ်ဆေး လျက်ရှိကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

"မကွေးတိုင်းဒေသကြီးပြည်သူ့ဆေးရုံမှာ ပြင်းထန်ရာသီတုပ်ကွေးလက္ခဏာရှိသူ ကိုးဦးအနက်က Influenza (B) အမျိုးအစား တစ်ဦး သေဆုံးသွားတာပါ။ Influenza(B)က ဖြစ်လေ့ဖြစ်ထရှိတဲ့ ရာသီတုပ်ကွေးအမျိုးအစားပါ။ လူနာသေဆုံးသွားရတာက အခြားရောဂါအကြောင်းအရင်းကြောင့်လည်း ဖြစ်နိုင်ပါတယ်။ H1N1 ဗိုင်းရပ်စ်ကြောင့် ဟုတ်၊ မဟုတ် သေချာအောင်လို့ လူနာရဲ့နှာခေါင်းနဲ့ အာခေါင်တို့ပတ်ရယူပြီး ရန်ကုန်အမျိုးသားကျန်းမာရေးဓာတ်ခွဲခန်းကို စစ်ဆေးဖို့ ပို့ထားပါတယ်"ဟု မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အထူးရောဂါနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာ ချမ်းမြေ့အေးသောင်က ပြောသည်။

သေဆုံးလူနာမှာ ဇူလိုင် ၂၉ ရက်က မကွေးတိုင်းဒေသကြီးဆေးရုံကြီးသို့ တက်ရောက်လာကာ ဇူလိုင် ၃၀ ရက် နံနက် ၂ နာရီခွဲခန့်တွင် သေဆုံးသွားခြင်းဖြစ်ကြောင်း၊ ပြင်းထန်ရာသီတုပ်ကွေးလက္ခဏာရှိသူ ကိုးဦးတွင် Influenza(A) အမျိုးအစား သုံးဦးရှိပြီး စောင့်ကြည့်ကုသနေစဉ်အတွင်း ရောဂါလက္ခဏာပြင်းထန်လာပါက ရန်ကုန်အမျိုးသားကျန်းမာရေးဓာတ်ခွဲသို့ ပေးပို့စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ ရန်ကုန်အမျိုးသားကျန်းမာရေးဓာတ်ခွဲသို့ ပို့ဆောင်စစ်ဆေးမှုအဖြေအခြေအနေ မှန်ကိုလည်း သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**ဇေယျတု (မကွေး)**

# ရသေ့တောင်မြို့နယ်၌ အကြမ်းဖက်သင်တန်းတက်ရောက်ပြီးသူတစ်ဦး ဖမ်းမိ



အန်နာတုလာ

**နေပြည်တော် ဇူလိုင် ၃၁**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် ဇူလိုင် ၂၇ ရက် ညနေပိုင်းက အကြမ်းဖက်သင်တန်းတက်ရောက်ပြီးသူတစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၂၇ ရက် ညနေ ၅ နာရီခန့်တွင် ရသေ့တောင်မြို့နယ် အထက်နန်းရာကျေးရွာအတွင်း လှည့်ကင်းဆောင်ရွက်စဉ် အထက်နန်းရာကျေးရွာနေ အန်နာတုလာအား ဖမ်းဆီးရမိခဲ့ပြီး ၎င်းအားစစ်ဆေးချက်အရ မေယုတောင်ကြောပေါ်၌ လွန်ခဲ့သောတစ်လခန့်က အကြမ်းဖက်သင်တန်း တက်ရောက်ခဲ့သူဖြစ်ကြောင်း သိရှိရသဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရသေ့တောင်မြို့နယ် ချွတ်ပြင်ချောင်း၌ လူသေအလောင်းသုံးလောင်း တွေ့ရှိ

**နေပြည်တော် ဇူလိုင် ၃၁**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ချွတ်ပြင်ကျေးရွာအုပ်စု ချွန်ပြင်ချောင်း (ခ)ဇော့ပြင်ချောင်းထဲ၌ ယနေ့မွန်းလွဲပိုင်းတွင် လည်ပင်းပြတ်ဒဏ်ရာများဖြင့် သေဆုံးနေသည့် အလောင်းသုံးလောင်း တွေ့ရှိခဲ့ကြောင်း သိရသည်။

ချွတ်ပြင်ကျေးရွာ အရှေ့ဘက် တစ်မိုင်ခန့်အကွာ ချွန်ပြင်ချောင်း (ခ)ဇော့ပြင်ချောင်းထဲ၌ မွန်းလွဲ ၂ နာရီခန့်က လည်ပင်းပြတ်နေသည့် အလောင်းနှစ်လောင်းနှင့် လည်ပင်းပြတ်လုနီးပါး အလောင်းတစ်လောင်း စုစုပေါင်း လူသေအလောင်းသုံးလောင်းအား တွေ့ရှိခဲ့သဖြင့် စစ်ဆေးခဲ့ရာ သေဆုံးသူများမှာ ရသေ့တောင်မြို့နယ် အထက်နန်းရာအုပ်စု နီလင်းပေါ်ကျေးရွာနေ အီမန်နူဆော(၅၄ နှစ်)၊ နော်ရာကင်း (၁၈ နှစ်)နှင့် နိုရာလောင်(၁၅ နှစ်)တို့ဖြစ်ကြောင်း သိရှိရသဖြင့် အမှုဖွင့်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်အောင်မြို့မှ ကြက်များသေဆုံးမှုဖြစ်ပွားသော ကြက်ခြံ၏ သွေးရည်ကြည်နမူနာဓာတ်ခွဲခန်းအဖြေမှာ H5N1 ရောဂါပိုးမတွေ့ရှိကြောင်း သိရ

**မြန်အောင် ဇူလိုင် ၃၁**

မြန်အောင်မြို့ အမှတ်(၁)ရပ်ကွက်ရှိ ဥစားကြက်မွေးမြူသော ကြက်ခြံမှ ကြက်များသေဆုံးမှုဖြစ်ပွားသော ကြက်ခြံသို့ မြန်အောင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးဆောင်၍ ကြက်ခြံအားဆေးဖျန်းခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်ပြီး သေဆုံးသောကြက်သားများနှင့် ကြက်ဥများကို ပြည်သူလူထုအတွင်း ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန် တားမြစ်ထားပြီး ကြက်များသေဆုံးမှုဖြစ်ပွားသော ကြက်ခြံမှ သွေးရည်ကြည်နမူနာကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒေသဆိုင်ရာ ရောဂါရှာဖွေရေးဓာတ်ခွဲခန်း ပုသိမ်မြို့တွင် စစ်ဆေးရာ H5N1 ရောဂါပိုး မတွေ့ရှိကြောင်း ဇူလိုင် ၃၁ ရက်က မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာလှိုင်ဆွေ ထံမှ သိရသည်။

အဆိုပါ အမှတ်(၁)ရပ်ကွက်ရှိ ဥစားကြက်မွေးမြူသော ကြက်ခြံမှ ယနေ့ နံနက်ပိုင်းတွင် ဥစားကြက် ၁၇ ကောင် ထပ်မံသေဆုံးမှုဖြစ်ပွားရာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာလှိုင်ဆွေ ဦးဆောင်သော ဝန်ထမ်းများက ကြက်အသေများကို ဆေးဖျန်း၍ မြေမြှုပ်ခြင်း၊ ကြက်ခြံအားဆေးဖျန်းခြင်းတို့ ဆောင်ရွက်ခဲ့ကြပြီး လတ်ဆတ်သော ကြက်သေနှစ်ကောင်နှင့် သွေးရည်ကြည်နမူနာကို ယနေ့တွင် အင်းစိန်မြို့တိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းသို့ ပို့ဆောင်၍ ရောဂါရှာဖွေစစ်ဆေးခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာလှိုင်ဆွေ ထံမှ သိရသည်။ **ဝင်းဗိုလ် (ပြန်/ဆက်)**

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

**နေပြည်တော် ဇူလိုင် ၃၁** - မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မချမ်းဘောမြို့တွင် ၆ ဒသမ ၂၆ လက်မ၊ မြစ်ကြီးနားမြို့တွင် ၂ ဒသမ ၈၄လက်မ၊ ကော့ကရိတ်မြို့တွင် ၂ ဒသမ ၇၂ လက်မ၊ ရှမ်းရွာသစ်တွင် ၂ ဒသမ ၆၅ လက်မ၊ ပေါင်မြို့တွင် ၂ ဒသမ ၆၀ လက်မ၊ မြဝတီမြို့တွင် ၂ ဒသမ ၄၀ လက်မ၊ လပွတ္တာမြို့တွင် ၂ ဒသမ ၃၆ လက်မနှင့် ဇောင်းတူမြို့တွင် ၁ ဒသမ ၉၃ လက်မတို့ ဖြစ်ကြသည်။ **(မိုး/ဇလ)**

# အမြန်လမ်း လုယက်မှုမှ သံသယရှိသူလူတစ်ဦးအား တူမီးသေနတ်နှင့်အတူ ဖမ်းမိ

**ရေတာရှည် ဇူလိုင် ၃၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရအမြန်လမ်းရဲစခန်းအပိုင် မိုင်တိုင်အမှတ် (၁၇၆/၄ နှင့် ၁၇၆/၅) ကြား ဇူလိုင် ၁၃ ရက် နံနက် ၅ နာရီခွဲခန့်က လူသုံးဦးက ဓားဖြင့်ထောက်၍ ရွှေ၊ ငွေ၊ ဖုန်းနှစ်လုံး တန်ဖိုးငွေကျပ် သိန်း ၈၀ ကျော် လုယက်မှုအား တောင်ငူခရိုင် မှုခင်းအကူဌာနစိတ်မှ ရဲအုပ် တင်ဦးနှင့်အဖွဲ့၊ ဖြူး၊ သာဂရအမြန်လမ်းရဲတပ်ဖွဲ့နှင့် ဆွာနယ်မြေရဲစခန်းတို့မှ အမှုစစ်စခန်းမှူးများပါဝင်သော အထူးအမှုစစ်အဖွဲ့ဖြင့် စုံစမ်းစစ်ဆေးခဲ့သည်။

မသင်္ကာသူတစ်ဦးဖြစ်သူ ခေါကြီး(ခ)ဝင်းမျိုးဦး ရွှေညောင်ပင်တဲစု ဂုံမင်းကွင်းကျေးရွာအုပ်စု ဆွာမြို့နေသူကို ဇူလိုင် ၃၀ ရက် ညနေ ၄ နာရီခွဲခန့်က ဖမ်းဆီးရမိခဲ့ပြီး ခေါကြီး(ခ)ဝင်းမျိုးဦးသည် တရားမဝင် တူးမီးသေနတ်ကိုင်ဆောင်အသုံးပြုကြောင်း ဒေသသတင်းများအရ ဆက်လက်စစ်ဆေးရှာဖွေခဲ့ရာ ၎င်း၏နေအိမ် အနောက်တောင်ဘက် ကိုက် ၁၅၀ ခန့်အကွာရှိ ချုံအတွင်းဝှက်ထားသော သစ်သားကိုယ်ထည်တွင် သံပြောင်းတပ်ဆင်ထားသည့် အရှည်လေးပေ ငါးလက်မခွဲရှိ တူမီးသေနတ်အား ဖမ်းဆီးရမိခဲ့၍ ဆွာနယ်မြေရဲစခန်းက အမှုဖွင့်ကာ ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။



**ကိုလွင် (ဆွာ)**

# ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ တရားဝင်တင်ပြနိုင်ခြင်းမရှိသည့် သစ်မျိုးစုံ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၃၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်မှ စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၃၀ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၇၄ စီး၊ သွင်းကုန် ၅၉၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၆ စီး၊ သွင်းကုန် ၁၈၄ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၀ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၀ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၂ ဒသမ ၇၉၆ သန်းခန့် ဖမ်းဆီးရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၃၀ ရက်၌ လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၁၉၁ မိုင် ၇ ဖာလုံ၊ ပန်ဖက်ရွာအနီး၌ ခရီးသည်တင်ယာဉ်နှစ်စီးနှင့် Hiace ယာဉ်တစ်စီးတို့ မသင်္ကာဖွယ်ရပ်တန့်ထားကြောင်း သတင်းရရှိ၍ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ထုသစ် ၁၂ ချောင်း (၃ ဒသမ ၇၄၆၈ တန်)၊ တမလန်းခွားရွှေသစ် အချောင်း၂၀၊ (၀ ဒသမ ၈၉၄၈ တန်)၊ ပိတောက်ခွားရွှေသစ် လေးချောင်း (၀ ဒသမ ၄၀၈၈ တန်)နှင့်ပစ္စည်းသယ်ဆောင်သည့်ယာဉ် သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅ ဒသမ ၁၅၀ သန်းခန့်အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သာစည်မြို့နယ်၌ ဘိန်းစိမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၃၁**

အမှတ်(၁၈) မူးယစ်တပ်ဖွဲ့စု(မန္တလေး)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၃၁ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာ တောင်ကြီး-မိတ္ထီလာကားလမ်း၌ ခရီးသည်တင်မှန်လုံယာဉ်အားရှာဖွေရာ ခရီးသည် ကျော်လှ၏ ခရီးဆောင်အိတ်အတွင်းမှ ဘိန်းစိမ်း ၂၇ ဒသမ ၃ ကီလိုနှင့် ဖုန်းနှစ်လုံးတို့ကိုလည်းကောင်း၊ အလားတူ ဇူလိုင် ၃၀ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က မိုးမိတ်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့နယ် လက်ခုတ်တန်းရပ်ကွက်နေ မောင်စောဏ် နေအိမ်အားရှာဖွေရာ မောင်စော၊ သန်းလွင်၊ ထွန်းမင်းသူ၊ ချစ်ကိုတို့အား တွေ့ရှိရပြီး နေအိမ်အောက်ထပ်မှ ဘိန်းစိမ်း တစ်ဂရမ် ကိုလည်းကောင်း၊ ထွန်းမင်းသူထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၄၀၀ နှင့် ငွေကျပ် ၅၁၀၀၀၀ ကိုလည်းကောင်း၊ ချစ်ကိုထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ ၊ သန်းလွင်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၊ ဘိန်းဖြူ ၁၀ ဒသမ ၀၁ ဂရမ် နှင့် ငွေကျပ် ၆၀၀၀၀၀ တို့ကိုလည်းကောင်း၊ မော်ဘီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၉ ရက် ည ၈ နာရီခွဲခန့်က မော်ဘီမြို့နယ် လှပဒါးကျေးရွာအုပ်စုနေ ဖြိုးမြတ်၏ နေအိမ်ကို ရှာဖွေရာ ထိုက်မိုးဝေ(ခ) ထောက်တိုး၊ စိုးသူ၊ မသင်းသင်းဆွေနှင့် မထက်ထက်ရွှေ (ခ)မဒါဇင်မိုးတို့ကို တွေ့ရှိရပြီး စိုးသူမှာ ထွက်ပြေးလွတ်မြောက်သွားသဖြင့် နေအိမ်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၄၉ ပြား၊ စိတ်ကြွရူးသွပ်ဆေးမှုန့် ၁ ဒသမ ၅ ဂရမ်နှင့် ဆေးခြောက် ၁ ဒသမ ၅ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် စိုးသူ(ဖမ်းမမိသေး)နှင့် ဖြိုးမြတ် (ဖမ်းမမိသေး)အပါအဝင် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**ကိုရဲ**

# အောင်လံမြို့၌ မီးရထားနှင့် ထော်လာဂျီယာဉ်တိုက်မိမှုဖြစ်ပွား

**နေပြည်တော် ဇူလိုင် ၃၁**

မကွေးတိုင်းဒေသကြီး အောင်လံမြို့ စက်ရုံရပ်ကွက် မီးရထားလမ်းတွင် ဇူလိုင် ၃၀ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က မီးရထားနှင့် ထော်လာဂျီယာဉ်တိုက်မိမှု ဖြစ်ပွားကြောင်း သတင်းအရ အောင်လံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာ အောင်လံမြို့တရော်ကုန်းရပ်နေ အောင်ဆန်းဦး(၃၉ နှစ်) မောင်းနှင်ပြီး သရက်မြို့နယ် ကျောက်အိုးကျေးရွာနေ ဇော်ညီညီအောင်(၁၈ နှစ်) လိုက်ပါလာသော 9X/---- ထော်လာဂျီယာဉ်သည် အခင်းဖြစ်နေရာအရောက် မီးရထားသံလမ်းအား ဖြတ်ကူးမောင်းနှင်စဉ် နေပြည်တော်မှ ပြည်မြို့ဘက်သို့ မောင်းနှင်လာသော အဆန်(၁၀၉)မီးရထားမှ ဝင်ရောက်တိုက်မိသဖြင့် အောင်ဆန်းဦးနှင့် ဇော်ညီညီတို့တွင် ဒဏ်ရာများရရှိခဲ့ကြောင်း စစ်ဆေးသိရှိရပြီး ယာဉ်မဆင်မခြင်မောင်းနှင်သူ အောင်ဆန်းဦးကို အောင်လံမြို့မရဲစခန်းက ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# တနိုင်းလမ်းမကြီးပေါ်၌ ယာဉ်တိုက်မှုကြောင့် ကလေးငယ်တစ်ဦး သေဆုံး

**မိုးကောင်း ဇူလိုင် ၃၁**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မြစ်ကြီးနား-တနိုင်းလမ်းမကြီးပေါ်ရှိ ဆီးဒင်ယံကျေးရွာနှင့် ကံလှကျေးရွာကြား၌ ဇူလိုင် ၃၀ ရက် မွန်းလွဲ ၁ နာရီခွဲက ယာဉ်တိုက်မှုကြောင့် ကလေးငယ်တစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တနိုင်းဘက်မှ မောင်းနှင်လာသော မြစ်ကြီးနားမြို့တပ်ကုန်းရပ်ကွက်တွင် နေထိုင်သူ မောင်ကုဋ္ဌေစီ(၂၉ နှစ်)၏ PROBOX ယာဉ်သည် ဆီးဒင်ယံကျေးရွာနှင့် ကံလှကျေးရွာကြားအရောက်တွင် လမ်းဖြတ်ကူးလာသူ မိုးကောင်းမြို့နယ် ညောင်ကုန်းကျေးရွာနေ ဦးစိုးထွန်း၏သား မောင်ဉာဏ်လင်းအောင်(၃ နှစ်)အား တိုက်မိ၍ ဒဏ်ရာများရရှိကာ သေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ မောင်ကုဋ္ဌေစီကို မိုးကောင်းမြို့နယ် နမ္မတီးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

# ရွှေဂုံတိုင်ခုံးကျော်တံတားပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွား

**ရန်ကုန် ဇူလိုင် ၃၁**

ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ်ချင်းရပ်ကွက် ကမ္ဘာအေးဘုရားလမ်း ရွှေဂုံတိုင်ခုံးကျော်တံတားပေါ်၌ ဇူလိုင် ၃၁ ရက် နံနက် ၁၀ နာရီက ယာဉ်တိုက်မှုတစ်ခု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း နှင်းဆီကုန်းဘိုးဘွားရိပ်သာဘက်မှ မောင်းနှင်လာသော Mazda Demio အမျိုးအစား Taxi 9E /---- ယာဉ်သည် ခုံးပေါ်တွင် ဂငယ်ကွေ့ကွေ့လိုက်ရာ တစ်ဖက်ယာဉ်ကြောမှတက်လာသော YBS (36) 5N/---- ယာဉ်နှင့် ဝင်တိုက်မိပြီး တက္ကစီယာဉ်မောင်း(စိုးရိမ်ရ)အား ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ရသည်။

အဆိုပါ ယာဉ်တိုက်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ဗဟန်းမြို့နယ် ယာဉ်မှုစစ်ဌာနမှ ရဲအုပ် ရဲမင်းထွန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နိုင်လင်းအောင် (ပြန်/ဆက်)**




**မွေးနေ့အထိမ်းအမှတ်ပူဇော်ပွဲ**

(၁၃၇၉ခုနှစ်၊ ဝါခေါင်လပြည့်နေ့)၇-၈-၂၀၁၇ ရက်(တနင်္လာနေ့) နံနက် ၆း၃၀နာရီတွင် ကမ္ဘာအေးစွန်းလွန်း ဆရာတော်ကြီးဦးဝိနယ၏ မွေးနေ့အထိမ်းအမှတ်ပူဇော်ပွဲ ကျင်းပပြုလုပ်ပါမည်။

**ကမ္ဘာအေးစွန်းလွန်း**
**ပဋ္ဌိပတ္တိသာသနာ နုဂ္ဂဟအဖွဲ့**

**ဖခင်အမည်မှန်**

ချင်းပြည်နယ်၊ ဟားခါးမြို့၊ ဈေးသစ်ရပ်ကွက်၊ အလက-ခွဲ(ချင်းဦးစီး) အဌမတန်းမှ မောင်ဘွေကုန်းဆန်၏ ဖခင်အမည်မှန်မှာဦးဘွေလွယ် HKA-၀၈၈၄၅၅ ဖြစ်ပါကြောင်း။

**အမည်မှန်**

ဦးကျော်ကိုကို ၉/တကန(နိုင်)၁၂၆၂၀၅၏ သမီး နေပြည်တော် SSEC Private School KGတန်းမှ မဖွေးဖွေး၏အမည်မှန်မှာ မဖွေးဖွေးဖြူ ဖြစ်ပါကြောင်း။ **မဖွေးဖွေးဖြူ**

**ဖခင်အမည်မှန်**

ပေါင်မြို့နယ်၊ အထက(ခွဲ)ဥတ္တံတား၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်ဇော်ဇော်အောင်နှင့် အထက(ပေါင်) သတ္တမတန်း(A)မှ မအိစီစီမိုးတို့၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဝင်း ၁၀/ပမန(နိုင်) ၀၆၁၁၅၁ဖြစ်ပါကြောင်း။ **ဦးမြင့်ဝင်း**

**ဖခင်အမည်မှန်**

ပေါင်မြို့နယ်၊ အထက(ခွဲ)(မင်းတန်း) နဝမတန်း(B)မှ မငယ်ယဉ်အေး၏ ဖခင်အမည်မှန်မှာ ဦးထွန်းအေး ၁၀/ပမန(နိုင်)၂၀၉၄၄၀ဖြစ်ပါကြောင်း။ **ဦးထွန်းအေး**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဟုမ္မလင်းမြို့နယ်၊ မာလုံကျေးရွာနေ မောင်အိမ့်ညီသူ၏ ဖခင်အမည်မှန်မှာ ဦးအိုက်ညွန့်(ခ)ဦးစံညွန့် ၅/ဟမလ(နိုင်)၀၇၂၄၂၄သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးအိုက်ညွန့်(ခ)ဦးစံညွန့်**

**မိဘအမည်မှန်**

ပေါင်မြို့နယ်၊ အထက(ခွဲ)၊ (မင်းတန်း) တက္ကသိုလ်ဝင်တန်း(A)မှ မခိုင်ယဉ်မွန်၏ မိဘအမည်မှန်မှာ မင်းညီညီစိုး ၁၀/ပမန(နိုင်)၀၉၈၈၀၀နှင့် ဒေါ်ခင်မြင့် ၁၀/ပမန(နိုင်)၀၉၉၀၂၀ တို့ဖြစ်ပါကြောင်း။ **မင်းညီညီစိုး-ဒေါ်ခင်မြင့်**

**ဖခင်အမည်မှန်**

မိုးညှင်းမြို့နယ်၊ အထက (နန်းမား) တက္ကသိုလ်ဝင်တန်း(F)မှ မမေသူလင်း၏ ဖခင်အမည်မှန်မှာ ဦးဇင်မင်းဦးဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

တနိုင်းမြို့နယ်၊ အထက တက္ကသိုလ်ဝင်တန်း (E)မှ မနှားဆာနူ၏ ဖခင်အမည်မှန်မှာ ဦးငွါးဖူဆဲ ဖြစ်ပါကြောင်း။ **ဦးငွါးဖူဆဲ**

**ကန့်ကွက်နိုင်ပါကြောင်း**

ပြည်မြို့၊ နဝင်းနယ်မြေ၊ ဝါရုံရပ်ကွက်၊ ဦးပိုင်အမှတ်(၄၆၁/၆၈၇)ဧရိယာ(သုည ဒသမ ၀၂၇)ဧကရှိမြေကွက်သည် ကျွန်တော် ဦးကျော်မင်းဦး ၇/ပမန(နိုင်)၁၁၅၆၇၃ နေထိုင်ပိုင်ဆိုင်ကြောင်းကို တရားရုံးကျမ်းကျိန်ထားပါသည်။ သက်ဆိုင်ရာသို့ မြေငှားဂရန်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။
**ဦးကျော်မင်းဦး ၇/ပမန(နိုင်)၁၁၅၆၇၃**
**ဖုန်း-၀၉-၅၃၇၁၀၈၂**

**ဖခင်အမည်မှန်**

ပေါင်မြို့နယ်၊ဥတ္တံတားကျေးရွာ၊အထက(ခွဲ)၊ ဥတ္တံတား၊ တက္ကသိုလ် ဝင်တန်း(A)မှ မောင်သန့်ဇင်အောင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းလှိုင် ၁၀/ပမန(နိုင်)၀၀၄၃၆၂ ဖြစ်ပါသည်။ **ဦးဝင်းလှိုင်**

**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ ပုဂံ (အထက) တက္ကသိုလ်ဝင်တန်း(B)မှ မောင်သက်လင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးသန်းမြင့်ဦး ၈/ပခက(နိုင်)၁၅၁၃၉၁ ဖြစ်ပါကြောင်း။ **ဦးသန်းမြင့်ဦး**

**ဖခင်အမည်မှန်**

ဖာပွန်မြို့၊ အထက နဝမတန်း(A)မှ မနန္ဒာလင်း၏ ဖခင်အမည်မှန်မှာ စိုင်းသန်းထိုက်ဦး ၃/ဖပန(နိုင်)၀၁၃၂၂၄ ဖြစ်ပါသည်။ **စိုင်းသန်းထိုက်ဦး**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅၂)ရပ်ကွက်၊ အမှတ် ၂၄၉နေ ဦးစံထွန်း၏သား ဦးအုန်းဟံ ၁၂/လကန(နိုင်)၀၈၆၄၀၇နှင့် ဦးအုန်းဟန်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးအုန်းဟံ(ခ)ဦးအုန်းဟန်**

# မြောက်ကိုရီးယားနိုင်ငံနှင့်ပတ်သက်၍ဆုံးဖြတ်ချက်ချရန် တရုတ်နိုင်ငံအားအမေရိကန်တိုက်တွန်း

**ဝါရှင်တန် ဇူလိုင် ၃၁**

မြောက်ကိုရီးယားနိုင်ငံကို ဆန့်ကျင်သည့် အရေးကြီးသောခြေလှမ်းတစ်ခုကို စတင်ရန်ရှိမရှိနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချသွားရန် အမေရိကန်ပြည်ထောင်စုက တရုတ်နိုင်ငံကို တိုက်တွန်းပြောကြားလိုက်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်နစ်ကီဟာလေသည် မြောက်ကိုရီးယားနိုင်ငံက ၎င်း၏ဒုတိယမြောက် တိုက်ချင်းပစ်ဒုံးကျည် စမ်းသပ်မှုကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ပြီဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပြီးနောက် ထိုသို့တိုက်တွန်းပြောကြားမှုကို ဖော်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ကုလသမဂ္ဂဆိုင်ရာအမေရိကန်သံအမတ်နစ်ကီဟာလေ

နစ်ကီဟာလေက ပြောဆိုဆွေးနွေးမှုများပြုလုပ်ရမည့်အချိန်ကုန်လွန်ခဲ့ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားနှင့်ဒုံးကျည်အစီအစဉ်များ အတွက် ငွေကြေးရရှိနေမှုကို ဖြတ်တောက်ပစ်ရန် မြောက်ကိုရီးယားနှင့် စီးပွားရေးဖက်စပ်လုပ်ကိုင်နေသည့် တရုတ်ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းများကို နှိပ်ကွပ်ရန် တောင်းဆိုလျက်ရှိသည်။

အမေရိကန်သည် မြောက်ကိုရီးယားအပေါ်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် အရေးယူဆောင်ရွက်မှုအသစ်များ တိုးမြှင့်လုပ်ဆောင်သွားနိုင်ရေးအတွက် တရုတ်နိုင်ငံနှင့် စကားပြောဆိုဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# ဗင်နီဇွဲလား၌ရွေးကောက်ပွဲဆိုင်ရာ အဓိကရုဏ်းဖြစ်ပွားရာ ခုနစ်ဦးသေဆုံး

**ကရာကက်စ် ဇူလိုင် ၃၁**

ဗင်နီဇွဲလားနိုင်ငံတွင် နိုင်ငံရေးအဖွဲ့အစည်းသစ်များအတွက် အဖွဲ့ဝင်များရွေးချယ်ရန် ရွေးကောက်ပွဲတစ်ရပ်ကိုကျင်းပလျက်ရှိရာ ရွေးကောက်ပွဲအတွင်း ဆန္ဒပြဆူပူမှုများ ဖြစ်ပွားခဲ့မှုကြောင့် လူခုနစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ပြည်တွင်းအတိုက်အခံများနှင့် နိုင်ငံတကာ၏ဝေဖန်ရှုတ်ချမှုများရှိခဲ့သော်လည်း ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ ဗင်နီဇွဲလားသမ္မတနီကိုးလပ်စ်မဒူရိုသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ရာထူးနေရာ ၅၄၅ နေရာအတွက် မဲပေးရွေးချယ်မှုပြုလုပ်ရန် ဆုံးဖြတ်ချက်ချခဲ့သည်။ အဆိုပါအဖွဲ့ဝင်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေကိုအသစ်ပြန်လည်ရေးဆွဲပြဋ္ဌာန်းနိုင်ရန် လုပ်ပိုင်ခွင့်အာဏာရှိသူများဖြစ်လာကြမည်ဖြစ်သည်။

ပြည်တွင်းနှင့် ပြည်ပရှိ နိုင်ငံရေးဝေဖန်သုံးသပ်သူများက ဖွဲ့စည်းပုံအသစ်သည် လက်ရှိဥပဒေပြုလွှတ်တော်ကို အနှောင့်အယှက်ပြုလာလိမ့်မည်ဟု ဝေဖန်သုံးသပ်ခဲ့ကြသည်။

အတိုက်အခံအဖွဲ့အစည်းများသည် မဲပေးမှုကိုသပိတ်မှောက်ခဲ့ကြသည်။လူထုစုဝေးမှုများပြုလုပ်ကာ ဆန္ဒထုတ်ဖော်ရန်နှင့် မိန်းလမ်းများကိုပိတ်ဆို့ထားကြရန် ပြည်သူလူထုအားတောင်းဆိုခဲ့သည်။တက်ချီရာမြောက်ပိုင်းပြည်နယ်တွင် ဆန္ဒဖော်ထုတ်သူနှစ်ဦးတို့ သေနတ်ဖြင့်ပစ်သတ်ခံရပြီးသေဆုံးခဲ့သည်။

ဆန္ဒပြသူများသည် မဲပေးရာတွင်အသုံးပြုသည့် စက်ကိရိယာများကို ဖျက်ဆီးခဲ့ကြပြီးအချို့မှာ မဲရုံများကိုထိခိုက်ပျက်စီးအောင် လုပ်ဆောင်ခဲ့ကြကြောင်း ဒေသမီဒီယာကဖော်ပြခဲ့သည်။ ဗင်နီဇွဲလားနိုင်ငံသည် ကုန်ဈေးနှုန်းခေါင်ခိုက်အောင်တက်မှုနှင့် နေ့စဉ်သုံးကုန်ပစ္စည်းများပြတ်တောက်မှုကိုရင်ဆိုင်နေရသည်။ ဗင်နီဇွဲလားသမ္မတနီကိုးလပ်စ်မဒူရိုမှာလည်း ရာထူးမှနုတ်ထွက်ပေးရန် ဖိအားပေးမှုကိုခံနေရသည်။

**(အင်န်အိတ်ချ်ကေ)**






# ရုရှားနိုင်ငံရှိ အမေရိကန်သံတမန်အဖွဲ့ဝင်အရေအတွက် ၇၅၅ ဦးလျှော့ချသင့်ကြောင်း ပူတင်ပြော

**မော်စကို ဇူလိုင် ၃၁**

ရုရှားနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံတမန်ရေးရာအဖွဲ့အစည်းမှ လုပ်ငန်းဆောင်ရွက်သူပေါင်း ၇၅၅ ဦးလျှော့ချသင့်ကြောင်း၊ ထို့အပြင် ကွန်ဂရက်က သဘောတူခဲ့သော အမေရိကန်၏ တားမြစ်ပိတ်ဆို့မှုအသစ်များကိုလည်း တုံ့ပြန်မှုများဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယမန်နေ့က ရုရှားရုပ်သံလိုင်း တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ရုရှားသမ္မတဗလာဒီမာပူတင်က ပြောခဲ့သည်။

ရုရှားနိုင်ငံတွင်ရှိသော အမေရိကန်နိုင်ငံ၏ သံတမန်ရေးရာအဖွဲ့အစည်းမှ လုပ်ငန်းဆောင်ရွက်သူပေါင်း ၇၅၅ဦးလျှော့ချခြင်းဖြင့် နှစ်နိုင်ငံ ဆက်ဆံရေးတွင် လိုအပ်သော သံတမန်အရေအတွက်ဖြစ်သည့် ၄၅၅ ဦးအထိရောက်ရှိလာမည်ဖြစ်ကြောင်း ရုရှားက ပြောခဲ့သည်။

သို့မှသာလျှင် အမေရိကန်တွင် တာဝန်ထမ်းဆောင်နေသော ရုရှားသံတမန်အဖွဲ့နှင့် အရေအတွက်တူမည်ဖြစ်ကြောင်း ရုရှားက ပြောခဲ့သည်။ အမေရိကန်လွှတ်တော်နှစ်ရပ်က တစ်ခဲနက်သဘောတူခဲ့သည့် ရုရှားအပေါ် ပိတ်ဆို့မှုအသစ်ဆိုင်ရာ ဥပဒေကြမ်းနှင့်ပတ်သက်ပြီး အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က လက်မှတ်ရေးထိုးခဲ့ကြောင်းသိရသည်။

ယမန်နေ့ ဗက်စ်တီရုပ်သံတွေ့ဆုံမေးမြန်းခန်းတွင် ပူတင်က အမေရိကန်နိုင်ငံသည် လာမည့်စက်တင်ဘာလ ၁ ရက်နေ့တွင် သံတမန်နှင့်အခြားအမှုထမ်းပေါင်း ၇၅၅ ဦးကို လျှော့ချလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရုရှားနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့သည် စွမ်းအင်၊ လေကြောင်းနှင့် အာကာသစသည့် ကဏ္ဍများတွင် အနာဂတ်ပူးပေါင်းဆောင်ရွက်မှုအလားအလာများစွာရှိပြီး နှစ်နိုင်ငံအရေးကြီးကဏ္ဍပူးပေါင်းဆောင်ရွက်မှုများတွင် အများအပြား သေဆုံးစေနိုင်သည့် လက်နက်များကိုကန့်သတ်ခြင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် ဆီးရီးယားအရေးကိစ္စများလည်းရှိသေးကြောင်း ပူတင်က ပြောခဲ့သည်။

ဩဂုတ်လ ၁ရက်နေ့မှစကာ ရုရှားနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးအဖြစ် မော်စကိုမြို့အနောက်ပိုင်းရှိ အပန်းဖြေစခန်းနှင့် မော်စကိုမြို့တောင်ပိုင်းရှိ အဆောက်အအုံများအား အသုံးပြုခြင်းကို ကန့်သတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ရိုက်တာ၊ဆင်ဟွာ)**

# ဘိန်းဖြူ ၁၅၀၀ ကီလိုဂရမ်တင်ဆောင်လာသော ပနားမားသင်္ဘောကို အိန္ဒိယအာဏာပိုင်များဖမ်းဆီးခဲ့

**နယူးဒေလီ ဇူလိုင် ၃၁**

အိန္ဒိယကမ်းခြေအလွန်တွင် ဘိန်းဖြူအလေးချိန် ၁၅၀၀ကီလိုဂရမ်ခန့်တင်ဆောင်လာသည့် ပနားမားသင်္ဘောတစ်စင်းကို အိန္ဒိယကမ်းခြေစောင့်တာဝန်ရှိသူများက ကြားဖြတ်တားဆီးနိုင်ခဲ့ကြောင်း မကြာသေးမီကပြောခဲ့သည်။ သတင်းရရှိမှုအရ ပနားမားမှတ်ပုံတင်ထားသည့် သင်္ဘောဟန်နရီအား ကြားဖြတ်ဟန့်တား ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ၏စုစုပေါင်းတန်ဖိုးသည် နိုင်ငံတကာဈေးကွက်တွင် အမေရိကန်ဒေါ်လာ ၅၄၆ သန်းခန့်တန်ဖိုးရှိကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ပြောသည်။

အဆိုပါသင်္ဘောအား ကြားဖြတ်ဖမ်းမိနိုင်ရေးအတွက် အိန္ဒိယကမ်းခြေစောင့်တပ်ဖွဲ့၊ ရဲတပ်ဖွဲ့၊ အကောက်ခွန်ဌာန၊ ရေတပ်နှင့် အခြားထောက်လှမ်းရေးဌာနများ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ဘင်္ဂလားဒေ့ရှ်တွင် တင်ပါးဆုံချင်းဆက် အမြွှာညီအစ်မကို မကြာမီခွဲစိတ်ကုသမည်

**ဒါကာ ဇူလိုင် ၃၁**

ဘင်္ဂလားဒေ့ရှ်၏အကြီးဆုံး ပြည်သူ့ဆေးရုံဖြစ်သော ဒါကာဆေးဘက်ဆိုင်ရာ ကောလိပ်နှင့် ဆေးရုံတွင် တက်ရောက်ကုသနေသော တိုဖာနှင့် တိုဟူရာအမည်ရှိ တင်ပါးဆုံချင်းဆက်အမြွှာညီအစ်မကို လာမည့် ဩဂုတ် ၁ ရက်တွင် ခွဲစိတ်သွားမည်ဖြစ်ကြောင်း သိရသည်။

တင်ပါးဆုံချင်းဆက်အမြွှာညီအစ်မများကို ပြီးခဲ့သည့်နှစ် အောက်တိုဘာလကတည်းက ဆေးရုံကစောင့်ရှောက်ခဲ့ခြင်းဖြစ်ကြောင်း ဒါကာဆေးဘက်ဆိုင်ရာ ကလေးအထူးကုခွဲစိတ်ဌာန တွဲဖက်ပါမောက္ခရှာနော်အစလမ်က ပြောခဲ့သည်။

ယခုအခါတွင် အသက်ကိုးလရှိပြီဖြစ်သော တင်ပါးဆုံချင်းဆက် အမြွှာညီအစ်မကို မြို့တော် ဒါကာမှ ၂၆၈ ကီလိုမီတာဝေးသော ဂိုင်ဗန်ဒါခရိုင်မြောက်ပိုင်းတွင် မွေးဖွားခဲ့ပြီး ၎င်းတို့နှစ်ဦးကို ဆေးရုံကစောင့်ရှောက်ခဲ့ကြောင်း၊ တင်ပါးဆုံချင်းဆက် အမြွှာလေးများ၏မိခင်ဖြစ်သူ ဆာဟီဒါဘီဂမ်က ၎င်း၏ကလေးနှစ်ဦးကို ပုံမှန်ဘဝသို့ ပြန်လည်ရောက်ရှိရေး မျှော်လင့်ထားကြောင်း သိရသည်။

၂၀၀၂ခုနှစ်ဇန်နဝါရီလက ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပထမဆုံးအကြိမ်အမြွှာကလေးအား ခွဲစိတ်ကုသပေးခဲ့ရာ သေဆုံးခဲ့သော်လည်း နောက်ပိုင်းတွင် အမြွှာကလေးများကို ထပ်မံခွဲစိတ်ကုသပေးခဲ့ရာ အချို့မှာ ကျန်းမာသောဘဝများဖြင့် ဖြတ်သန်းလျက်ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**

# အာဖဂန်မြေပေါ်တွင် အမေရိကန်တပ်များဆက်လက်ထားရှိရန် သင့်မသင့် ထရန့်အဖြေရှာ

ခြူးစန္ဒီနွေး

**အာဖဂန်မြေပေါ်မှာ အမေရိကန်တပ်တွေ ရောက်ရှိနေတာ ၁၆ နှစ်နီးပါးရှိပါပြီ။ အာဖဂန်နစ္စတန်မှာ သဘာဝသယံဇာတဖြစ်တဲ့ သတ္တုတွေ အင်မတန်ကြွယ်ဝပြီး အနောက်တိုင်းကုမ္ပဏီတွေဟာ ဒီကနေအကျိုးအမြတ်တွေ အများကြီးရနေတယ်လို့ အာဖဂန်အရာရှိတွေနဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ရဲ့အကြံပေးတွေက ဆိုပါတယ်။**

အာဖဂန်မှာအမေရိကန်တပ်ဖွဲ့ဝင်တွေကို ပြန်လည်ရုပ်သိမ်းမယ်၊ မရုပ်သိမ်းဘူးဆိုတာ ဆွေးနွေးနေတာကြာပါပြီ။ အာဖဂန်အစိုးရဘက်ကို ကြည့်မယ်ဆိုရင်လည်း တာလီဘန်တွေနဲ့ အစွန်းရောက်စစ်သွေးကြွတွေကို နှိမ်နင်းနိုင်ဖို့ ခိုင်မာတဲ့အင်အားမရှိသေးပါဘူး။ အမေရိကန်ဦးဆောင်တဲ့ မဟာမိတ်တပ်ဖွဲ့တွေကို အားကိုးနေရဆဲဖြစ်ပါတယ်။ အဲဒီအချိန်မှာပဲ အာဖဂန်သမ္မတ Ashraf Ghani ဟာ နိုင်ငံအတွင်းမှာရှိတဲ့ မိုင်းတွင်းတွေကို နိုင်ငံရဲ့အဓိကစီးပွားရေးအခွင့်အလမ်းအဖြစ် မြှင့်တင်လိုပါတယ်။ အာဖဂန်မှာရှိတဲ့ သတ္တုတွင်းတွေနဲ့ ပတ်သက်ပြီးလည်း အာဖဂန်သမ္မတဟာ ဒေါ်နယ်ထရန့်နဲ့ ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ မစ္စတာ ထရန့်ကတော့ အာဖဂန်ကို အမေရိကန်တပ်တွေ စေလွှတ်ရန်သင့် မသင့် စဉ်းစားနေပါတယ်။ အာဖဂန်မှာ အမေရိကန်တပ်တွေ ရှိနေခြင်းဟာ စစ်အသုံးစရိတ်တွေ ကုန်ကျမှုများပြားတဲ့အတွက် အများက နှစ်ခြိုက်သဘောတူညီမှု မရှိပါဘူး။

အာဖဂန်နစ္စတန်မှာ အမေရိကန်တပ်တွေ ဆက်ထားဖို့ဆိုရင်တော့ အကြောင်းပြချက်ကောင်းတွေရှိမှပဲဖြစ်တော့မှာပါ။ အိမ်ဖြူတော်ကတော့ အာဖဂန်မှာရှိတဲ့ မိုင်းတွင်းအရာရှိတွေနဲ့ တွေ့ဆုံဖို့ သံတမန်တွေ စေလွှတ်ဖို့ရန် စဉ်းစားနေကြပါပြီ။ လွန်ခဲ့တဲ့ သီတင်းပတ်ကလည်း အာဖဂန်နစ္စတန်ပေါ်မှာထားရှိတဲ့ အမေရိကန်ရဲ့မူဝါဒနဲ့ ပတ်သက်ပြီး အကြိတ်အနယ်ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ သမ္မတထရန့်ရဲ့ အကြီးတန်း အရာရှိသုံးဦးဟာ ရှားပါးသတ္တုထုတ်ယူမှုနဲ့ ပတ်သက်ပြီး သတ္တု တွင်းက အကြီးအကဲတွေနဲ့ ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။



၂၀၁၀ ပြည့်နှစ်က အမေရိကန်အရာရှိတွေ အာဖဂန်နစ္စတန်မှာ ထုတ်ယူသုံးစွဲခြင်းမပြုရသေးတဲ့ တွင်းထွက်ပစ္စည်းတွေဟာ ဒေါ်လာတစ်ထရီလီယံနီးပါးရှိတယ်လို့ ခန့်မှန်းခဲ့ကြပါတယ်။ ဈေးကွက်မတည်ငြိမ်မှုတွေကြောင့် အဲဒီခန့်မှန်းချက်ဟာ တကယ်ပဲပြည့်မီပါ့မလားဆိုတာ အငြင်းပွားစရာတွေ ဖြစ်လာပါတယ်။ ဒါပေမယ့်လည်း ဒေါ်လာတစ်ထရီလီယံဆိုတဲ့ တန်ဖိုးဟာ စီးပွားရေးသမားတစ်ဦးဖြစ်တဲ့ ထရန့်ကို ကောင်းကောင်းဆွဲဆောင်နိုင်ခဲ့ပါတယ်။ ၂၀၀၆ ခုနှစ်မှာ သမ္မတဂျော့ဒဗလျူဘုရှ်ဟာ အာဖဂန်မှာရှိတဲ့ တွင်းထွက်သယံဇာတတွေနဲ့ ပတ်သက်ပြီး မြေပုံရေးဆွဲဖို့ လေကြောင်းကနေတစ်ဆင့် လေ့လာမှုတွေ ပြုလုပ်ခဲ့ပါတယ်။ သမ္မတ အိုဘားမားလက်ထက်ကျတော့ မိုင်းတွင်းတွေတည်ဆောက်ဖို့ တပ်ဖွဲ့ဝင်တွေ စေလွှတ်ခဲ့ပါတယ်။ အဲဒီအခါမှာ စိန်ခေါ်မှုတွေ အများကြီးနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ အဓိကကတော့ လုံခြုံရေးပါပဲ။ ဒါ့အပြင် လမ်းတွေ၊ တံတားတွေမရှိလို့ လမ်းပန်းဆက်သွယ်ရေးလည်း ခက်ခဲပါတယ်။ တွင်းထွက်ပစ္စည်းတွေ ထုတ်ယူခြင်းဟာ အာဖဂန်မှာရှိတဲ့ ပြဿနာပေါင်းများစွာကို ဖြေရှင်းနိုင်မယ်လို့ သမ္မတထရန့်ရဲ့ အစိုးရအဖွဲ့က ယုံကြည်ခဲ့ရင် ဒါဟာမိုက်မဲတာပဲလို့ သတိပေးကြပါတယ်။ တွင်းထွက်ပစ္စည်းတွေကို အကြောင်းပြပြီး စစ်ရေးအရ အချိတ်အဆက်မပြတ်အောင် ပြုလုပ်မယ်ဆိုတာ တကယ်ကို အန္တရာယ်များတဲ့ကိစ္စပါလို့ RAND အဖွဲ့အစည်းရဲ့ အာဖဂန်နစ္စတန်နဲ့ ပါကစ္စတန်ဆိုင်ရာ ကိုယ်စားလှယ်က ပြောပါတယ်။ RAND ဆိုတာကတော့ ကမ္ဘာတစ်လွှားမှာ ပြည်သူ့ရေးရာမူဝါဒနဲ့ ပတ်သက်ပြီး လေ့လာအဖြေရှာမှုတွေ ပြုလုပ်နေတဲ့ အဖွဲ့အစည်းပဲဖြစ်ပါတယ်။

ထရန့်ကတော့ ဒီလိုသုံးသပ်ပြတာကို အရေးမစိုက်ပါဘူး။ စီးပွားရေးသမားတစ်ဦးပီပီ မိုင်းတွင်းကနေတစ်ဆင့် တိုင်းပြည်ရဲ့အကျိုးစီးပွားကို ဖြစ်ထွန်းစေမယ်၊ ဈေးကွက်ကို ပိုင်စိုးထားနိုင်မယ်၊ အမေရိကန်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းပိုရလာမယ်။ ဒီဆွဲဆောင်မှုတွေကိုပဲ ပိုပြီးမက်မောပါတယ်။

တရုတ်နိုင်ငံဟာဆိုရင် အာဖဂန်မြို့တော် ကဘူးမှာရှိတဲ့ ကြေးနီသတ္တုတွင်းတွေမှာ ဒေါ်လာ ၃ ဘီလီယံတန်ဖိုးရှိတဲ့ စာချုပ်ကို ချုပ်ဆိုထားပါတယ်။ အမေရိကန်နဲ့ တရုတ်ဟာ စီးပွားရေးအပြိုင်ဖြစ်နေတော့ ဈေးကွက်ကို နှစ်ဖက်စလုံးက အပိုင်သိမ်းချင်ကြပါတယ်။ ဈေးကွက်လုဖို့ရုံ သက်သက်နဲ့ အမေရိကန်တွေရဲ့ အသက်တွေကို စတေးမပစ်ဖို့ ထရန့်ကို သတိပေးကြပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ ၂၀၀၁ ခုနှစ်ကတည်းက အာဖဂန်စစ်ပွဲအတွင်း ပါဝင်ခဲ့တာဖြစ်လို့ အခုဆိုရင် ၁၆ နှစ်ရှိလာပါပြီ။ အချိန်ကြာလာတာနဲ့အမျှ စရိတ်လည်း ထောင်းလာပါတယ်။ ဒါကြောင့်မို့ အာဖဂန်ကို တပ်ဖွဲ့ဝင်တွေထပ်ပြီးစေလွှတ်ဖို့ မလွယ်ကူပါဘူး။ အမေရိကန်ကာကွယ်ရေးဝန်ကြီးနဲ့ အမျိုးသားလုံခြုံရေးအကြံပေးတို့ ဦးဆောင်တဲ့ အဖွဲ့ဟာ အာဖဂန်အပေါ်မှာထားရှိတဲ့ မူဝါဒနဲ့ပတ်သက်ပြီး ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ အာဖဂန်မှာရှိတဲ့ တာလီဘန်တွေနဲ့ အစွန်းရောက်စစ်သွေးကြွတွေကို နှိမ်နင်းဖို့ဆိုရင် လက်ရှိအင်အားနဲ့မလုံလောက်သေးပါဘူး။ အာဖဂန်အစိုးရတပ်တွေကို လုံလောက်တဲ့အကူအညီတွေ မပေးနိုင်သေးပါဘူး။ တာလီဘန်တွေနဲ့ အိုင်အက်စ်တွေကို တန်ပြန်တိုက်ခိုက်နိုင်ဖို့ အာဖဂန်တပ်ဖွဲ့တွေကို လေ့ကျင့်ပေးဖို့လိုပါတယ်။ လွန်ခဲ့တဲ့သီတင်းပတ်မှာပဲ ပင်တဂွန်မှာ သတင်း ထောက်တွေက တပ်ဖွဲ့ဝင်တွေ စေလွှတ်တာနဲ့ပတ်သက်ပြီး ထရန့်ကို မေးမြန်းခဲ့ကြပါတယ်။ ထရန့်ကတော့ ထပ်ပြီးစေလွှတ်ဖို့အစီအစဉ်ရှိတယ်လို့ဖြေပါတယ်။ အိုင်အက်စ်တွေကလည်း ကျဆုံးခန်းကို ရောက်နေပါပြီ။ အာဖဂန်မှာပြုလုပ်နေတဲ့ အကြမ်းဖက်တန်ပြန် တိုက်စစ်တွေကလည်း ကျဆင်းနေတယ်လို့ သူထင်တယ်လို့လည်း ဖြေပါတယ်။ အရင် သမ္မတနှစ်ဆက်လက်ထက်ကတည်းက မအောင်မြင်ခဲ့တဲ့မူဝါဒတွေ ကြားထဲမှာ ထရန့်တစ်ယောက်ပိတ်မိနေမှာပဲ စိုးရိမ်ရပါတယ်။

အာဖဂန်မှာရှိတဲ့ သတ္တုတွင်းတွေနဲ့ ပတ်သက်လို့ကတော့ သတိပေးမှုတွေ အများကြီးပါပဲ။ လုံခြုံရေးအခြေအနေ ဆိုးရွားတာရယ်၊ ဈေးကျဆင်းမှုတွေရယ်ကြောင့် ၂၀၀၉ခုနှစ် ကတည်းက အခြေအနေသိပ်မကောင်းပါဘူး။ ဒီတော့သတ္တုတွင်းတွေကနေ အကျိုးအမြတ် အများကြီးရနိုင်တယ်ဆိုတာကရော တကယ်ဖြစ်ပါ့မလား။ ကြေးနီ၊ သံနဲ့အခြားသော ရှားပါးသတ္တုတွေဟာ တာလီဘန်တွေ အဓိကထိန်းချုပ်ထားတဲ့နေရာတွေမှာရှိပါတယ်။ အဲဒီနေရာကနေသတ္တုတွေ ထုတ်ယူဖို့ဆိုတာ အန္တရာယ်များလွန်းလှပါတယ်။ လုံခြုံရေးပေးနိုင်ဖို့ မလွယ်ကူပါဘူး။ အနာဂတ်မှာအာဖဂန်ရဲ့စီးပွားရေးကို အထောက်အကူဖြစ်စေဖို့ သတ္တုတွေအများကြီးရှိပါတယ်။ သတ္တုတွင်းကရတဲ့ အကျိုးအမြတ်တွေကို အာဖဂန်ပြည်သူတွေ ခံစားရဖို့ဆိုရင်တော့ အတားအဆီးတွေ အများကြီးပါပဲ။ ထရန့်ရဲ့အစိုးရအဖွဲ့ဟာ အာဖဂန်အစိုးရနဲ့အတူ ပူးပေါင်းလုပ်ဆောင်လိုပါတယ်။ အိုဘားမားအစိုးရလက်ထက်တုန်းကတော့ အာဖဂန်သမ္မတဟာ မိုင်းတွင်းလုပ်ငန်းတွေ တည်ဆောက်မှု လျှင်လျှင်မြန်မြန်ကြီး ဖြစ်လာမှာကို သိပ်ပြီးမလိုလားပါဘူး။ လုပ်ငန်းတွေဖြစ်တည်လာမှုနဲ့အတူ အကျင့်ပျက်ခြစားမှုတွေ ကပ်ပါလာမှာကို စိုးရိမ် လို့ပါပဲ။ ထရန့်သမ္မတဖြစ်လာတဲ့အခါမှာတော့ သူ့စိတ်ကူးတွေဟာ ပြောင်းလဲသွားပါတယ်။ သူဟာထရန့်နဲ့အတူ အလုပ်တွဲလုပ်ချင်လာတယ်။ အာဖဂန်ရဲ့သတ္တုတွင်းတွေကနေ အကျိုးအမြတ်တွေ ရရှိလာအောင် ဖန်တီးချင်လာတယ်။ ထရန့်ဟာ စီးပွားရေးသမားလည်းဖြစ်တော့ ပိုပြီးစွမ်းဆောင်လာနိုင်မယ်လို့လဲ ယုံကြည်လို့ပါပဲ။

ထရန့်ကတော့ သူသမ္မတဖြစ်လာတဲ့အချိန်ကစပြီး အာဖဂန်နဲ့ပတ်သက်လို့ သူ့သဘောထားကို လူထုကိုချပြတာနည်းပါတယ်။ ဒါပေမယ့် အာဖဂန်မြေမှာအမေရိကန်ရဲ့ စစ်ရေးအရ ဆောင်ရွက်မှုတွေမှာတော့ ဘယ်လိုအကျိုးအမြတ်တွေရမလဲဆိုတာတော့ သူစဉ်းစားပါတယ်။ အာဖဂန်အစိုးရကလည်း တာလီဘန် တွေနဲ့ အစွန်းရောက်စစ်သွေးကြွတွေကို နှိမ်နင်းဖို့တပ်ကူတွေ လိုအပ်နေတဲ့အချိန်၊ သတ္တုတွင်းတွေကနေ စီးပွားရေးလုပ်ဖို့ လိုလားနေတဲ့အချိန်မှာ ထရန့်ကလည်း အာဖဂန်မြေပေါ်မှာ အမေရိကန်တပ်တွေ ဆက်ထားသင့်၊ မထားသင့် စဉ်းစားအဖြေရှာနေရပါတယ်။

**ကိုးကား-နယူးယောက်တိုင်းမ်**

**၂၀၁၀ ပြည့်နှစ်က အမေရိကန်အရာရှိတွေ အာဖဂန်နစ္စတန်မှာ ထုတ်ယူသုံးစွဲခြင်း မပြုရသေးတဲ့ တွင်းထွက်ပစ္စည်းတွေဟာ ဒေါ်လာ တစ်ထရီလီယံနီးပါး ရှိတယ်လို့ ခန့်မှန်းခဲ့ကြပါတယ်။ ဈေးကွက်မတည်ငြိမ်မှုတွေကြောင့် အဲဒီခန့်မှန်းချက်ဟာ တကယ်ပဲ ပြည့်မီပါ့မလားဆိုတာ အငြင်းပွားစရာတွေ ဖြစ်လာပါတယ်။ ဒါပေမယ့်လည်း ဒေါ်လာ တစ်ထရီလီယံဆိုတဲ့တန်ဖိုးဟာ စီးပွားရေး သမားတစ်ဦးဖြစ်တဲ့ ထရန့်ကိုကောင်းကောင်း ဆွဲဆောင်နိုင်ခဲ့**

## အရှေ့တောင်အာရှတွင် အိုင်အက်စ်စစ်သွေးကြွများ ရောက်ရှိမလာစေရေး စောင့်ကြည့်မှုများပြုလုပ်သွားမည်

**အင်ဒိုနီးရှား ဇူလိုင် ၃၁**

အာရှပစိဖိတ်ဒေသမှ ခြောက်နိုင်ငံသည် စစ်သွေးကြွများ အခြေစိုက်စခန်းများတည်ဆောက်မှုများနှင့် အကြမ်းဖက်လှုပ်ရှားမှုများကို စောင့်ကြည့်မှုများပြုလုပ်သွားမည်ဟု သဘောတူခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် အိုင်အက်စ်တို့ကို ထောက်ပံ့ပေးနေသော စစ်သွေးကြွများနှင့် အစိုးရတပ်များ တိုက်ပွဲဖြစ်ပွားလျက်ရှိရာ နှစ်လကျော်ကြာမြင့်လာပြီဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံမှ တိုက်ခိုက်ရေးသမားများသည် စစ်သွေးကြွအုပ်စုများနှင့် ဆက်သွယ်မှုများ ပြုလုပ်နေကြသည်။ ဖိလစ်ပိုင်၊ မလေးရှားနှင့် ဩစတြေးလျနိုင်ငံတို့အပါအဝင်ခြောက်နိုင်ငံမှ အကြမ်းဖက်တန်ပြန်တိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်ရန် ဆွေးနွေးပွဲကို အင်ဒိုနီးရှားနိုင်ငံ ဆူလာဝီကျွန်း၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် စစ်သွေးကြွများနှင့် ပတ်သက်သည့်သတင်းအချက်အလက်များကို နိုင်ငံအချင်းချင်းမျှဝေကြရန်၊ နယ်စပ်လုံခြုံရေးမြှင့်တင်ရန်၊ အကြမ်းဖက်တိုက်ဖျက်ရေးကို အတူတကွပူးပေါင်းဆောင်ရွက်ကြရန် သဘောတူခဲ့ကြသည်။ အင်ဒိုနီးရှားနိုင်ငံမှ လုံခြုံရေးဝန်ကြီးက ဆွေးနွေးပွဲတွင်ပါဝင်ခဲ့သော နိုင်ငံများသည် အတူတကွပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အရှေ့တောင်အာရှ၌ အိုင်အက်စ်စစ်သွေးကြွများ ခြေကုပ်ယူနိုင်ခြင်းမရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

**(အင်န်အိတ်ချ်ကေ )**

# တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း

*ယမန်နေ့မှ အဆက်*

(ဒ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ တီထွင်မှုမူပိုင်ခွင့်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်သည့် ဦးစီးဌာနရှိ ညွှန်ကြားရေးမှူးအောက် မနိမ့်သော အရာရှိကို ဆိုသည်။

(ဓ) **စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ တီထွင်မှုမူပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ စစ်ဆေးမှုများ ဆောင်ရွက်သည့် ဦးစီးဌာနရှိ ဦးစီးအရာရှိနှင့် အထက်အဆင့်ရှိသော အရာရှိကို ဆိုသည်။

(န) **ဦးစားပေးအခွင့်အရေး** ဆိုသည်မှာ ပုဒ်မ ၄၀ ပါ ဦးစားပေးအခွင့်အရေးကို ဆိုသည်။

(ပ) **ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး** ဆိုသည်မှာ ပုဒ်မ ၄၁ ပါ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို ဆိုသည်။

**အခန်း (၂)**

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) တီထွင်မှု မူပိုင်ခွင့်ရရှိသူနှင့် တီထွင်သူတို့၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ဤဥပဒေနှင့်အညီ အကာအကွယ်ပေးရန်၊

(ခ) နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုများနှင့် နည်းပညာဖြန့်ဖြူး လွှဲပြောင်းရေးတို့ကို မြှင့်တင်နိုင်ခြင်းအားဖြင့် နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုကို ဖွံ့ဖြိုးတိုးတက် စေရန်၊

(ဂ) တီထွင်သူများနှင့် တီထွင်မှုကိုအသုံးပြုသူများ အကြား နည်းပညာဗဟုသုတနှင့် လူမှုစီးပွားဘဝ သာယာဝပြောရေးများကို အပြန်အလှန် အကျိုးပြုစေရန်၊

(ဃ) တီထွင်သူများနှင့် တီထွင်မှုကိုသုံးစွဲသူများ၏ အခွင့်အရေးနှင့် စောင့်ထိန်းရမည့် တာဝန်ဝတ္တရားများအကြား ဟန်ချက်ညီနိုင်ရေးတို့တွင် အထောက်အကူဖြစ်စေရန်၊

(င) တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် အခွင့်အရေးရရှိသူမှ တီထွင်မှုမူပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်းနှင့် ကုန်သွယ်မှုတွင် သင့်တင့်မျှတမှုမရှိဘဲ ထိန်းချုပ်ထားခြင်းတို့ကို ဟန့်တားနိုင်ရန်။

**အခန်း(၃)**

**ကော်မတီဖွဲ့စည်းခြင်းနှင့်ယင်း၏ လုပ်ငန်းတာဝန်များ**

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူများနှင့် ပညာရှင်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ကော်မတီဖွဲ့စည်းရာတွင် အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက် အတွင်းရေးမှူးတို့ကို သတ်မှတ်၍ တာဝန်ပေးအပ်ရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသောကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) နိုင်ငံတော်တွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် စနစ်ကောင်းစွာဖွံ့ဖြိုးတိုးတက်စေရန် အမျိုးသားအဆင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာမူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များ ချမှတ်ခြင်းနှင့် ယင်းတို့အား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြီးကြပ်လမ်းညွှန်မှု ပေးခြင်း၊

(ခ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များတွင် နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေးအတွက် အကြံပြုတင်ပြခြင်း၊

(ဂ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်မှုများကို အရေးယူ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဃ) ဦးစီးဌာနမှ တင်ပြလာသည့် မလွဲမသွေပေးရမည့် လိုင်စင်ထုတ်ပေးနိုင်ရေးအတွက် နိုင်ငံတော်၏ လမ်းညွှန်မှုကိုခံယူ၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(င) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

**အခန်း(၄)**

**ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ**

၆။ ဦးစီးဌာနသည် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စီမံခန့်ခွဲနိုင်ရန်နှင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့် စပ်လျဉ်းသည့် လုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊

(ခ) ကော်မတီက ချမှတ်သော အမျိုးသားအဆင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာမူဝါဒများ၊ မဟာဗျူဟာများနှင့် လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘော တူညီချက်များတွင် နိုင်ငံတော်က အဖွဲ့ဝင်အဖြစ်ပါဝင်နိုင်ရေးအတွက် ကော်မတီသို့ လေ့လာတင်ပြခြင်း၊

(ဃ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်မှုများကို အရေးယူဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းနိုင်ရန်နှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များ သတ်မှတ်နိုင်ရန်အတွက် ကော်မတီသို့ အကြံပြုတင်ပြခြင်း၊

(င) နိုင်ငံတော်က အဖွဲ့ဝင်အဖြစ်ပါဝင်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များပါ ပြဋ္ဌာန်းချက်များနှင့် အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(စ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့် စပ်လျဉ်းသည့် ပြည်တွင်းရှိသက်ဆိုင်ရာ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) တီထွင်မှုမူပိုင်ခွင့် သတင်းအချက်အလက်များ အသုံးပြုမှု မြှင့်တင်ပေးခြင်းဖြင့် နည်းပညာဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးခြင်း၊

(ဇ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ခွင့်ပြုရာတွင် အသုံးပြုမည့် တံဆိပ်တုံးကို အတည်ပြုသတ်မှတ်ခြင်း၊

(ဈ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ည) ဤဥပဒေနှင့်အညီ ကောက်ခံရမည့် အခကြေးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ဋ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ထုတ်ပြန်ကြေညာခြင်း၊

(ဌ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ မှတ်ပုံတင်စာရင်းများကို ထိန်းသိမ်းထားရှိခြင်း၊

(ဍ) ပြည်ထောင်စုအစိုးရအဖွဲ့၊ ဝန်ကြီးဌာနနှင့် ကော်မတီတို့က အခါအားလျော်စွာ ပေးအပ်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

**အခန်း(၅)**

**မှတ်ပုံတင်အရာရှိနှင့် စစ်ဆေးရေးအရာရှိများ ခန့်အပ်ခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း**

၇။ ညွှန်ကြားရေးမှူးချုပ်သည် ဦးစီးဌာနတွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်စပ်လျဉ်း၍ လုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်သည့်မှတ်ပုံတင်အရာရှိနှင့် စစ်ဆေးရေးအရာရှိတို့ကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် တာဝန်ပေးအပ်နိုင်သည်။

၈။ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါ အတိုင်းဖြစ်သည် -

(က) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် စစ်ဆေးရေးအရာရှိ၏ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဂ) တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်းကို ဆုံးဖြတ်ခြင်း၊

(ဃ) ကော်မတီနှင့် ဦးစီးဌာနတို့က ပေးအပ်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကိုထမ်းဆောင်ခြင်း။

၉။ စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါ အတိုင်းဖြစ်သည် -

(က) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားခြင်းများကို စစ်ဆေးခြင်း၊

(ခ) တီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်နှင့် ခုခံချေပချက်တို့ကို စစ်ဆေးပြီး တွေ့ရှိချက်ကို သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိ ထံတင်ပြခြင်း၊

(ဂ) တီထွင်မှုမူပိုင်ခွင့်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်သော ပုဂ္ဂိုလ်များကို ခေါ်ယူမေးမြန်းခြင်းနှင့် စာရွက်စာတမ်း အထောက်အထားများ တောင်းခံရန် လိုအပ်ပါက မှတ်ပုံတင်အရာရှိထံတင်ပြခြင်း၊

(ဃ) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို စစ်ဆေးပြီးနောက် ခွင့်ပြုရန် သင့်၊ မသင့် သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊

(င) ကော်မတီ၊ ဦးစီးဌာနနှင့် မှတ်ပုံတင်အရာရှိတို့က ပေးအပ်သော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

**အခန်း (၆)**

**အကာအကွယ်ရရှိနိုင်သောတီထွင်မှုများ**

၁၀။ တီထွင်မှုသည် အောက်ပါအချက်များနှင့် ညီညွတ်သည့်အပြင် ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်များနှင့်လည်း ငြိစွန်းခြင်းမရှိပါက တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အကာအကွယ်ရရှိနိုင်သော တီထွင်မှုများဖြစ်သည်-

(က) တီထွင်မှုအသစ်ဖြစ်ခြင်း၊

ရှင်းလင်းချက်။ ။တီထွင်မှုသည် ယခင်ရှိပြီးသား နည်းပညာတစ်ခု အနေဖြင့် မရှိခဲ့လျှင် အသစ်ဖြစ်သည်။ ယခင်ရှိပြီးသား နည်းပညာဟုဆိုရာတွင် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသည့်နေ့ရက် သို့မဟုတ် ဦးစားပေး အခွင့်အရေးတောင်းဆိုလျှောက်ထားပါက ယင်းဦးစားပေးအခွင့်အရေး တောင်းဆိုသည့်နေ့ရက်မတိုင်မီ မည်သည့်နေရာတွင်မဆို တီထွင်မှုကို ပုံနှိပ်ထုတ်ဝေခြင်း၊ နှုတ်ဖြင့်ဖွင့်ဟပြောဆိုခြင်း၊ အသုံးပြုခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ပြည်သူသို့ ထုတ်ဖော်အသိပေးထားသည့် သို့မဟုတ် ပြည်သူမှ ရယူအသုံးပြုနိုင်မည့် နည်းပညာများ ပါဝင်သည်။

(ခ) တီထွင်မှုအဆင့်တစ်ရပ်ပါရှိခြင်း၊

ရှင်းလင်းချက်။ ။ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသည့် တီထွင်မှုကို သက်ဆိုင်ရာ နည်းပညာနယ်ပယ်တွင် ကျွမ်းကျင်သူတစ်ဦးက အလွယ်တကူ နားလည်နိုင်စွမ်းမရှိပါက ယင်းတီထွင်မှုသည် တီထွင်မှု အဆင့်တစ်ရပ်ပါရှိသော တီထွင်မှုဖြစ်သည်ဟု သတ်မှတ်ရမည်။

(ဂ) တီထွင်မှုကို စက်မှုလက်မှုလုပ်ငန်းတစ်ရပ်ရပ်တွင် အသုံးချနိုင်ခြင်း။

ရှင်းလင်းချက်။ ။တီထွင်မှုကို စက်မှုလက်မှုလုပ်ငန်းတစ်ရပ်ရပ်၌ အသုံးချနိုင်ခြင်းဆိုရာတွင် ယင်းတီထွင်မှုကို စက်မှုလက်မှုလုပ်ငန်းတွင်ပြုလုပ်နိုင်ရမည် သို့မဟုတ် အသုံးပြုနိုင်ရမည်။ စက်မှုလက်မှုလုပ်ငန်းဟူသော စကားရပ်တွင် ကုန်ပစ္စည်းများ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများကို ရှေးရှုသည့် လူမှုစီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုများအဖြစ် ကျယ်ပြန့်စွာပါဝင်ပြီး အထူးသဖြင့် လက်မှုပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးနှင့်ဝန်ဆောင်မှု လုပ်ငန်းများလည်း ပါဝင်သည်။

**အခန်း (၇)**

**အကာအကွယ်မရရှိနိုင်သော တီထွင်မှုများ**

၁၁။ (က) အောက်ပါတို့သည် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အကာအကွယ် မရရှိနိုင်သော တီထွင်မှုများ ဖြစ်သည်-

(၁) ရှာဖွေတွေ့ရှိချက်များ၊ သိပ္ပံဆိုင်ရာ သီအိုရီများနှင့် သင်္ချာဆိုင်ရာ တွက်ချက်နည်းများ၊

(၂) စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ အပြုအမူ သက်သက် ဆောင်ရွက်ခြင်း သို့မဟုတ် ဂိမ်းများကစားခြင်းနှင့်စပ်လျဉ်းသည့် စနစ်များ၊ စည်းမျဉ်းစည်းကမ်းများ သို့မဟုတ် နည်းလမ်းများ၊

(၃) ကွန်ပျူတာပရိုဂရမ်များ၊

(၄) ဇီဝမဟုတ်သော ထုတ်လုပ်မှုနည်းစဉ်နှင့် အဏုဇီဝထုတ်လုပ်မှု နည်းစဉ်များမှ တစ်ပါး အပင်များ သို့မဟုတ် တိရစ္ဆာန်များကို စိုက်ပျိုးမွေးမြူရေးအတွက် အဓိကကျသော ဇီဝဆိုင်ရာ ထုတ်လုပ်မှုနည်းစဉ်များ၊

(၅) ပြုလုပ်ဖန်တီးထားသည့် အဏုဇီဝများမှ တစ်ပါး သဘာဝတွင်တွေ့ရှိရသော သက်ရှိများနှင့် ဇီဝပစ္စည်းများ၏ တစ်ကိုယ်လုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်း အပါအဝင် သတ္တဝါမျိုးနွယ်များနှင့် အပင်မျိုးစိတ်များ အားလုံး အကျုံးဝင်သည့် အပင်များနှင့် သတ္တဝါများ၊ ဒီအင်န်အေနှင့် ဖြည့်ဖက်ဆက်တန်းများပါဝင်သော ဒီအင်န်အေများ[1]၊ ဆဲလ်များ[2]၊ ဆဲလ်လိုင်းများ[3]၊ မွေးမြူထားသော ဆဲလ်များ[4]နှင့်အစေ့များ။

(၆) လူနှင့်တိရစ္ဆာန်များ၏ ခန္ဓာကိုယ်တွင် လက်တွေ့စမ်းသပ်ပြီး ရရှိလာသော ရောဂါရှာဖွေခြင်း နည်းလမ်းများအပါအဝင် လူနှင့်တိရစ္ဆာန်များ၏ ခန္ဓာကိုယ်ကို ခွဲစိတ်ခြင်း သို့မဟုတ် ကုသခြင်းနည်းလမ်းများ။

(၇) သဘာဝအတိုင်းရှိသည့် အရာဝတ္ထုများ၊ အသုံးပြုမှုအသစ်များနှင့် ပုံသဏ္ဌာန်အသစ်များအပါအဝင် အများသိရှိထားပြီးဖြစ်သည့် အရာဝတ္ထုများ သို့မဟုတ် အခါအားလျော်စွာ သတ်မှတ်ဖော်ပြသည့် ဓာတုထုတ်ကုန်များ စသည်တို့နှင့် ဆက်နွယ်သည့် တီထွင်မှုများ၊

(၈) အများပြည်သူ၏ ကိုယ်ကျင့်သိက္ခာကိုဖြစ်စေ၊ အေးချမ်းတည်ငြိမ်မှုကိုဖြစ်စေ၊ လူ၊ တိရစ္ဆာန် သို့မဟုတ် အပင်ကိုဖြစ်စေ၊ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကိုဖြစ်စေ ဆိုးရွားစွာ ထိခိုက်နိုင်သည့် တီထွင်မှုများနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ နိုင်ငံတော်၏ နယ်နိမိတ်အတွင်း အသုံးချမှုကို တားမြစ်ထားသော တီထွင်မှုများ။

(ခ) ဆေးဝါးနှင့်စပ်လျဉ်းသည့် ထုတ်ကုန် သို့မဟုတ် ထုတ်လုပ်မှုနည်းစဉ်သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုနှင့်သက်ဆိုင်သည့်အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာကောင်စီ၏ မူဝါဒအရ ပြည်ထောင်စုအစိုးရအဖွဲ့က သီးခြားထပ်မံသတ်မှတ်ခြင်းမရှိလျှင် ၂၀၃၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့အထိ တီထွင်မှုမူပိုင်ခွင့်အကာအကွယ် မရရှိသော တီထွင်မှုဖြစ်သည်

*(ဆက်လက်ဖော်ပြပါမည်)*

# မြန်မာ့ မင်းခမ်းတော်ဝင်ပစ္စည်းများ

မောင်သာ(ရှေးဟောင်းသုတေသန)

သမိုင်းစဉ်တစ်လျှောက် ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းနှင့် နေထိုင်ခဲ့ကြသည့် မြန်မာတို့သည် ခေတ်အဆက်ဆက် ဘုရင်စနစ်ကို ကျင့်သုံးခဲ့ကြသည်။ ပထမမြန်မာနိုင်ငံတော် ပုဂံခေတ်ကို ထူထောင်ခဲ့သည့် ခရစ်နှစ် ၁၀၄၄ ခုနှစ်မှ တတိယမြန်မာနိုင်ငံတော် ကုန်းဘောင်ခေတ် ပျက်သုဉ်းခဲ့သည့် ခရစ်နှစ် ၁၈၈၅ ခုနှစ်အထိ မြန်မာတို့သည် ထီးနန်းအဆောက်အအုံများကို ခမ်းနားကြီးကျယ်စွာ ဆောက်လုပ်ခဲ့ကြသည်။

မြန်မာဘုရင်စနစ် နန်းသက်များတစ်လျှောက် တော်ဝင်ထီးနန်းဓလေ့များကို ကျင့်သုံးလျက် နန်းသုံးပစ္စည်းများကို အသုံးပြုခဲ့ကြရာ ကုန်းဘောင်နှောင်းပိုင်းနှင့် ရတနာပုံခေတ် မင်းခမ်းတော်ပစ္စည်းများသည် မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှု အမွေအနှစ်များအဖြစ် အများဆုံးကျန်ရှိခဲ့သည်။ မြန်မာနိုင်ငံတွင် ဘုရင်စနစ်အဆုံးသတ်ကာ လွတ်လပ်ရေးဆုံးရှုံးခဲ့သည့် ၁၈၈၅ ခုနှစ်တွင် မြန်မာ့နန်းသုံးတော်ဝင်ပစ္စည်းများနှင့် အဖိုးတန်ရတနာများသည် နယ်ချဲ့တို့၏လက်အောက်တွင် ပျောက်ပျက်ဆုံးရှုံးခဲ့ရသည်။

ယင်းတို့အနက် ပြည်ပသို့ရောက်ရှိခဲ့ကာ ကလကတ္တားပြတိုက်တွင် ပြသထားသည့် သီဟာသနပလ္လင်အပါအဝင် မင်းခမ်းတော်ဝင်ပစ္စည်းများ ၁၄၁ မျိုးကို မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ပြန်လည်ရရှိခဲ့ရာ ယင်းတို့ကို အမျိုးသားပြတိုက်(ရန်ကုန်)တွင် ခင်းကျင်းပြသခဲ့သည်။

မင်းခမ်းတော်ဟူသည့် ဝေါဟာရကို မြန်မာအဘိဓာန်တွင် မင်းခမ်းမင်းနားဆိုင်ရာ လက်ဝဲလက်ယာ အခင်းအကျင်းဟု အဓိပ္ပာယ်ဖွင့်ဆိုထားရာ မင်းခမ်းတော်ဝင်ပစ္စည်းများသည် မြန်မာဘုရင်များလက်ထက်က တော်ဝင်အခမ်းအနားများတွင် သုံးစွဲလေ့ရှိသည့် နန်းသုံးပစ္စည်းများဖြစ်ကြသည်။ ဇေယျသင်္ခယာပြုစုသည့် ရွှေဘုံနိဒါန်းတွင် မင်းခမ်းတော် ၂၆ ပါးကို လက်ဝဲမင်းခမ်း ၁၃ပါးနှင့် လက်ယာမင်းခမ်း ၁၃ ပါးဟု ပြဆိုသည်။ အမျိုးသားပြတိုက်တွင်မူ လက်ယာမင်းခမ်းတော် ၁၇ ပါးနှင့် လက်ဝဲမင်းခမ်းတော် ၁၈ ပါး ပြသထားသည်။

### သီဟာသန ပလ္လင်တော်

မြန်မာဘုရင်တို့၏ မင်းခမ်းတော်တွင် ပလ္လင်ရှစ်ပါးရှိရာ သီဟာသနပလ္လင်ကို မြေနန်းပြာသာဒ်နှင့် လွှတ်တော်ဇေတဝန်ဆောင်၊ ဘမယာသနပလ္လင်ကို မှန်နန်းဆောင်၊ ပဒုမာသနပလ္လင်ကို အနောက်ဇေတဝန်ဆောင်၊ ဟံသာသနပလ္လင်ကို အရှေ့ဇေတဝန်ဆောင်၊ ဂဇာသနပလ္လင်ကို ပြဲတိုက်ဆောင်၊ သင်္ခါသနပလ္လင်ကို လေသာဆောင်၊ မိဂါသနပလ္လင်ကို တောင်စမုတ်ဆောင်နှင့် မယုရာသနပလ္လင်ကို မြောက်စမုတ်ဆောင်တွင် ထားရှိသည်။ ယခုအခါတွင် မူရင်းသီဟာသနပလ္လင်နှင့် ကျန်ပလ္လင်ခုနစ်ပါး၏ ပုံစံငယ်များကို အမျိုးသားပြတိုက်(ရန်ကုန်)တွင် လေ့လာနိုင်ကြသည်။

မြန်မာ့တော်ဝင် မင်းခမ်းတော်ပစ္စည်းများအနက် လွှတ်တော်၌တရားစီရင်ချိန်တွင် ရှင်ဘုရင်ထိုင်တော်မူသည့် သီဟာသနပလ္လင်သည် အခမ်းနားဆုံးနှင့် အကြီးဆုံးဖြစ်သည်။ ပါဠိဝေါဟာရ သီဟာသနပလ္လင်္ကကို ခြင်္သေ့(ခံထားသော)နေရာဟု အနက်ပြန်ဆိုသည်။ ဘုရင်ထိုင်သည့် မြင့်မြတ်သောနေရာဟုလည်း အဓိပ္ပာယ်ရှိသည့် သီဟာသနပလ္လင်ကို ကုန်းဘောင်ခေတ်နန်းစဉ်တွင် မြေနန်းပြာသာဒ်နှင့် လွှတ်တော်ဇေတဝန်ဆောင်၌ ထားရှိခဲ့သည်။

နှစ်သစ်ကူး၊ ဝါဝင်နှင့် ဝါထွက်ချိန်များ၌ မင်းနှင့်မိဖုရားတို့သည် မြေနန်း ပြသာဒ်တွင်ထားရှိသည့် သီဟာသနပလ္လင်တွင် ထိုင်တော်မူကာ မင်းညီမင်းသား၊ စော်ဘွားမှူးမတ်များ၏ ပွဲတက်ကန်တော့ခြင်းကို ခံယူလေ့ရှိသည်။ နှစ်သစ် ကန်တော့ခံပွဲကို နှစ်စဉ် သင်္ကြန်အတက်နေ့မှ ရက် ၄၀ မြောက်တွင်လည်းကောင်း၊ ဝါဝင်ကန်တော့ခံပွဲကို ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင်လည်းကောင်း၊ ဝါထွက်ကန်တော့ခံပွဲကို သီတင်းကျွတ်လပြည့်ကျော် ၁ ရက်တွင်လည်းကောင်း ကျင်းပလေ့ရှိခဲ့သည်။

ယင်းအချိန်များတွင် ရှင်ဘုရင်နှင့် မိဖုရားသည် တစ်ဖက်တစ်ချက်၌ ထီးဖြူလေးလက်စီဖွင့်ထားသည့် သီဟာသနပလ္လင်ပေါ်တွင် ထိုင်လေ့ရှိသကဲ့သို့ ရှင်ဘုရင်သည် ပြည်ပသံတမန်များကို လက်ခံတွေ့ဆုံချိန်နှင့် ကျေးကျွန်တော်များကို သစ္စာရေတိုက်ချိန်များ၌လည်း မြေနန်းဆောင် သီဟာသနပလ္လင်တွင် ထိုင်တော်မူလေ့ရှိခဲ့သည်။

လွှတ်တော်တွင်ထားရှိသည့် သီဟာသနပလ္လင်သည် ဘုရင်မင်းမြတ် အမိန့်တော်များပြန်သည့်နေရာ၊ တရားစီရင်လေ့ရှိသည့်နေရာဖြစ်သည်။ ရှင်ဘုရင် မကြွရောက်နိုင်ချိန်တွင် ဘုရင်မင်းမြတ်ကိုယ်စား အိမ်ရှေ့မင်းသား၊ လွှတ်တက်မင်းသား၊ လွှတ်တော်ဝန်ကြီးတစ်ဦးဦးက ပလ္လင်ကို လက်တစ်ဖက်ဖြင့်ထိလျက် တရားစီရင်ကြသည်။ ဘုရင်ကိုယ်စား တရားစီရင်သူတို့သည် သီဟာသနပလ္လင်တွင် မထိုင်ကြရချေ။

သီဟာသနပလ္လင်သည် ပလ္လင်ခြေမှ ထိပ်ဖျားအထိ ၃၄ ပေ ၆ လက်မ၊ ပလ္လင်ခြေမှ မင်းမိဖုရားထိုင်သည့်နေရာအထိ ၅ ပေ ၁၁ လက်မမြင့်ပြီး တံခါးအမြင့်သည် ၇ ပေ ၅လက်မ ဖြစ်သည်။ ကြေးကွေး ၃ ပေ ၁၀ လက်မ၊ တောရဏ ၈ ပေ ၂ လက်မ၊ မှန်ကင်းတိုင် ၆ ပေ ၈ လက်မ၊ စိန်ပုံတိုင် ၂ ပေ ၇ လက်မ၊ ပလ္လင်အောက်ခြေ ခြင်္သေ့ရုပ်သွင်းများပါ အနံ ၁၂ ပေ ၁ လက်မ၊ ပလ္လင်ခါးသိမ် ကြာတန်း ၈ ပေ ၁၀ လက်မ၊ ဥကင်တော်မုခ်ဝထုပ်တန်း ၄ ပေ ၅ လက်မရှိကြောင်း သမိုင်းပညာရှင် ဆရာကြီးဒေါက်တာသန်းထွန်းက မြန်မာ့ထီးမူနန်းရာစာအုပ်တွင် ဖော်ပြထားသည်။

**မြန်မာ့တော်ဝင် မင်းခမ်းတော်ပစ္စည်းများအနက် လွှတ်တော်၌တရားစီရင်ချိန်တွင် ရှင်ဘုရင် ထိုင်တော်မူသည့် သီဟာသနပလ္လင်သည် အခမ်းနားဆုံးနှင့် အကြီးဆုံးဖြစ်သည်။ ပါဠိဝေါဟာရ သီဟာသနပလ္လင်္ကကို ခြင်္သေ့(ခံထားသော)နေရာဟု အနက်ပြန်ဆိုသည်**

### မင်းခမ်းတော်

မြန်မာဘုရင်တို့၏ မင်းခမ်းမင်းနားတွင် မြေနန်းဥကင် သီဟာသနရာဇပလ္လင်တော်ကို ဗဟိုပြု၍ ပလ္လင်၏လက်ဝဲဘက်နှင့် လက်ယာဘက်တွင် ထီးဖြူတော်များနှင့် မင်းသုံးပစ္စည်းများ ခင်းကျင်းထားခြင်းကို မင်းခမ်းတော်ဟု ခေါ်ဆိုသည်။ နန်းတွင်းပုရပိုက်ဖြူတွင်ဖော်ပြထားသော မင်းခမ်းတော်ပုံအရ ပလ္လင်၏လက်ယာဘက်တွင် ကမ္ဗနှင့် စန္ဒထီးဖြူတော်၊ လက်ဝဲဘက်တွင် ကနက္ကဒါန်နှင့် သူရိယထီးဖြူတော်တို့ကို ဖွင့်ထားသည်။ ထီးဖြူတော်များကို ပိတ်ဖြင့်ပြုလုပ်ပြီး ရွှေချို၊ ညောင်ရွက်၊ ကြယ်၊ ပုလဲ၊ သန္တာ၊ စိန်၊ မြနှင့် ပတ္တမြားများ အလှဆင်ထားကာ ထီးရိုးသစ်သားတိုင်သည် ၁၃ ဒသမ ၃ ပေ မြင့်သည်။

ရွှေနန်းသုံးဝေါဟာရအဘိဓာန်တွင် မင်းခမ်းမင်းနားကျင်းပပုံကို ဖော်ပြထားရာ မင်းခမ်းတော်တွင် ယင်းထီးဖြူများအပြင် ပဒုမ၊ သမ္မုတိ၊ သမုဒ္ဒဇာနှင့် ဝိသကြုံအမည်ရှိ ထီးတော်တို့ကိုလည်း စိုက်ထူကာ လက်ဝဲမင်းခမ်းတော်အဖြစ် ဘုရင်မင်းမြတ်၏ လက်ဝဲဘက်ခြမ်းတွင် လက်တင်ကြာကွမ်းခွက်တော်၊ ခြင်္သေ့ခံကွမ်းခွက်တော်၊ ကွမ်းလောင်းတော်ငယ်၊ သလင်းမြောင်တော်၊ ကျပ်လျားတော်၊ ခြေနင်းတော်၊ ဖိနပ်တော်၊ သားမြီးယပ်တော်၊ သန်လျက်တော်၊ တောင်ဝှေးတော်၊ ခြင်္သေ့ခံကရားတော်၊ မြူတာတော်၊ မေးထောက်တော်၊ ကျီးခြေတော်နှင့် အိုးပစ်တော်တို့ကို ခင်းကျင်းရသည်။



လက်ယာ မင်းခမ်းတော်အဖြစ် ကွမ်းချပ်တော်၊ ကွမ်းလောင်းတော်ကြီး၊ စလင်းကြာငယ်၊ စလင်းကြာကြီး၊ နဂါးခံကွမ်းခွက်၊ ရှစ်ထောင့်ကွမ်းခွက်၊ ပန်းတောင်းကြီး၊ မြူတာတော်၊ တကောင်းတော်၊ သောက်ရေတင်တော်၊ အိုးပစ်တော်၊ မကရ်ုးကရားတော်နှင့် နန်းဘွဲ့အုပ်တော်ဟူသည့် ရတနာအတိပြီးသော မင်းခမ်းတော်စုံနှင့် ယပ်မာတော်၊ နဂါးပျော့၊ ဘီလူးဝါ၊ ဆင်နီ၊ ဂဠုန်ဖြူ၊ ခြင်္သေ့စိမ်း၊ မျောက်ရွှေ၊ ဒေါင်းနက်ဟူသည့် ရတနာအတိပြီးသော မင်းခမ်းအလံတော်စုံများကို ခင်းကျင်းသည်။

ပြာသာဒ်တော်၏ဝဲယာ ကန္နားပြင်တွင် နန်းတွင်းသူ အငြိမ့်အပျိုတော်တို့၏ အတီးအကစုံ၊ အရှေ့အငြိမ့် တူရိယာစုံနှင့် မွန်တိုင်းတူရိယာစုံများကို ခင်းကျင်းသည်။ မြေနန်းတော်သို့ မင်းခမ်းမင်းနားတွင် ပါဝင်သူများမှလွဲ၍ အခြားသူများမလာစေရန် မြေနန်းလှေကားဝဲယာတွင် အစောင့်များ စောင့်ကြရသည်။

မင်းခမ်းတော် ပွဲတက်အခမ်းအနားတွင် ပွဲတက်နေရာတော်များ ချထားရာ၌ ဝဲဘက်နေရာ ၂၂၆ နေရာနှင့် ယာဘက်နေရာ ၂၂၅ နေရာ သတ်မှတ်ကာ နေရာခင်းကျင်းကြပြီး ဝဲဘက်နေရာတော်က ကြီးမြင့်သည်ဟု မှတ်ယူကြသည်။

### လက်ဝဲမင်းခမ်းတော်

လက်ဝဲမင်းခမ်းတော်တွင်ထားရှိသည့် လက်တင်ကြာကွမ်းခွက်သည် ယိုးဒယားမင်း အဆောင်အယောင်ဖြစ်ပြီး မန္တလေးနန်းတော်တွင် အသုံးပြုခဲ့သည်။ လက်တင်ကြာကွမ်းခွက်ကို လက်တင်ရန်နှင့် ကွမ်းခွက်အဖြစ်အသုံးပြုရန် ရွှေဖြင့်ပြုလုပ်ထားသည်။ ကွမ်းလောင်းငယ်ကို ကျောက်မျက်ရတနာများစီခြယ်လျက် လောင်းလှေသဏ္ဌာန်ပြုလုပ်ထားပြီး တကောင်းမင်းတို့၏ အဆောင်အယောင်ဟု ဆိုသည်။ ခြင်္သေ့ခံကွမ်းခွက်သည် ခြင်္သေ့လေးကောင်ကို အောက်တွင်ခံကာ ရွှေဖြင့်ပြုလုပ်ထားသော ကွမ်းခွက်ဖြစ်ပြီး သီရိလင်္ကာနိုင်ငံဘုရင် ဝိဇယဗာဟု၏ အဆောင်အယောင်ဖြစ်သည်။

ရွှေသားဇာပေါက်အနားများတွင် ပတ္တမြားနှင့် ကျောက်မျက်ရတနာများ စီခြယ်ကာ အောက်ခံထောက်တွင် ၁၂ လရာသီရုပ်များကို ဖောင်းကြွပြုလုပ်ထားသည့် ကွမ်းခွက်သည် ၁၂ ရာသီကွမ်းခွက်ဖြစ်ပြီး ၁၈ ဒသမ ၅ လက်မမြင့်၍ ကွမ်းခွက်၏ အဝသည် လက်မ ၂၀ အကျယ်ရှိသည်။

အမြင့် ၁ ဒသမ ၉၂ ပေရှိသည့် သလင်းမြောင်သည် လင်ဇင်း(လာအို)မင်း၏ အဆောင်အယောင်ဖြစ်ပြီး လင်ဇင်းမင်းက ပင်းယတစ်စီးရှင်မင်းထံ ဆက်သသည့် လက်ဆောင်ပဏ္ဏာတစ်ခုဖြစ်ကာ ရွှေဖြင့်ပြုလုပ်၍ ပတ္တမြားများစီခြယ်ထားသည်။ သလင်းမြောင်သည် ပတ်လည်၌ ပန်းဒီဇိုင်းများကို ဖောင်းကြွထုလုပ်ကာ ပြော့ကြောင်းထိုးထားသည့်အိုးဖြစ်သည်။

ကျပ်လျားသည် ထောင့်မှန်ပုံ ရှည်မျောမျောသေတ္တာဖြစ်ပြီး ၁၇ ဒသမ ၂၃ လက်မ မြင့်သည်။ ပဏ္ဏဝတောင်ပုံသဏ္ဌာန် ကြုတ်သေတ္တာကို ရွှေဖြင့်ပြုလုပ်၍ ပတ္တမြားများစီခြယ်ထားသည့် ကျပ်လျားသည် သထုံမင်းများ၏ အဆောင်အယောင်ဖြစ်သည်။

အမျိုးသားပြတိုက်တွင်ပြသထားသည့် နဝရတ်ကိုးပါး (ဣန္ဒနီလာ၊ စိန်၊ ဂေါ်မုတ်၊ ဥဿဖယား၊ မြ၊ သန္တာ၊ ပုလဲ၊ ကြောင်၊ ပတ္တမြား)စီခြယ်ထားသော ခြေနင်းတော်သည် ၁၁ ဒသမ ၅၃ လက်မရှည်လျား၍ ခြေနင်းဦးကို ကော့ထားကာ ရွှေဇာပေါက်များပြုလုပ်ထားသည်။ ခြေနင်းတော်သည် စီးနင်းသောဖိနပ်မဟုတ်ဘဲ မင်းခမ်းတော်တွင် ခင်းကျင်းရန်ပြုလုပ်ထားသည့် အဆောင်အယောင်ပစ္စည်းတော်တစ်ခုဖြစ်သည်။ ဖိနပ်တော်ကို ပတ္တမြားစီထားပြီး ကတ္တီပါသဲကြိုးပေါ်တွင် ရွှေပွင့်များပြုလုပ်ထားကာ အရှည် ၁၀ ဒသမ ၈၂ လက်မ ရှိသည်။

မင်းမြောက်တန်ဆာငါးပါးဖြစ်သည့် သန်လျက်၊ ထီး၊ သင်းကျစ်၊ ခြေနင်းနှင့် သားမြီးယပ်တို့အနက် လက်ဝဲမင်းခမ်းတော်တွင်ပါဝင်သည့် သားမြီးယပ်သည် သစ်သားလက်ကိုင်ကို ရွှေကွပ်ထားကာ နဝရတ်ကိုးပါးစီထားသည့် ယပ်ဖြစ်သည်။ အလောင်းမင်းတရား ဦးအောင်ဇေယျ၏ အဆောင်အယောင်ဖြစ်သည့် သားမြီးယပ်ကို စာမရီအမွေးဖြင့် ပြုလုပ်ထားကာ လက်ကိုင်အရိုးသည် ၂၃ လက်မရှည်လျား၍ စာမရီအမွေးများသည် ၁၆ လက်မရှည်သည်။

အလောင်းမင်းတရားအသုံးပြုခဲ့သည့် သံလျက်တော်ကို လက်ဝဲမင်းခမ်းတော်တွင် ခင်းကျင်းလေ့ရှိသည်။ သံဖြင့်ပြုလုပ်ထားပြီး လက်မ ၃၀ ရှည်သော ယင်းသန်လျက်တော်ကို သစ်သားလက်ကိုင်တပ်၍ ကတ္တီပါစွပ်ကာ ကျောက်နီများစီခြယ်ထားသည်။

ရွှေဖြင့်ပြုလုပ်သည့် ရေကရားများသည် အမြင့် ၁၅ ဒသမ ၅ လက်မနှင့် လုံးပတ် ၁၉ လက်မစီရှိကြပြီး ပတ္တမြားများစီခြယ်ထားသည်။ ရွှေဖြင့်ပြုလုပ်၍ ပတ္တမြားများစီထားပြီး အရည်တစ်မျိုးမျိုးထည့်သည့် အိုးဖြစ်သော အိုးပြစ်၊ ညောင်းညာချိန်တွင် မေးတင်ထားနိုင်သည့် မေးထောက်၊ ရွှေ၊ ပတ္တမြား၊ စိန်တို့ဖြင့် ပြုလုပ်ထားသည့် မြူတာဖို၊ တောင်ဝှေးတော်တို့ကို ပုံတူသာ ပြုလုပ်ပြသထားနိုင်သည်။

ပါဠိ-မြန်မာ အဘိဓာန်တွင် ကရားတင်စရာ သုံးချောင်းထောက်ခုံ(တိဒဏ္ဍက)ဟု အနက်ဖွင့်သည့် တိဒဏ္ဍကျီးခြေသည် နန်းသုံးပစ္စည်း သုံးချောင်းထောက်ခုံ ဖြစ်သည်။ ခုံတွင် လက်ကိုင်ပါရှိပြီး အောက်ပိုင်းတွင် ကျီးခြေခံထားသည်။ တိဒဏ္ဍကျီးခြေကို ရွှေချထားပြီး အရင်းတွင်ပတ္တမြားနှစ်ရစ်နှင့်အဖျားတွင်ပတ္တမြား တစ်ရစ် စုစုပေါင်း သုံးရစ်ပတ်ထားသည်။ ၁၈ ဒသမ ၁၁ လက်မမြင့်၍ အချင်း သုညဒသမ ၉၈ လက်မရှိသည်။

### လက်ယာမင်းခမ်းတော်

လက်ယာမင်းခမ်းတော်ပစ္စည်းများတွင် ရွှေဖြင့်ပြုလုပ်ကာ ပတ္တမြားများစီခြယ်ထားသည့် ကွမ်းတောင်းကြီးသည် တကောင်းမင်းဆက် မင်းခမ်းတော်ပစ္စည်းဖြစ်၍ ကွမ်းချပ်သုံးဆင့်သည် အဆင့်သုံးဆင့်ပါရှိသည့် ရွှေကွမ်းဘူးဖြစ်သည်။ နဂါးခံကွမ်းခွက်သည် နဂါးလေးကောင်ခံထားသည့် ကလပ်ဖြစ်ပြီး အပေါ်တွင် ကွမ်းခွက်ပါရှိသည်။ အမျိုးသားပြတိုက်တွင် ယင်းတို့ကို ပုံစံတူပြသထားသည်။

အိမ်ရှေ့မင်း၏ အဆောင်အယောင်တစ်ခုဖြစ်သည့် ရှစ်ထောင့်ကွမ်းခွက်များသည် ၁၉ လက်မမြင့်၍ ထိပ်ဝအကျယ် ၁၆ လက်မရှိကာ ဘုရင့်ထံကွမ်းဆက်သည့် တော်ဝင်ပစ္စည်းများဖြစ်သည်။ ပတ္တမြားစီထားသည့် ရွှေကွမ်းလောင်းကြီးသည် ၂၁ လက်မမြင့်၍ အဝ ၂၄ လက်မ အကျယ်ရှိသည်။ စလင့်ကြာငယ်နှင့် စလင့်ကြာကြီးသည် ရွှေဖြင့်ပြုလုပ်ထားသည့် ကြာပန်းခိုင် ဆီမီးခွက်ပန်းဆိုင်းဖြစ်ပြီး အနော်ရထာမင်းကြီးထံ ဆက်သသည့် ပဋိက္ကရားမင်း၏အဆောင်ဟု ရွှေဘုံနိဒါန်းတွင် ဖော်ပြထားသည်။

နေလ ပုံပြုလုပ်ထားသည့် ရွှေခွက်သည် ၈ ဒသမ ၈၅ လက်မမြင့်၍ ၁၁ ဒသမ ၈ လက်မ အဝကျယ်သည်။ ရွှေခွက်၏ နှုတ်ခမ်းပတ်လည်ကို ပတ္တမြားလုံးများဖြင့် စီခြယ်ထားသည်။ သောက်ရေထည့်သည့်တကောင်းသည် အမြင့် ၁၅ ဒသမ ၅ လက်မ၊ တကောင်းလုံး အချင်း ၇ လက်မ၊ တကောင်းကိုဖုံးသည့် တံကောင်းပိတ်သည် အမြင့် ၁၇ ဒသမ ၅ လက်မ၊ အချင်း ၆ ဒသမ ၅ လက်မ ရှိသည်။ ပြတို့ဟုခေါ်သည့် ထွေးခံနှင့် ရေအိုးတင်သည့် သောက်ရေတင်၊ ဝိုင်ကလပ်ခွက်ပုံစံ အိုးပြစ်တို့ကို ပုံတူသာမြင်ကြရသည်။ မကရ်ုးကရားမှာ ဒဏ္ဍာရီများတွင်ပါရှိသည့် ရေသတ္တဝါ မကရ်ုးရုပ်ကို ရွှေဖြင့်ပြုလုပ်ထား၍ ရွှေပြောက်များမွမ်းမံထားကာ ၂၄ ဒသမ ၈ လက်မမြင့်၍ ၉ ဒသမ ၅ လက်မ အချင်းရှိသည်။ နှုတ်သီးနှင့် လက်ကိုင်ပါရှိသည့် ရေကရားဖြစ်သည်။ နန်းဆွဲအုပ်သည် ရွှေနန်းမှုင်များဖြင့်ပြုလုပ်ထားပြီး ပတ္တမြား၊ မြနှင့် ပုလဲများ စီခြယ်ထားသည့် ဆွမ်းအုပ်ဖြစ်ပြီး ၂၈ လက်မမြင့်သည်။

မင်းခမ်းတော်ဝင်ပစ္စည်းစာရင်းတွင် မပါဝင်သော်လည်း နန်းဓလေ့တွင် သုံးစွဲခဲ့ကြသည့် အဖိုးတန် ရွှေထည်အသုံးအဆောင်များ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုဆိုင်ရာပစ္စည်းများ၊ နန်းဆောင်တော် ပရိဘောဂများ၊ ပန်းချီပန်းပုအစရှိသည့် အနုပညာလက်ရာများ၊ စာချွန်တော်၊ ပေပုရပိုက်၊ တံဆိပ်နာမတော်၊ အခါတော်စာ အစရှိသည့် နန်းသုံးစာပေနှင့် အမိန့်တော်များ၊ ခားလုံ့အစရှိသည့် လက်နက်တော်များ၊ ပြာသာဒ်ယာဉ်များစသည်ဖြင့် နန်းသုံးတော်ဝင်ပစ္စည်းများသည် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များအဖြစ် ကျန်ရှိနေပေသည်။

တိုင်းကြီးပြည်ကြီး ထီးဆောင်းနန်းနေ ပဒေသရာဇ်၊ ဧကရာဇ်မင်းတို့၏ဦးညွှတ်ရာရွှေပြည်ရွှေနန်း၌ အသုံးအဆောင် အခေါ်အဝေါ်များသည် ရှည်ကြာ၍ တိမ်မြုပ်သည့်အရာများလည်းရှိသည်ဟူသည့် ရွှေဘုံနိဒါန်းကျမ်း၏ ပဋိညာဉ်စာသားများအတိုင်း မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် မင်းခမ်းတော်ဝင်ပစ္စည်းများ တိမ်မြုပ်ပျောက်ကွယ် မသွားစေရန် လိုအပ်ပေသည်။

အမျိုးသားပြတိုက်တွင် စုဆောင်းပြသထားသည့် မင်းခမ်းတော်ပစ္စည်းအများစုသည် အေဒီ ၁၈ ရာစုနှင့် ၁၉ ရာစု လက်ရာများဖြစ်ကြပြီး သက်တမ်း နှစ် ၁၀၀ ကျော်ပြီဖြစ်သည့် ရှေးဟောင်းပစ္စည်းများဖြစ်ကြသည်။ မြန်မာနိုင်ငံတွင်သာမက ပြည်ပနိုင်ငံအချို့ရှိ ပြတိုက်များတွင်လည်း မြန်မာ့မင်းခမ်းတော်ပစ္စည်းများကို ပြသထားရာ မြန်မာ့သမိုင်း၏ ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် ကျန်ရှိနေသည့် မင်းခမ်းတော်ဝင်ပစ္စည်းများသည် မြန်မာတို့၏ ခမ်းနားထည်ဝါသော နန်းဓလေ့အထောက်အထားများအဖြစ် ဂုဏ်ယူဖွယ် တည်ရှိနေကြပေသည်။ ။

**ကိုးကား**

**(၁) မင်းခမ်းတော်ဝင်ပစ္စည်းများ(ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန)**

**(၂) ရွှေဘုံနိဒါန်း(ဇေယသင်္ခယာ)**

**(၃) ရွှေနန်းသုံးဝေါဟာရ အဘိဓာန်(ဦးမောင်မောင်တင်)**

# စစ်ဆေးမှုရလဒ်များအရ မကွေးတိုင်းဒေသကြီးတွင် H1N1 ရောဂါရှင် မတွေ့ရ N95 maskများ မြို့နယ် ၂၅ မြို့နယ်ရှိ ဆေးရုံများတွင် ဖြန့်ဝေထား

**မကွေး ဇူလိုင် ၃၁**

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ရောဂါပိုးတွေ့ရှိခဲ့ရသည့်လူနာနှစ်ဦး ခေတ္တတည်းခိုခဲ့သည့် နတ်မောက်မြို့နယ် ငွေးကုန်းကျေးရွာနှင့် မကွေးဆေးရုံကြီးသို့ တက်ရောက်လာသော သံသယဖြစ်ဖွယ် လူနာများအား စစ်ဆေးခဲ့သည့် ရလဒ်အရ မကွေးတိုင်းဒေသကြီးတွင် H1N1 ရောဂါရှိသူ တွေ့ရှိခဲ့ခြင်းမရှိဘဲ ကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် N 95 Mask များကို **(ယာပုံ)**မြို့နယ် ၂၅ မြို့နယ်ရှိဆေးရုံများသို့ ဖြန့်ဝေပေးထားကြောင်း တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

"ရန်ကုန်ဆေးရုံကြီးမှာ H1N1 ရောဂါပိုးတွေ့တဲ့လူနာနှစ်ဦးက မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ငွေးကုန်းကျေးရွာမှာ ရက်ပိုင်းလောက် တည်းခိုနေထိုင်ခဲ့တယ်ဆိုတဲ့ သတင်းအရ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေနဲ့ နတ်မောက်မြို့နယ်အတွင်းမှာရှိတဲ့ နာမည်တူ ငွေးကုန်းကျေးရွာငါးရွာလုံးမှာ ကွင်းဆင်းစစ်ဆေးမှုတွေ လုပ်ဆောင်ခဲ့ပါတယ်။ အဲဒီ ငါးရွာစလုံးက အဖျားရောဂါဖြစ်ပွား လူနာတွေအပေါ် စောင့်ကြပ်ကြည့်ရှု စစ်ဆေးမှုတွေ ပြုလုပ်လျက်ရှိပါတယ်။ ဒါပေမယ့် ဒီနေ့အထိ H1N1 ပြင်းထန်တုပ်ကွေးရောဂါ လုံးဝမတွေ့ရပါဘူး" ဟု ပြည်သူ့ကျန်းမာရေးဦးစီးဌာန အထူးရောဂါနှိမ်နင်းရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာချမ်းမြေ့အေးသောင်က ပြောသည်။

H1N1 ပြင်းထန်တုပ်ကွေးရောဂါ ကာကွယ်နိုင်ရေးအတွက် မကွေးတိုင်းဒေသကြီး တီဘီဌာနမှ N 95 Mask များအား တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၅ မြို့နယ်ရှိ ဆေးရုံများသို့ တစ်မြို့နယ်လျှင် ၁၂၀ စီ ဖြန့်ဝေထားကြောင်း၊ မကွေး ပြည်သူ့ဆေးရုံကြီးတွင် N 95 Mask ခုရေ၁၄၈၀၊ သင်ကြားရေးဆေးရုံကြီးတွင် N 95 Mask ခုရေ ၂၄၀ တို့ကိုလည်း ပေးပို့ဖြန့်ဝေထားခဲ့ကြောင်း တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဖြန့်ဖြူးရေးဦးစီးအရာရှိ ဒေါက်တာအောင်ရဲပိုင်ထံမှ သိရသည်။

"ဇူလိုင် ၂၈ ရက်က မကွေးမြို့နယ် အိုင်ကြီးကုန်းကျေးရွာအုပ်စု ချိုင်းကျေးရွာက



အမျိုးသမီးတစ်ဦးနဲ့ တောင်တွင်းကြီးမြို့နယ် ဒညင်းကုန်းကျေးရွာအုပ်စု သရက်အိုင်ကျေးရွာက အမျိုးသားတစ်ဦးတို့ကို တုပ်ကွေးဖျားတာကနေ သံသယရှိလို့ ဆေးရုံရောက်ရောက်ချင်း စမ်းသပ်စစ်ဆေးခဲ့ပါတယ်။ အများစိုးရိမ်နေသလို H1N1 ရောဂါပိုး မတွေ့ပါဘူး။ ရန်ကုန်ပို့ပြီး စစ်ဆေးစရာ မလိုပါဘူး"ဟု မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းအောင်ကြည်က ပြောသည်။

နတ်မောက်မြို့နယ်အတွင်းမှ အဖျားရောဂါဖြစ်ပွား လူနာများအား စောင့်ကြပ်ကြည့်ရှု စမ်းသပ်နိုင်ရန်အတွက် Non Contact Thermometer နှစ်ခု ဖြန့်ဝေပေးထားပြီး တိုင်းဒေသကြီးအတွင်း H1N1 ရောဂါမဖြစ်ပွားရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ပြည်သူကို အသိပညာပေးခြင်းများ လုပ်ဆောင်နေကြောင်း တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**ဇေယျာတု (မကွေး)**

# H1N1 ရောဂါကြိုတင်ကာကွယ်ရေး ဝေါမြို့နယ်၌ ပညာပေးဟောပြော

**ဝေါ ဇူလိုင် ၃၁**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနကကြီးမှူး၍ ကူးစက်မြန်အဆုတ်ရောင် H1N1 ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၈ ရက်က ဝေါမြို့ အခြေခံပညာအထက်တန်းကျောင်း သီရိဇေယျာခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ဝေါမြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာစုဝေကျော်က ရာသီတုပ်ကွေးရောဂါ အမျိုးအစားများ၊ ရောဂါ ကူးစက်ခြင်း၊ ရောဂါကူးစက်ပျံ့နှံ့ခြင်း၊ ကူးစက်မြန်အဆုတ်ရောင် H1N1 ရောဂါ ဖြစ်ပေါ်လာသည့်သမိုင်း၊ H1N1 ရောဂါ လက္ခဏာများနှင့် ရောဂါကာကွယ်ရန်နည်းလမ်းများ၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအကြောင်း စသည်တို့ကို ဟောပြောပွဲတက်ရောက်သော မြို့နယ်ပညာရေးမှူး ဒေါ်ခင်စုနှင့် မြို့နယ်အဆင့်တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီး ဦးကြီးစိုးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား အသိပညာပေး ရှင်းလင်းဟောပြောခဲ့သည်။

**ကိုလွင်(ဆွာ)**

# ကလေးသူငယ် ဘေးကင်းလုံခြုံမှုရှိသော ခရီးသွားလုပ်ငန်းအကြောင်း အသိပညာပေး

**မိတ္ထီလာ ဇူလိုင် ၃၁**

MRTI နှင့် UNICEF တို့ ပူးပေါင်းဆောင်ရွက်သည့် ကလေးသူငယ်များ ဘေးကင်းလုံခြုံမှုရှိသော ခရီးသွားလုပ်ငန်းအကြောင်း အသိပညာပေးဆွေးနွေးပွဲကို Pro-



moting Child Safe Tourism in Myanmar ခေါင်းစဉ်ဖြင့် ပုဂံမြို့ပုဂံဟိုတယ် သစ္စာဝတီခန်းမ၌ ဇူလိုင် ၂၇ ရက်နှင့် ၂၈ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ဟိုတယ်နှင့် ခရီးသွားလာရေးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွဋ်ခိုင်၊ MRTIမှ ဦးညွှန့်ဝင်းနိုင်၊ စီမံချက် ညှိနှိုင်းရေးမှူး ဒေါ်ဥမ္မာစိုး၊ National Trainer ဒေါ်စီစီအေး၊ ညောင်ဦးခရိုင်ပညာရေးမှူး ဦးနေဝင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ပုဂံဒေသရှိယွန်းထည်ပညာရှင်များ အသင်း၊ ဧည့်လမ်းညွှန်အသင်း၊ စားသောက်ဆိုင်လုပ်ငန်းပိုင်ရှင်များအသင်း၊ ကျောက်ပန်းတောင်း ပရဟိတအဖွဲ့၊ ကမ္ဘာလှည့်ရဲတပ်ဖွဲ့နှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ်(၁)မိတ္ထီလာတို့မှ တာဝန်ရှိသူများ တက်ရောက်၍ ကလေးသူငယ်များ ဘေးကင်းလုံခြုံမှုရှိသော ခရီးသွားလုပ်ငန်းအကြောင်း၊ ကလေးသူငယ်များအား လူကုန်ကူးမှုနှင့်ဆက်စပ်သော ကိစ္စရပ်များ စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ်(၁)မိတ္ထီလာကလည်း ဆွေးနွေးပွဲတွင် လူကုန်ကူးမှု အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ရောဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှုစီမံကိန်းဆိုင်ရာ ဆန်းစစ်လေ့လာ ဆွေးနွေးပွဲကျင်းပ

**မြင်းမူ ဇူလိုင် ၃၁**

ရောဝတီမြစ်ဝှမ်း ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် ဘက်စုံစီမံကိန်းလုပ်ငန်းစဉ်များအဖြစ် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်လေ့လာခြင်းနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၂၈ ရက်က မြင်းမူမြို့၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ရောဝတီမြစ်ဝှမ်း ဘက်စုံစီမံကိန်း၏ ဒုတိယဒါရိုက်တာ ဦးရဲသွေးအောင်က ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြစ်ကြောင်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဒေသခံများအနေဖြင့် အကြံပြုဆွေးနွေးတင်ပြရေး ပြောကြားသည်။ ထို့နောက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင် ဆန်းစစ်လေ့လာခြင်းဆိုင်ရာပညာရှင် ICEM မှဆွေးနွေးညှိနှိုင်းရေးမှူး ဒေါက်တာဒေါ်လွင်လွင်ဝေက ရောဝတီမြစ် ရေလမ်းကြောင်းကောင်းမွန်ရေး ကနဦး ဆန်းစစ်ချက်များ ဆောင်ရွက်နေပုံ၊ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များကို ဩစတြေးလျအခြေစိုက်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးပြီး ဒေသခံများ၏ သဘောထား အကြံပြုချက်များ ရယူခဲ့သည်။

ရောဝတီမြစ်ကြောင်း ရေကြောင်းကောင်းမွန်ရေးလုပ်ငန်းများကို ၂၀၁၅ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် မန္တလေးမှ ညောင်ဦးအထိ မြစ်ကြောင်းတစ်လျှောက်တွင် ဆောင်ရွက်သွားမည်ဖြစ်ကာ လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော မြစ်ကြောင်းထိန်း အဆောက်အအုံ ဒီဇိုင်းများရေးဆွဲရန် စတင်ဆောင်ရွက်လျက်ရှိပြီး ရေးဆွဲမှုများတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရန် ပညာရှင်များ ခေါ်ယူအသုံးပြု၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**

# မိသားစု ဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်

**ကျောက်တန်း ဇူလိုင် ၃၁**

ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားစေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းရရှိစေရန်အတွက် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်တွင် ၂၀၁၄ - ၂၀၁၅ ခုနှစ်မှစ၍ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ မြစိမ်းရောင်စီမံကိန်းကျေးရွာများ သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါကျေးရွာများတွင် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ချရန် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ရာ၌ လုပ်ငန်းလည်ပတ်ရန်ပုံငွေ ထုတ်ချေးငွေစာရင်းနှင့် ပြန်လည်ပေးဆပ်မှုစာရင်း အထွေထွေအသုံးစရိတ် အတိုးရငွေ ဘဏ်လက်ကျန်စာရင်းနှင့် တစ်ဦးချင်းချေးငွေမှတ်တမ်းများကို စနစ်တကျထားရှိကြရသည်။

ဖော်ပြပါ စာရင်းဇယားများထားရှိမှု မှန်ကန်စေရန်အတွက် တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းခင် ကျောက်တန်းမြို့နယ် ကျေးလက်ဦးစီးအရာရှိနှင့် ဝန်ထမ်းများသည် ယနေ့ နံနက်က ကျောက်တန်းမြို့နယ် ပီလခတ်ကျေးရွာနှင့် ပါဒကြီးဆေးဘိုဝကျေးရွာတို့မှ မြစိမ်းရောင်စီမံကိန်းလုပ်ကိုင်လျက်ရှိသော လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

**စိုးဝင်း (ကျောက်တန်း)**

# ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ကွင်းဆင်းဆောင်ရွက်ပေး

**မိုးနဲ ဇူလိုင် ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် ကျန်းမာရေးဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ဆိုက်ဖယ်ကျေးရွာအုပ်စု တင်တပ်ကျေးရွာမှ ဒေသခံပြည်သူများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ဇူလိုင် ၂၈ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မိုးနဲမြို့နယ် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဇင်မီဟန်၊ သွားဘက်ဆိုင်ရာဆရာဝန် ဒေါက်တာစိုင်းသီဟကျော်နှင့် ကျေးလက်ကျန်းမာရေးဌာနများမှ ဆရာမများက တင်တပ်ကျေးရွာရှိ ဘုရားဖြူအခြေခံပညာမူလတန်းကျောင်းသို့ ကွင်းဆင်း၍ ဒေသခံပြည်သူများအား ကျန်းမာရေး စစ်ဆေးပေးခြင်း၊ သွေးလွန်တုပ်ကွေးရောဂါ၊ အဆုတ်အအေးမိရောဂါများအကြောင်း ပညာပေးခြင်း၊ အသက်ငါးနှစ်အောက်ကလေးနှင့် ကိုယ်ဝန်ဆောင်မိခင်လောင်းများအား ကျန်းမာရေးစောင့်ရှောက်မှုများပေးခြင်း၊ သွားနှင့်ခံတွင်း ဝေဒနာရှင်များနှင့် အထွေထွေရောဂါ လူနာများအား ကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ရာ စုစုပေါင်း ၁၁၂ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**

# ကျေးရွာပေါင်း ၁၄၀ ကို ချေးငွေများ ထပ်မံထုတ်ပေး

**မန္တလေး ဇူလိုင် ၃၁**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာပေါင်း ၁၄၀ တွင် မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ငွေကျပ်သန်းပေါင်း ၄၂၀၀ ထုတ်ချေးပေးခဲ့ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါချေးငွေများကို ကျေးရွာများတွင် ဆင်းရဲမှု လျှော့ချရေးနှင့် ကျေးလက်နှင့်မြို့ပြ ကွာဟမှုမရှိစေရေးအတွက် အဓိကရည်ရွယ်၍ နိုင်ငံတော်ရန်ပုံငွေမှ ထုတ်ချေးခြင်းဖြစ်ကြောင်း၊ မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာတစ်ရွာလျှင် ကျပ်သန်း ၃၀ နှုန်းဖြင့် ထုတ်ချေးပေးခြင်းဖြစ်ကြောင်း အဆိုပါဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထိုက်ဦးက ပြောသည်။

"မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာဆိုတာက ဆင်းရဲတဲ့ရွာဖြစ်ရမယ်။ လောင်းကစားနဲ့အသောက်အစားကင်းပြီး စည်းလုံးညီညွတ်မှုရှိတဲ့ရွာတွေကို ဦးစားပေးပြီး အတိုးနှုန်း ပြား ၅၀ ကနေ တစ်ကျပ်ခွဲအထိ သတ်မှတ်ပြီး ကျေးရွာကော်မတီတွေကနေတစ်ဆင့် ထုတ်ချေးပေးတာဖြစ်တယ်"ဟု ၎င်းကပြောသည်။

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည်ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိပြီး ၂၀၁၅ ခုနှစ် စစ်တမ်းအရ ကျေးလက်လူဦးရေ၏ ၂၉ ဒသမ ၁ ရာခိုင်နှုန်းသည် ဆင်းရဲနွမ်းပါးသူများဖြစ်ကြောင်းနှင့် ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချနိုင်ရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှုတစ်ရပ်အနေဖြင့် တည်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

မြစိမ်းရောင်စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၃ မြို့နယ်မှ ကျေးရွာပေါင်း ၄၈၀၇ ရွာအနက် ကျေးရွာ ၅၅၂ ရွာကို ချေးငွေများထုတ်ပေး၍ စီမံကိန်း အကောင်အထည်ဖော်ထားပြီးဖြစ်ကာ ယခုဘဏ္ဍာနှစ်တွင် ဇူလိုင် ၂၈ ရက်အထိ ကျေးရွာပေါင်း ၁၄၀ ကို ချေးငွေများ ထပ်မံထုတ်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးရွာတစ်ရွာမှ ထန်းလုပ်ငန်းတစ်ခု

## မှခင်းသတင်းတိုများ

### ထီးချိုင့်မြို့နယ်တွင် တရားမဝင်ကျွန်းနှင့်အခြားသစ်များဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ထီးချိုင့်မြို့နှင့် ကျောက်မှော်ကျေးရွာကြား ဧရာဝတီမြစ်အတွင်း သစ်ဖောင်ပေါ်မှ တရားမဝင်ကျွန်းသစ်နှင့်အခြားသစ် ၂၂ တန်ကျော် ဖမ်းမိခဲ့ကြောင်းသိရသည်။ ကသာခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးသောင်းနိုင်၏ ညွှန်ကြားချက်အရ ထီးချိုင့်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးမင်းအောင်နှင့်သစ်တောဝန်ထမ်းများက သစ်တောရဲများနှင့်အတူ ဧရာဝတီမြစ်အတွင်းမှ တရားမဝင်သစ်ဖောင်များ ရှာဖွေဖမ်းဆီးစဉ် တရားမဝင်ကျွန်းသစ် ၅၅ လုံး၊ အခြားသစ် ၁၄ လုံးနှင့် ကျွန်းပကာသားချောင်း ၁၀၅၀ ပါသောဖောင်တစ်စင်းကို ပိုင်ရှင်မဲ့တွေ့ရှိရသဖြင့် ဥပဒေအရ အမှုဖွင့်ကာ သစ်ပိုင်ရှင်ကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆက်လက်ဆောင်ရွက်နေကြောင်းသိရသည်။ **လူအောင်(ကသာ)**

### ရဲအင်အား ၇၇ ဦးဖြင့် အဖွဲ့ ၁၀ ဖွဲ့ခွဲ၍ မူးယစ်ဆေးဝါးဖမ်းဆီး

ကသာမြို့နယ် ဆင်ကုန်းကျေးရွာ၌ မူးယစ်ဆေးဝါး ရောင်းချမှုများရှိနေကြောင်း သတင်းအရ အဆိုပါကျေးရွာရှိ နေအိမ် ၁၀ အိမ်သို့ ရဲအင်အား ၇၇ ဦးဖြင့် အဖွဲ့ ၁၀ ဖွဲ့ခွဲ၍ ဇူလိုင် ၂၉ ရက်က ဝင်ရောက်ဖမ်းဆီးခဲ့ကြောင်းသိရသည်။

ကသာမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်အောင်၊ မူးယစ်တပ်ဖွဲ့စု(၆) ကသာမှ ဒုရဲမှူးမြင့်နိုင်ဦးနှင့် ကသာခရိုင် အရန်တပ်ခွဲမှ ဒုရဲမှူးနိုင်နိုင်ဦးတို့ ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်အင်အား ၇၇ ဦးက ဆင်ကုန်းကျေးရွာမှ နေအိမ် ၁၀ အိမ်သို့ တစ်ပြိုင်တည်း ဝင်ရောက် ရှာဖွေခဲ့ခြင်းဖြစ်ပြီး စံဖိတ်(၅၀ နှစ်)နှင့် စံပြည့်(၅၁ နှစ်)တို့၏ နေအိမ်မှ မူးယစ်ဆေးဝါးသုံးစွဲပြီး ပစ်ထားဟန်ရှိသော ဆက်စပ်ပစ္စည်းများ တွေ့ရှိဖမ်းဆီးနိုင်ခဲ့ကာ မဝင်းထွေး၏နေအိမ်မှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၃၅ ပြားပါ တစ်ထုပ်နှင့် ဘိန်းဖြူဟုယူဆရသော ဖြူဝါကြားအမှုန့် အလေးချိန် ၀ ဒသမ ၃ ဂရမ်ခန့်ပါ ကော်ဘူးတစ်ဘူး၊ မောင်အေး၏ နေအိမ်မှ ဘိန်းဖြူဟုယူဆရသော အဖြူမှုန့် အလေးချိန် ၀ ဒသမ ၁ ဂရမ်ခန့်နှင့် စိတ်ကြွရူးသွပ်ဆေးပြားသုံးစွဲရန် ဆက်စပ်ပစ္စည်းများကို တွေ့ရှိခဲ့၍ ဖမ်းမိသူ လေးဦးအား ဥပဒေအရအရေးယူသွားရန် ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။ **ငွေအိုး(ကသာ)**

### မြစ်ကြီးနားတွင် နေအိမ်များအတွင်း လိုက်လံခိုးယူနေသူသုံးဦးအား ဖမ်းမိ

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရပ်ကွက်များအတွင်း လိုက်လံခိုးယူနေသည့် လူသုံးဦးအား ဇူလိုင် ၂၈ ရက်က လှည့်ကင်းဆောင်ရွက်စဉ် ဖမ်းမိခဲ့ကြောင်း မြစ်ကြီးနားမြို့မရဲစခန်းမှ သိရသည်။ မြစ်ကြီးနားမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်အောင်ကျော်ဦးနှင့်အဖွဲ့က ပလနကျေးရွာအတွင်း လှည့်ကင်းဆောင်ရွက်စဉ် ကျော်ဇင်ဝင်း၊ ဆွတ်အောင်(ခ)မိုင်မိုင်ရဲထွန်းနှင့် ရဲလီ (ခ)အားခီတို့ သုံးဦးအား မသင်္ကာ၍ ခေါ်ယူစစ်ဆေးရာမှရာမှ ခိုးမှုများ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ စစ်ဆေးချက်အရ ၄င်းတို့သုံးဦးသည် ဇူလိုင် ၁၉ ရက်မှစ၍ ရွှေစက်ရပ်ကွက်အတွင်း အိမ်တစ်အိမ်မှ ဖုန်းတစ်လုံး၊ ပလန (၅)ယုဇနမြိုင်ကျေးရွာရှိ အိမ်တစ်အိမ်မှ ဖုန်းနှစ်လုံး၊ မေခဝန်ထမ်းအိမ်ရာအတွင်းမှ ဆိုင်ကယ်တစ်စီး၊ ဒူကထောင်ရပ်ကွက်ရှိ နေအိမ်တစ်အိမ်မှ ဆိုင်ကယ်တစ်စီးတို့ကို ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ပစ္စည်းများကို ၄င်းတို့ရောင်းချထားသူထံမှ လိုက်လံသိမ်းဆည်းကာ ၄င်းတို့သုံးဦးအား မြစ်ကြီးနားမြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။ **မင်းရာဇာ(မြစ်ကြီးနား)**

### ပေါင်မြို့နယ်၌ ရထားတိုက်ခံရ၍ လူတစ်ဦးသေဆုံး

မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမကျေးရွာအနီး ရထားလမ်းပေါ်၌ အိပ်ပျော်နေသော အမျိုးသားတစ်ဦး ဇူလိုင် ၂၈ ရက်က ရထားတိုက်မိ၍ သေဆုံးခဲ့ကြောင်း သိရသည်။ မုတ္တမကျေးရွာအုပ်စု မုတ္တမဘူတာနှင့် သဲဖြူကုန်းဘူတာအကြား၌ မော်လမြိုင်-ရန်ကုန် အမှတ်(၃၆)အစုန် အထူးအမြန်ရထားဖြင့် တိုက်မိခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူမှာ အသက် ၃၈ နှစ်အရွယ် ဝင်းဌေးဦးဖြစ်ပြီး ၄င်းသည် ဦးတည်ရာမဲ့လျှောက်သွားနေသူတစ်ဦးဖြစ်ကာ အရက်မူးသည့်အခါတွင် ရထားလမ်းပေါ်၌ အိပ်တတ်သူတစ်ဦးဖြစ်ကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ် မဟုတ် စုံစမ်းဖော်ထုတ်နိုင်ရန်အတွက် မုတ္တမနယ်မြေစခန်း၌ အမှုဖွင့်၍ စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုဟိန်း(ပေါင်)**

### လွိုင်လင်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားသယ်လာသူတစ်ဦးကို ဖမ်းမိ

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် လွိုင်လင်-နမ့်စန်လမ်းပေါ်၌ ဆိုင်ကယ်စီးလာ သူတစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြားများ ဇူလိုင် ၂၈ ရက်က ဖမ်းမိခဲ့ကြောင်း သိရ သည်။ မူးယစ်ဆေးဝါးသတင်းအရ မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်မှ ရဲအုပ်ကျော်ကျော်မျိုး ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ ပန်ခေါက်ဝိုးရဲကင်းမှူး ရဲအုပ်အောင်ဝင်းနိုင် ဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ ဗိုလ်ဖြိုးပိုင်သက် ဦးစီးသည့် တပ်မတော်သားများ အဖွဲ့က လွိုင်လင်-နမ့်စန်လမ်းပေါ် ပန်ခေါက်ဝိုးကျေးရွာ ဘုန်းကြီးကျောင်းရှေ့၌ စောင့် ဆိုင်းရှာဖွေစဉ် နမ့်စန်မြို့ဘက်မှ လွိုင်လင်မြို့ဘက်သို့ နိုင်ဝေလင်း မောင်းနှင်ပြီး ထိန်လင်းလိုက်ပါစီးနင်းလာသည့် နံပါတ်မပါ ဆိုင်ကယ်ကိုရှာဖွေရာ ဆိုင်ကယ်မောင်းနှင်လာသူ နိုင်ဝေလင်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၇ ပြားကို ဖမ်းမိခဲ့ခြင်းဖြစ်သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်ဝေလင်းနှင့် ထိန်လင်းတို့အား လွိုင်လင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

## ဘီယာအကြွေးဝယ်မရသဖြင့် ရာအိမ်မှူးနှင့်အတူပါသူက ဆိုင်ရှင်ကိုရန်ပြုရန်ကြိုးစား

**ရန်ကုန် ဇူလိုင် ၃၁**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာ(၁၉)ရပ်ကွက်ရှိ စားသောက်ဆိုင်တစ်ဆိုင်၌ ဇူလိုင် ၂၉ ရက် နံနက် ၁ နာရီခန့်က အဆိုပါရပ်ကွက်မှ ရာအိမ်မှူးက ဘီယာအကြွေးဝယ်စဉ် ဆိုင်ရှင်က မရောင်းသဖြင့် ရာအိမ်မှူးနှင့်ပါလာသော လူစိမ်းနှစ်ဦးထဲမှတစ်ဦးက ဆိုင်ရှင်အား ရန်ပြုရန်ကြိုးစားမှု ဖြစ်ပွားခဲ့ပြီး အဆိုပါရာအိမ်မှူးအား ရပ်ကွက်အုပ်ချုပ်ရေးမှူးက သတိပေးကာ ခံဝန်ကတိရေးထိုးခိုင်းထားကြောင်း သိရသည်။

“နံနက် ၁ နာရီမှာ ဆိုင်ကိုလာနှိုးပြီး ဘီယာလေးလုံး လာဝယ်တယ်။ ရပ်ကွက်အပိုင်တာဝန်ခံဖြစ်တဲ့အပြင် အုပ်ချုပ်ရေးပိုင်းကလည်း ဖြစ်တယ်ဆိုတော့ ဆိုင်ဖွင့်ပြီး ဘီယာရောင်းပေးလိုက်တယ်။ ရောင်းပြီးမှ အကြွေးဆိုတော့ ကျွန်တော်က အရင်အကြွေးမပေးရသေးဘဲ မရောင်းနိုင်ကြောင်းပြောတော့ ဘီယာ နှစ်လုံးပဲယူမယ်ဆိုပြီး နှစ်လုံးပြန်ပေးတယ်။ ငွေပြန်အမ်းတော့ သူနဲ့ပါလာတဲ့ မျက်နှာစိမ်းတစ်ယောက်က ဘီယာပုလင်းနဲ့ရိုက်မယ်လုပ်ပြီး ကျနတစ်ဦးကတားလို့ ပြဿနာမကြီးထွားခဲ့ဘူး။ ဆိုင်ထဲမှာသောက်လို့မရတော့ ဆိုင်ပြင် လမ်းပေါ်မှာသောက်ပြီး ပုလင်းတွေရိုက်ခွဲသွားတယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှာ တာဝန်ယူထားတဲ့သူကို ကျွန်တော်တို့ပြည်သူတွေ ဘယ်လိုအားကိုးရမလဲ”ဟု စားသောက်ဆိုင်ပိုင်ရှင် ဦးဆန်းထွန်းက ပြောသည်။

ထိုဖြစ်ရပ်နှင့်ပတ်သက်၍ သံဒင်း(၁၉)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ဆိုင်ရှင် ဦးဆန်းထွန်းက သွားရောက်တိုင်ကြားခဲ့ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးက အပိုင်(၄၈) တာဝန်ခံ ရာအိမ်မှူး ဦးဆန်းဝင်းအား သတိပေးခဲ့ပြီး ခံဝန်ကတိ လက်မှတ်ထိုးခိုင်းခဲ့ကြောင်း သိရသည်။ “ကျွန်တော်ကိုယ်တိုင် ရာအိမ်မှူးကိုခေါ်ပြီး သတိပေးတယ်။ ခံဝန် လက်မှတ်ထိုးခိုင်းတယ်။ ဆိုင်ရှင်ကိုလည်း တောင်းပန်လိုက်ပါတယ်။ နောင်မှာ အခုလိုဖြစ်လာရင် ဖုန်းဆက်အကြောင်းကြားဖို့ ပြောထားပါတယ်”ဟု ရွှေပြည်သာ(၁၉)ရပ်ကွက် အုပ်ချုပ်ရေးမှူးဦးစောထွန်းက ပြောသည်။

ရပ်ကွက်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ ခန့်ထားပြီး အုပ်ချုပ်ရေးပိုင်းတာဝန်ကို ထမ်းဆောင်လျက်ရှိရာ ရပ်ကွက်အုပ်ရေးမှူးတစ်ဦးသာ လစဉ်ကျပ် ၇၀၀၀၀ လခရရှိပြီး ဆယ်အိမ်မှူးနှင့် ရာအိမ်မှူး(အပိုင်တာဝန်ခံ)တို့မှာ လုပ်အားပေး တာဝန်ထမ်းဆောင်သူများဖြစ်သည်။ ရာအိမ်မှူး အများစုအား ရပ်ကွက်နှင့် ရပ်ကွက်နေပြည်သူများ၏ လုံခြုံရေးကို အနီးကပ် စောင့်ရှောက်ပေးသူများအဖြစ် ပြည်သူတို့က အားကိုးအားထားပြုကြသော်လည်း အချို့သော ရာအိမ်မှူး၊ ဆယ်အိမ်မှူးများမှာ ရပ်ကွက်နေပြည်သူများအား စိတ်အနှောင့်အယှက်ဖြစ်စေသော အပြုအမူများ ပြုမူခြင်းကြောင့် ပြည်သူတို့ လေးစားယုံကြည်မှုအားနည်းလာလျက်ရှိသည်။

(၁၆၄)

## Morning Star ဉာဏ်ရည်မသန်စွမ်းအဖွဲ့၏ ဒုတိယအကြိမ် စွမ်းရည်ပြိုင်ပွဲကျင်းပ

**တောင်ကြီး ဇူလိုင် ၃၁**

မသန်စွမ်းသူများအတွက် စိတ်ဓာတ်ခွန်အားများ ရရှိစေရန် ရည်ရွယ်၍ Morning Star ဉာဏ်ရည် မသန်စွမ်းအဖွဲ့၏ ဒုတိယအကြိမ် စွမ်းရည်ပြိုင်ပွဲကို ဇူလိုင် ၃၀ ရက်က ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်အားကစားလေ့ကျင့်ရုံ၌ ကျင်းပသည်။




ပြိုင်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က မြန်မာနိုင်ငံတွင် မသန်စွမ်းသူများအခွင့်အရေး ဥပဒေကို ၂၀၁၅ ခုနှစ် ဇွန်လအတွင်းက ပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ မသန်စွမ်းသူများကို ဝိုင်းဝန်းလက်တွဲဖို့လိုကြောင်း ၊ လူတိုင်းတွင် အားနည်းချက်တစ်ခုစီ ရှိကြသဖြင့် တစ်ဦး၏အားနည်းချက်ကို တစ်ဦးကဖေးမပြီး ဝိုင်းဝန်းလက်တွဲရန် လိုကြောင်း၊ မသန်စွမ်းသူများသည်လည်း နိုင်ငံတစ်ခု၏ လူ့စွမ်းအားအရင်းအမြစ်တစ်ခုပင်ဖြစ်ကာ မသန်စွမ်းသူများဘဝ တိုးတက်လာပါက နိုင်ငံတစ်ခု၏အခြေအနေ တိုးတက်လာသည်နှင့် တူကြောင်း၊ မသန်စွမ်းသူများဘဝ ရပ်တည်နိုင်ရေးအတွက် ပညာရေး၊ လုပ်ငန်းခွင်ဝင်နိုင်ရေး၊ အတားအဆီးမဲ့ သွားလာနေထိုင်နိုင်ရေး စသည်တို့သည် အလွန်အရေးကြီးကြောင်း၊ Morning Star အဖွဲ့သည် နိုင်ငံတကာအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ပြီး ရွှေတံဆိပ်၊ ငွေတံဆိပ်များ ရရှိထားသည့်အတွက် ချီးကျူးဂုဏ်ယူကြောင်း၊ မသန်စွမ်းသူများ၏ သန်စွမ်းမှုစွမ်းရည်ပြပွဲဖြစ်သည့်အတွက် မသန်စွမ်းသူများသာမက သန်စွမ်းသူများအတွက်လည်း စိတ်ဓာတ်ခွန်အားများ ရရှိစေမည့်ပွဲဖြစ်၍ ဂုဏ်ပြုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် Morning Star ID Group မှ အဖွဲ့ဝင်များက သန်းနွယ်အောင် ခံစားရေးဖွဲ့ထားသည့် မသန်စွမ်း မောင်နှမများအတွက် အဖွင့်သီချင်းဖြင့် ဖျော်ဖြေကြပြီး ဆရာခင်မောင်ညို(ဘောဂဗေဒ)က အဖွဲ့အား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်သည်။ ထို့နောက် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် ရွှေမင်းသား ဖောင်ဒေးရှင်း ဥက္ကဋ္ဌက မသန်စွမ်းသူများအခွင့်အရေးအကြောင်း ပြောကြားပြီး Morning Star အဖွဲ့ဝင်နှစ်ဦးက အဖွဲ့၏လုပ်ဆောင်ချက်များကို ရှင်းပြကာ ဖျော်ဖြေရေးအစီအစဉ်များ၊ စွမ်းရည်ပြိုင်ပွဲအစီအစဉ်များကို ဆက်လက်ပြုလုပ်ခဲ့သည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ရေဘေးသင့်ပြည်သူများအား ဆန်အိတ်များ ထောက်ပံ့လှူဒါန်း

**ညောင်ဦး ဇူလိုင် ၃၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ဆိကွာဝကျေးရွာအုပ်စု အနောက်ကျွန်းသီရိကျေးရွာမှ ရေဘေးသင့်ဒေသခံပြည်သူများအား မကွေးမြို့ စည်ဖြိုးသူဖောင်ဒေးရှင်းနှင့် ပုဂံမြို့ ဖြူစင်မေတ္တာ ရေနှင့်သွေးအလှူတော်အသင်းတို့ ပူးပေါင်း၍ ဇူလိုင် ၂၉ ရက်က ဆန်အိတ်များ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။



ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် အနောက်ကျွန်းသီရိကျေးရွာတွင် ဇူလိုင် ၂၀ ရက်မှစ၍ ရေများဝင်ရောက်ခဲ့ပြီး ကျေးရွာဘုန်းတော်ကြီးကျောင်းအတွင်း ရှိ စေတီတော်တစ်ဆူ ပျက်စီးသွားခဲ့သည့်အပြင် ဒေသခံပြည်သူအချို့လည်း ရေဘေးကြုံတွေ့နေသဖြင့် မကွေးမြို့ စည်ဖြိုးသူဖောင်ဒေးရှင်းမှ ဦးစည်ဖြိုးသူ ဦးဆောင်သည့် ဖောင်ဒေးရှင်းအဖွဲ့သားများက ရေဘေးသင့်ပြည်သူများ စားသောက်ရေးအဆင်ပြေစေရန် ကျပ် ၁၁ သိန်းကျော် တန်ဖိုးရှိ ဆန်အိတ် ၄၄ အိတ်ကို ဝယ်ယူပြီး ပုဂံမြို့ ဖြူစင်မေတ္တာ ရေနှင့်သွေးအလှူတော်အသင်းမှ နာယက ဆရာတော် အရှင်သာဂရနှင့် အသင်းသားများ၏ အကူအညီဖြင့် သွားရောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ဆန်အိတ်များကို ကျေးရွာရှိ အိမ်ထောင်စု ၂၅၉ စုအား ခွဲဝေထောက်ပံ့လှူဒါန်းခဲ့ပြီး ဘုန်းတော်ကြီးကျောင်းအတွင်းမှ ပျက်စီးသွားသည့် စေတီတော် ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေကျပ်ငါးသိန်းကိုလည်း ရွာဦးကျောင်းဆရာတော်ထံ လှူဒါန်းခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ကျန်းမာရေးဆိုင်ရာ အခက်အခဲများအကြောင်း ဆွေးနွေးပွဲပြုလုပ်

**ဂန့်ဂေါ ဇူလိုင် ၃၁**

ဂန့်ဂေါမြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၈ ရက်က ပြုလုပ်သည့် ကျန်းမာရေးကော်မတီ အစည်းအဝေးတွင် ကျေးရွာအဆင့်မှ မြို့နယ်အဆင့်ထိ ပြည်သူလူထုကြား ကြုံတွေ့ကြရသော ကျန်းမာရေးဆိုင်ရာ အခက်အခဲများနှင့်ပတ်သက်၍လည်း ထည့်သွင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အစည်းအဝေးတွင် မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က အမှာစကားပြောကြားပြီး ဂန့်ဂေါခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေလင်းဆွေနှင့် လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် Save the Children international မှ ဒေါက်တာပန်းနိုင်ဦးတို့က ကျန်းမာရေးကဏ္ဍ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဂန့်ဂေါမြို့နယ် ဟံသာဝတီတိုက်နယ်ဆေးရုံမှ ဒေါက်တာ ခိုင်ဇော်ဝင်းက H1N1 က ကူးစက်မြန်တုပ်ကွေးရောဂါအကြောင်းနှင့် မြို့နယ်တွင်းပညာပေး၊ ဆွေးနွေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းခဲ့သည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်သည့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ပြည်သူများကြုံတွေ့ရသည့် ကျန်းမာရေးကဏ္ဍမှ အခက်အခဲများကိုလည်းကောင်း၊ မိခင်၊ မွေးကင်းစနှင့် ငါးနှစ်အောက်ကလေး ကျန်းမာရေးဆိုင်ရာများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအကြောင်းကိုလည်းကောင်း တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(၁၀၁)**

# ရပ်ရွာအခြေပြုရဲလုပ်ငန်းစီမံချက် ပိုမိုထိရောက်အောင်ဆောင်ရွက်ရန် ရက်သတ်မှတ်ပြီးနောက် စီမံချက်ပြန်လည်အသက်ဝင်လာ

**ရန်ကုန် ဇူလိုင် ၃၁**
အစိုးရသစ် စတက်လာချိန်က ရက် ၁၀၀ စီမံချက်ဖြင့် မှုခင်းကျဆင်းရေးဆောင်ရွက်မှုကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် မှုခင်းများ သိသာစွာကျဆင်းခဲ့၍ ပြည်သူတို့၏ အားပေးချီးကျူးမှုများ ရရှိခဲ့သော်လည်း ရက် ၁၀၀ စီမံချက်နောက်ပိုင်းတွင် ရပ်ရွာအခြေပြုလုံခြုံရေးဆောင်ရွက်မှု အားနည်းသွားသည့်အတွက် မှုခင်းဖြစ်ပွားမှုများ ပြန်လည်များပြားလာခဲ့သည်။

ထို့ကြောင့် ရပ်ရွာနေပြည်သူအခြေပြုရဲလုပ်ငန်း(Community Based Policing) စီမံချက်ကို အရှိန်မြှင့်ဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ(၁)၌ ဇူလိုင် ၂၆ ရက်က ကျင်းပခဲ့ပြီးနောက် ဇူလိုင် ၂၉ ရက်ညမှစ၍ လှိုင်သာယာမြို့နယ်တွင် ရပ်ရွာအခြေပြု လုံခြုံရေးလုပ်ငန်းကို ရပ်ကွက်အုပ်ချုပ်ရေးနှင့် ပြည်သူများပူးပေါင်း၍ ပြန်လည်လုပ်ကိုင်ခြင်းဖြင့် ရပ်ရွာအခြေပြု လုံခြုံရေးလုပ်ငန်းများ ပြန်လည်အသက်ဝင်လာအောင် လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

ရက် ၁၀၀ စီမံချက်ကာလအတွင်းက မှုခင်းဖြစ်ပွားမှုများသော လှိုင်သာယာမြို့နယ်တွင် ရပ်ကွက် / ကျေးရွာတို့၌ ရပ်ရွာနေပြည်သူများအား အခြေပြုသော လုံခြုံရေးများထားရှိမှုကို မြို့ခံပြည်သူတို့က ဝမ်းသာကြိုဆိုခဲ့ပြီး စီမံချက်နောက်ပိုင်းတွင် လုံခြုံရေးဆောင်ရွက်မှု ပြန်လည်အားနည်းသွားသောကြောင့် ယခင်ကထက် မှုခင်းဖြစ်ပွားမှု တိုးလာသည့်အတွက် တရားဥပဒေစိုးမိုးရေးကိုဆောင်ရွက်နေသော ရဲတပ်ဖွဲ့ဝင်တို့နှင့်အတူ ရပ်ရွာအခြေပြု လုံခြုံရေးဆောင်ရွက်သူများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရပ်ရွာအေးချမ်းသာရေးနှင့် တရားဥပဒေစိုးမိုးလာရေးကို မြို့ခံပြည်သူများက လိုလားနေကြခြင်းဖြစ်သည်။

ယခုအခါ ရပ်ကွက်နှင့် ကျေးရွာများတွင် ပြည်သူများနှင့် ရဲတပ်ဖွဲ့ဝင်များပူးပေါင်း၍ လုံခြုံရေးဆောင်ရွက်ခြင်းဖြင့် ရပ်ရွာနေပြည်သူအခြေပြု Community Based Policing စီမံချက်ကို ပိုမိုထိရောက်အောင်မြင်အောင် ဩဂုတ် ၁ ရက်မှစတင်ကာ အရှိန်မြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ဇူလိုင် ၂၆ ရက်ကကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင်လည်း ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်စိုးမိုးက ဦးဆောင်၍ ရပ်ရွာအခြေပြု လုံခြုံရေးစီမံချက် တိုးမြှင့်ဆောင်ရွက်မည့်လုပ်ငန်းများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

# ရာသီပေါ်မိုးဦးနှမ်းများ ဈေးကောင်းရရန် တောင်သူများမျှော်လင့်နေ

**တောင်သာ ဇူလိုင် ၃၁**
မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်အတွင်း ယခုနှစ် မိုးဦးစောသည့်အတွက် နှမ်းစိုက်ပျိုးကြသည့် တောင်သူဦးရေ များပြားခဲ့ပြီး နှမ်းပင်များ အောင်မြင်ဖြစ်ထွန်းခဲ့သလို ယခု နှမ်းများရိတ်သိမ်းနေချိန်တွင်လည်း နှမ်းအထွက်နှုန်းကောင်းကြ၍ တောင်သူများအနေဖြင့် ဈေးကောင်းရရှိရန်အတွက်သာ မျှော်လင့်နေကြကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။



နှမ်းစိုက် တောင်သူများအနေဖြင့် ယခုနှစ် နှမ်းစိုက်ပျိုးရာတွင် စိုက်ပြီးချိန်၌ မိုးအဆက်မပြတ်ရွာသွန်းခဲ့၍ နှမ်းအပင်များကောင်းကာ နှမ်းအထွက်နှုန်းလည်း ကောင်းမွန်နိုင်ကြောင်း ခန့်မှန်းထားကြသည်။ "ကျွန်တော်တို့ တောင်သူတွေမှာ နှမ်းမစိုက်တာ ကြာပါပြီ။ အရင်နှစ်တွေကဆိုရင် မိုးဦးကလည်း နောက်ကျတော့ နှမ်းသိပ်မစိုက်ကြတော့ဘူး။ ဒီနှစ်မှာတော့ မိုးဦးက တော်တော်ရွာခဲ့ပါတယ်၊ ဒါကြောင့် ဒီနှစ် နှမ်းရကြမှာပါ။ ဈေးကောင်းဖို့ပဲ ကျွန်တော်တို့ ဒေသခံတောင်သူတွေ မျှော်လင့်ပါတယ်"ဟု ကျောက်ဖူးကျေးရွာမှ နှမ်းစိုက်တောင်သူဦးမောင်ခိုင်က ပြောသည်။

"ရာသီပေါ်သီးနှံ ဈေးမကောင်းတော့ ဒေသခံတောင်သူတွေ ကြပ်တည်းတာပေါ့။ သီးနှံဈေးကမကောင်း အလုပ်သမားခကျတော့ အရင်နှစ်တွေကထက် ပိုပေးရတော့ ပိုဆိုးတာပေါ့။ မနှစ်က လူတစ်ယောက်တစ်ရက်ကိုငွေကျပ်၃၀၀၀ ပေးရပါတယ်။ ဒီနှစ် အလုပ်သမားခက ငွေကျပ် ၃၅၀၀ ကနေ ၄၀၀၀ ပေးရတယ်။ အလုပ်သမားရှားတော့လည်း ပေးခေါ်ရတာပါ။ အလုပ်သမားခက ဈေးကြီးပြီး သီးနှံဈေးမကောင်းတော့ တွက်ခြေမကိုက်ဘူး။ တောင်သူလုပ်မယ့် အလုပ်သမားလည်း နည်းသွားပါပြီ။ သီးနှံဈေးကောင်းရဖို့ပဲ မျှော်လင့်နေကြပါတယ်" ဟု ဒေသခံတောင်သူတစ်ဦးကလည်း တောင်သူများ၏ အခက်အခဲကို ရှင်းပြသည်။

တောင်သာမြို့နယ်အတွင်းမှ ဒေသခံတောင်သူများအနေဖြင့် သီးနှံများ ဈေးကောင်းမရခြင်း၊ တောင်သူလုပ်ငန်းလုပ်ကိုင်မည့် အလုပ်သမား ရှားပါးလာကာ လုပ်သားအတွက် ကုန်ကျစရိတ်များပြားနေခြင်းတို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ရန် တဖြည်းဖြည်း ခက်ခဲလာလျက်ရှိကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

# အမေရိကန်နိုင်ငံ PMI ၏ CAMP Program ဖွင့်လှစ်ရန် MoU လက်မှတ်ရေးထိုး

**နေပြည်တော် ဇူလိုင် ၃၁**
အမေရိကန်နိုင်ငံ Project Management Institute(PMI)၏ Certified Associate in Project Management (CAMP) Program ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးဌာနနှင့် ပူးပေါင်း၍ ဖွင့်လှစ်ရန်အတွက် စိုက်ပျိုးရေးသုတေသနဦးဌာနနှင့် Myanmar Financial Centers(MFC)တို့ နားလည်မှု စာချွန်လွှာ(MOU)လက်မှတ်ရေးထိုးခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင်လ ဒုတိယပတ်အတွင်းက စိုက်ပျိုးရေးသုတေသနဦးစီးဌာန(ရေဆင်း)၌ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က မကြာမီ လုပ်ငန်းခွင်ဝင်ရောက်တော့မည့် ကျောင်းသားကျောင်းသူများအတွက် လုပ်ငန်းခွင်အတွင်း လုပ်ငန်းကျွမ်းကျင်မှု အရည်အသွေး၊ ခေါင်းဆောင်နိုင်မှုအရည်အသွေး မြှင့်တင်ပေးနိုင်သည့်အပြင် စီမံကိန်းများကိုယ်တိုင်ရေးဆွဲနိုင်ကာ ကောင်းစွာစီမံခန့်ခွဲနိုင်မည့် အရည်အသွေးပြည့်ဝသော ပညာရှင်များ ပေါ်ထွန်းလာစေရန်အတွက် Project Management Program ကို ပူးပေါင်း ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ရရှိလာသော နည်းပညာအချက်အလက်များနှင့် အသိပညာ ဗဟုသုတများကို အကျိုးရှိစွာ ဆက်လက်အသုံးချပြီး မျှဝေပေးနိုင်ရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

(CAMP) Program ကို ပူးပေါင်းဖွင့်လှစ်ခြင်းကြောင့် မကြာမီ စိုက်ပျိုးရေး ဘွဲ့ရတော့မည့် ကျောင်းသား ကျောင်းသူများအနေဖြင့် မြန်မာနိုင်ငံတက္ကသိုလ်မှ ရရှိလာမည့်ဘွဲ့တစ်ခုအပြင် PMI(USA) မှ ရရှိမည့် နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်တစ်ခုလည်း ထပ်ဆောင်း၍ ရရှိမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍကို မြှင့်တင်ပေးနိုင်ရေးအတွက် ပထမပိုင်းအနေဖြင့် Intensive Project Management သင်တန်းကို နာရီ ၃၀ ကြာ အနီးကပ် သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး ဒုတိယပိုင်းအနေဖြင့် အရည်အသွေးပြည့်ဝသော စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်နိုင်သူများ ဖြစ်လာစေရန်ရည်ရွယ်ကာ သင်တန်းသားတစ်ဦးချင်းစီအလိုက်(Teamie account)များ ဖွင့်စေကာ တစ်နှစ်ကြာ သင်ကြားသွားမည်ဖြစ်ကြောင်း Myanmar Financial Centers (MFC) မှ မန်နေးဂျင်းဒါရိုက်တာ၏ ပြောကြားချက်အရ သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# ကြက်ငှက်တုပ်ကွေး ကာကွယ်ရန် မွေးမြူရေးကြက်ခြံများကို ကွင်းဆင်းစစ်ဆေး

**ပလောက် ဇူလိုင် ၃၁**
တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့အတွင်းရှိ မွေးမြူရေးကြက်ခြံများ၌ ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်မှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးမှုများကို ဌာနဆိုင်ရာ တာဝန်ရှိသူများ ဇူလိုင် ၂၉ ရက်က လိုက်လံဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ပလောက်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်၍ မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ၊ ပလောက်မြို့စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးမှူး၊ ပလောက်မြို့နယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့ဆေးရုံတာဝန်ခံနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သောအဖွဲ့က ပလောက်မြို့တွင်းရှိ ကြက်မွေးမြူရေးခြံ လေးခြံသို့ လိုက်လံ ကွင်းဆင်းစစ်ဆေးကာ ခြံပိုင်ရှင်များအား ကြက်ငှက်တုပ်ကွေးရောဂါအန္တရာယ် ကျရောက်မှုမရှိစေရေး ကြိုတင်ဆောင်ရွက်ထားသင့်သည်များကို အသိပညာပေးဟောပြောပြီး ကြက်ခြံများမှကြက်များတွင် ရောဂါကူးစက်မှု ရှိ/မရှိ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# တရားစခန်းဝင်နေကြသည့် ယောဂီများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေး

**နမ့်ခမ်း ဇူလိုင် ၃၁**
ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့၌ ဝါတွင်းသုံးလအတွင်း မဟာစည်သာသနာ့ရိပ်သာ ကမ္ဘဌာန်း တောရကျောင်း တရားစခန်းတွင် ယောဂီ ၇၀၀ ကျော်၊ ပုဗ္ဗာရုံမဟာစည်သာသနာ့ရိပ်သာတွင် ယောဂီ ၂၅၀ ကျော် တရားအားထုတ်လျက်ရှိကြရာ အဆိုပါယောဂီများအား ပြည်သူ့ဆေးရုံမှ ဆရာဝန်များက ဇူလိုင် ၂၈ ရက်တွင် အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ သွားရောက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နမ့်ခမ်းမြို့ ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဦးဆောင်၍ အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက အခမဲ့ ကုသိုလ်ယူ သွားရောက်ကုသပေးခဲ့ကြခြင်းဖြစ်ပြီး ယောဂီများအတွက် လိုအပ်သော ဆေးဝါးများကို အလှူရှင်များက လှူဒါန်းကာ အခြားထပ်မံလိုအပ်သော ဆေးဝါးများကို ရိပ်သာဂေါပကအဖွဲ့များက အခမဲ့စီစဉ်ပေးကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**



# ရာသီတုပ်ကွေး H1N1 ကြိုတင်ကာကွယ်ရေး ကျောင်းသားများအား ပညာပေးဟောပြော

**တာပွန် ဇူလိုင် ၃၁**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တာပွန်မြို့အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမဆောင်၌ ရာသီတုပ်ကွေးရောဂါ A(H1N1)ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၉ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြစန်းက အမှာစကားပြောကြားပြီး တာပွန်တိုက်နယ်ဆရာဝန် ဒေါက်တာဆွေဇင်ဝင်းက A(H1N1) ရောဂါလက္ခဏာများအကြောင်း၊ ရောဂါကာကွယ်ရန်နည်းလမ်းများနှင့် ရောဂါဖြစ်ပါက နီးစပ်ရာဆေးရုံတွင် အချိန်နှင့်တစ်ပြေးညီ ကုသမှုခံယူရန်၊ ကျောင်းသား ကျောင်းသူများကလည်း မိမိတို့မိသားစုနှင့်ပတ်ဝန်းကျင်သို့ ယခုပြောပြသောအကြောင်းအရာများကို ပြန်လည်၍ တစ်ဆင့်စကားပြောကြားခြင်းဖြင့် ကျန်းမာရေးအသိပညာ မျှဝေရန် ဟောပြောပြီး ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များနှင့် နှာခေါင်းစည်း(Mask)များ ဝေငှပေးခဲ့သည်။

**တင်မြင့်(နတ်တလင်း)**



ဩဂုတ် 5
မှာဟိုဟိုဒီဒီသွားမယ်ဆိုရင်
ဒီဘတ်စ်ကားတွေကိုစောင့်ပြီး
အခမဲ့စီးလိုက်ပါ။
YBS
AIR-CON BUS
Red Bull မှ ပြုလုပ်သော Bus Free Day မှာ
ဘတ်စ်ကား အခမဲ့စီးလိုက်ပါ။
ဩဂုတ်လ ( ၅ ) ရက်နေ့ အောက်ဖော်ပြပါ
ဘတ်စ်ကားများကို အခမဲ့စီးနင်းနိုင်မယ့်
အခွင့်အရေးကို လက်လွှတ်မခံနဲ့နော်။
အောက်ဖော်ပြပါ ယာဉ်များအတွင်းမှ RedBull စတစ်ကာ
ကပ်ထားသော ယာဉ်များအားလုံး အခမဲ့
IMPORTED FROM THAILAND
KRATINGDAENG
RedBull
ENERGY DRINK
Red Bull Myanmar ကို Like လုပ်ခြင်းဖြင့်
ပျော်ရွှင်စရာ အတွေ့အကြုံများကို ရယူခံစားလိုက်ပါ။
https://www.facebook.com/redbullmyanmar/


JASMINE PALACE HOTEL
YANGON · MYANMAR
(၁ - ၈ - ၂၀၁၇) မှစ၍
JASMINE PALACE HOTEL YANGON
30% OFF
ကမ္ဘောဇဘဏ်ကတ်အသုံးပြုသူများ
အတွက် အထူးအစီအစဉ်
(အခန်းအမျိုးအစားအားလုံးအပါအဝင် စားသောက်ဆိုင်များနှင့်
Jasmine Spa အတွက်ခံစားခွင့်ရှိပါသည်။)
KBZ BANK
JASMINE NGAPALI RESORT
(၁ - ၁၀ - ၂၀၁၇) မှစ၍
JASMINE NGAPALI RESORT
341 Pyay Road, Sanchaung Township, Yangon, Myanmar
Tel : +95 (1) 230 4402-03 , Fax : +95(1) 230 6398-99
For more information : info@jasminepalacehotel.com
For Reservation : rsvn1@jasminepalacehotel.com, rsvn2@jasminepalacehotel.com
www.jasminepalacehotel.com

## အခွန်တံဆိပ်ခေါင်းဝယ်ယူမှုနှင့်စပ်လျဉ်း၍ အများပြည်သူများသိစေရန်

## အသိပေးကြေညာခြင်း

- ပြည်တွင်းအခွန်များဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင်လည်းကောင်း၊ နေပြည်တော်နှင့် ရန်ကုန်တံဆိပ်ခေါင်း အရောင်းကောင်တာများတွင်လည်းကောင်း တံဆိပ်ခေါင်းများကို အများပြည်သူသို့ ရောင်းချပေးလျက်ရှိပါသည်။
- ယခုအခါတွင် တံဆိပ်ခေါင်းလိုအပ်သူများ အဆင်ပြေလွယ်ကူစွာ ဝယ်ယူနိုင်ရန်အတွက် ၁-၆-၂၀၁၆ရက်မှစတင်၍ အောက်ပါမြို့နယ်အဆင့် သတ်မှတ်ချက်အတိုင်း မြို့နယ်ပေါင်း (၉၃)မြို့နယ်တွင် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူအရေအတွက် ၂၉၈ ဦးဖြင့် ရောင်းချခွင့်ပြုခဲ့ပြီး ၁၂-၇-၂၀၁၇ ရက်တွင် မြို့နယ်ပေါင်း ၁၀၁ မြို့နယ်တွင် လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချခွင့်ပြုသူ ၃၅၁ ဦးဖြင့် ရောင်းချပေးလျက်ရှိပါသည်။

| စဉ် | မြို့နယ်အဆင့် | လိုင်စင်ရရောင်းချသူအရေအတွက် |
|---|---|---|
| (၁) | အထူး(က)အဆင့်မြို့နယ် | (၁၀) ယောက် |
| (၂) | (က) အဆင့်မြို့နယ် | (၇) ယောက် |
| (၃) | (ခ) အဆင့်မြို့နယ် | (၅) ယောက် |
| (၄) | (ဂ) အဆင့်မြို့နယ် | (၃) ယောက် |

- တံဆိပ်ခေါင်းလိုအပ်သူများအနေဖြင့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများထံတွင်လည်း အောက်ဖော်ပြပါ ရုံးခွန်တံဆိပ်ခေါင်းနှင့် အခွန်တံဆိပ်ခေါင်း အမျိုးအစားများကို မူလတန်ဖိုးအတိုင်း ဝယ်ယူနိုင်ပါကြောင်း အသိပေးအပ်ပါသည်။
  (၁) ရုံးခွန်နှိပ်တံဆိပ်ခေါင်းမျိုးစိတ်အတွက် တန်ဖိုး ၁၀၀ ကျပ်တန်မှ ၁၀၀၀ ကျပ်တန်အထိ
  (၂) ရုံးခွန်ကပ် တံဆိပ်ခေါင်းမျိုးစိတ်အတွက် တန်ဖိုး ၂၅ ကျပ်တန်မှ ၁၀၀၀ ကျပ်တန်အထိ
  (၃) အခွန်နှိပ် တံဆိပ်ခေါင်းမျိုးစိတ်အတွက် တန်ဖိုး ၁၀၀ ကျပ်တန်မှ ၁၀၀၀ ကျပ်တန်အထိ
  (၄) အခွန်ကပ်တံဆိပ်ခေါင်းအတွက် တန်ဖိုး ၅ ကျပ်တန်

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**စီမံကိန်းရေးဆွဲရေးဦးစီးဌာန**
**ကယားပြည်နယ်စီမံကိန်းဦးစီးရုံး**
**လွိုင်ကော်မြို့**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ကယားပြည်နယ်၊ မယ်စဲ့မြို့နယ် စီမံကိန်းဦးစီးရုံးတည်ဆောက်ခြင်းနှင့် မယ်စဲ့မြို့နယ်စီမံကိန်းဦးစီးရုံး၊ ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။
၂။ အိတ်ဖွင့်တင်ဒါနှင့်စည်းကမ်းများကို ၁-၈-၂၀၁၇ ရက်မှ ၃၁-၈-၂၀၁၇ ရက်အထိ ကယားပြည်နယ်စီမံကိန်းဦးစီးရုံး၊ လွိုင်ကော်မြို့တွင် ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၃၁-၈-၂၀၁၇ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရပါမည်။
၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကယားပြည်နယ်စီမံကိန်းဦးစီးရုံး၊ လွိုင်ကော်မြို့၊ ဖုန်း-၀၈၃-၂၂၂၁၀၉၂၊ ၀၈၃-၂၂၂၄၀၅၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ **တင်ဒါကော်မတီအဖွဲ့**

---

### ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

**မြန်မာဘရူဝါရီလီမိတက်**

အမှတ်(၄၅)၊အမှတ်(၃)လမ်းမကြီး၊ပျဉ်းမပင်စက်မှုဇုန်၊မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်မြို့။

တင်ဒါခေါ်ယူသည့်လုပ်ငန်းများ။
(၁)မြန်မာဘရူဝါရီလီမိတက်မှ ထုတ်ကုန်များကို သယ်ယူပို့ဆောင်ပေးရမည့်လုပ်ငန်းများ။
(၂)စက်ရုံဝန်ထမ်းများနှင့်အဆိုင်းဝန်ထမ်းများအတွက်သက်ဆိုင်ရာနယ်များတွင် ကြိုပို့ဘတ်(စ်)များဖြင့်ပို့ဆောင်ပေးခြင်းလုပ်ငန်းများ။
(၃)စက်ရုံအသုံးပြုပြီးစွန့်ပစ် ပစ္စည်းများ၊ပျော့ဖတ်ရောင်းချခြင်းလုပ်ငန်းများ။
မြန်မာဘရူဝါရီလီမိတက်ရုံး၌ နံနက် ၁၀:၀၀ နာရီ မှ ညနေ ၁၅:၀၀အတွင်း တင်ဒါပုံစံများကို(၀၇.၀၈.၁၇)မှစ၍၊သက်ဆိုင်ရာကော်မတီတွင် လာရောက်မေးမြန်းစုံစမ်းပြီးထုတ်ယူနိုင်ပါသည်။၎င်းတင်ဒါပုံစံတွင်ဖြည့်စွက်ပြီး၊ အောက်ဖော်ပြပါအစီအစဉ်အတိုင်းပြန်လည်၍၊တင်ဒါတင်သွင်းနိုင်ပါသည်။

တင်ဒါစတင်လက်ခံမည့်နေ့။ ။၂၁/၀၈/၁၇(တနင်္လာနေ့)မှ စတင်ကာရုံးချိန်အတွင်း။
တင်ဒါပိတ်မည့်နေ့။ ။၀၄/၀၉/၁၇(တနင်္လာနေ့)ညနေ(၄)နာရီတိတိ၊
တင်ဒါတင်သွင်းရမည့်နေရာ။။မြန်မာဘရူဝါရီလီမိတက်၊အမှတ်၄၅၊အမှတ်(၃)လမ်းမကြီး၊ပျဉ်းမပင်စက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်မြို့။
လုပ်ငန်းလိုအပ်ချက်များမှာ----
-အထက်ပါလုပ်ငန်းအားလုံးအတွက် တစ်နှစ်ပတ်လုံး၊အဆင်ပြေချောမွေ့စွာလုပ်ဆောင်နိုင်သူဖြစ်ရမည်။
-သယ်ပို့လုပ်ငန်းများအတွက် တရားဝင်ကုမ္ပဏီ မှတ်ပုံတင်ရှိရမည်။
-ဝန်ထမ်းများကြိုပို့အတွက်(၂၅)ယောက်စီး မီနီဘတ်(စ်)ကား၊Hiace ကားများဖြင့်ပို့ဆောင်ပေးရပါမည်။
ဆက်သွယ်ရန်ဖုန်းနံပါတ်များမှာ(ရုံးချိန်အတွင်း)၊၀၉-၇၃၁၁၃၄၂၀၊၀၉-၇၃၁၁၃၄၀၃၊၀၉-၈၆၃၇၂၄၇၊၀၉-၈၆၃၇၂၅၀

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်အတွင်းရှိ ဆင်တပ်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ ပင်မမြောင်း မြေနီလဲလှယ်ခြင်းလုပ်ငန်းအား (၂၀၁၇-၂၀၁၈) ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးရန်ပုံငွေ(မြန်မာကျပ်ငွေဖြင့်) ဆောင်ရွက်လိုပါသဖြင့် စိတ်ပါဝင်စားသူများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ **တင်ဒါလျှောက်လွှာပုံစံစတင်ရောင်းချမည့်ရက်** - ၁-၈-၂၀၁၇ ရက်
**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၂၅-၈-၂၀၁၇ ရက်
**တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက်** - ၃၁-၈-၂၀၁၇ ရက်
၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့၊ ဖုန်း-၀၇၁-၂၃၆၂၄၊ ၀၉-၄၄၂၀၇၄၁၀၀ တို့တွင် တင်ဒါပုံစံစတင်ရောင်းချမည့်ရက်မှစ၍ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

**အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)MLT နှင့် ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်(အလုံ)ရှိ အသုံးမပြုဘဲပိုနေသည့် ရေနံဓာတ်ငွေ့ရည်သိုလှောင်ကန်များအား ပုဂ္ဂလိကထံသို့ တင်ဒါစနစ်ဖြင့် ရောင်းချနိုင်ရန် တင်ဒေါ်ယူခြင်း**

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်) MLT ရှိ အသုံးမပြုဘဲပိုနေသည့် ရေနံဓာတ်ငွေ့ရည် ၈ မက်ထရစ်တန်ဆံ့ သိုလှောင်ကန်တစ်လုံး၊ ၂ မက်ထရစ်တန်ဆံ့ သိုလှောင်ကန် ၁၃ လုံးနှင့် ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်(အလုံ)ရှိ ၅ မက်ထရစ်တန်ဆံ့ Lorry Tank ၁လုံး၊ ၂ မက်ထရစ်တန်ဆံ့ သိုလှောင်ကန် ၁၇ လုံး၊ ၄၀၀ ကေဂျီဝင်သိုလှောင်ကန် ၂၀ လုံး (စုစုပေါင်းသိုလှောင်ကန် ၅၂ လုံး)တို့အား တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂-၈-၂၀၁၇ ရက်မှ ၄-၉-၂၀၁၇ ရက်အထိ
၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်
(ခ)ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်၇(က)၊ သံလျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
၄။ **တင်ဒါတင်သွင်းရန်နောက်ဆုံးရက်-အချိန်နှင့်နေရာ** - ၅-၉-၂၀၁၇ ရက် (အင်္ဂါနေ့) ၁၂း၀၀ နာရီ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်
၅။ **တင်ဒါဖွင့်ပွဲပြုလုပ်မည့်နေ့ရက်နှင့်အချိန်** - ၅-၉-၂၀၁၇ ရက် ၁၄း၀၀ နာရီ
၆။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၄၁၁၁၉၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ရုံးအမှတ် ၄၄၊ နေပြည်တော်**

---

### အလိုရှိသည် (ပြည်တွင်း၌သာစခန်းထားရန်)

၁။ B.A / B.Sc ဘွဲ့ရ ကျား (10) ဦး
၂။ အရောင်းမြှင့်တင်ရေး(ဘွဲ့ရ) ကျား/မ(7) ဦး

အမှတ်စဉ်(၂) အတွက် အသက်(၃၀) နှစ်အောက် ဖြစ်ရမည်။ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ ရဲစခန်းထောက်ခံချက်၊ အလုပ်သမားမှတ်ပုံတင်၊ အိမ်ထောင်စုဇယားမိတ္တူ၊ ဆက်သွယ်ရန် နေရပ်လိပ်စာ၊ တယ်လီဖုန်း နံပါတ်အပြည့်အစုံ၊ ပတ်စ်ပို့ဓါတ်ပုံ (၂)ပုံ နှင့်အတူ ICE MOUNTAIN Purified Drinking Water၊ အမှတ် (၆၅)၊ စက်မှုဇုန် (၄)လမ်း၊ ၈ - ရပ်ကွက်၊ တောင်ဥက္ကလာပ၊ စက်မှုဇုန်သို့ ကြော်ငြာပါသည့်နေ့မှစ၍ (၁)လအတွင်း လျှောက်ထားနိုင်ပါသည်။

---

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့်ပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်တရားရုံးတော်၌**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၂၀**

ဦးမြခိုင် **နှင့်** ၁။ ကိုသန်းထိုက်ဦး
၂။ မအေးသူ
**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ သုံးခွကျေးရွာနေသူ (၁)ကိုသန်းထိုက်ဦး၊ (၂)မအေးသူ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမြခိုင်မှ ချေးယူသွားသော ငွေ ၂၂၂၀၀၀၀ကျပ် (နှစ်ဆယ့်နှစ်သိန်းနှစ်သောင်းကျပ်)ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဩဂုတ် ၁၄ ရက် (၁၃၇၉ ခုနှစ် ဝါခေါင်လပြည့်ကျော် ၇ ရက်) နံနက် ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဇူလိုင် ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးအေးသိန်း)**
**မြို့နယ်တရားသူကြီး**
**ဒေးဒရဲမြို့နယ်တရားရုံး**

---

### ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့ အထက တက္ကသိုလ်ဝင်တန်း(E)မှ မဝေဝေအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်မြမော် ၅/ယမပ(နိုင်)၀၄၀၈၄၁ ဖြစ်ပါကြောင်း။ **ဦးအောင်မြမော်**

### အမည်မှန်

ဦးစောသော်တာအောင် ၁၄/ကပန(နိုင်)၂၄၄၃၃၄ ၏သမီး ကျုံပျော်မြို့နယ် အထက (အထောင်) တက္ကသိုလ်ဝင်တန်း (A)မှ ကျောင်းဝင်အမှတ် ၁၅၇၉၃ နန့်ခြားရတီ၏အမည်မှန်မှာ နန့်ချားရတီ ဖြစ်ပါကြောင်း။ **နန့်ချားရတီ**

### ဖခင်အမည်မှန်

ဝန်းသိုမြို့နယ်၊ အထက ဂျိုးတောင် တက္ကသိုလ်ဝင်တန်း(ဂ)မှ မောင်မင်းသက်ဦး၏ ဖခင်အမည်မှန်မှာ ဦးထွန်းပွဲ ၅/ဝသန(နိုင်)၀၀၃၂၈၈ ဖြစ်ပါသည်။ **ဦးထွန်းပွဲ**

---

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ဗဟိုစာရင်းအင်းအဖွဲ့ရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဗဟိုစာရင်းအင်းအဖွဲ့ရုံးမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အောက်ဖော်ပြပါအဆောက်အအုံ ဆောက်လုပ်ခြင်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
**မုံရွာမြို့၊ဗဟိုစာရင်းအင်းအဖွဲ့တိုင်းရုံးတည်ဆောက်ခြင်း ၆၀'×၄၀' RC နှစ်ထပ်(၁)လုံး**
၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရမည်ဖြစ်ပါသည်။
(က) **တင်ဒါလျှောက်လွှာရယူရန်** - ၄-၈-၂၀၁၇ ရက်မှ ၂၅-၈-၂၀၁၇ ရက်ထိ
(ခ) **တင်ဒါတင်သွင်းရန်** - ၂၈-၈-၂၀၁၇ ရက် ၁၆း၀၀ နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်** - ဆက်သွယ်အကြောင်းကြားပါမည်။
(ဃ) **တင်ဒါဖွင့်မည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ(၂)
၃။ တင်ဒါလျှောက်လွှာများကို တိုင်းဒေသကြီးဗဟိုစာရင်းအင်းအဖွဲ့ရုံး (တိုင်းဒေသကြီး စီမံကိန်းရုံး၊ အောက်ထပ်) ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီး၊ ဗဟိုစာရင်းအင်းအဖွဲ့ရုံး ဖုန်း-၀၇၁-၂၆၅၁၃၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးရုံးခန်း ဖုန်း-၀၇၁-၂၀၃၂၃၁၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

---

**ဖခင်အမည်မှန်**

စဉ့်ကူးမြို့၊ စဉ့်ကူး (အထက) ပဉ္စမတန်း (A)မှ မောင်ပိုင်သူချစ်၏ ဖခင်အမည်မှန်မှာ ဦးသန်းဝင်း ၉/စကန(နိုင်)၀၃၅၃၁၆ ဖြစ်ပါသည်။ **ဦးသန်းဝင်း**

### ဖခင်အမည်မှန်

တန့်ဆည်မြို့နယ်၊ ရွှေသရဖူကိုယ်ပိုင် အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း (B)မှ မခိုင်နန္ဒာကျော်နှင့် ညံ့သာ အလက သတ္တမတန်းမှ မောင်အောင်ညီခန့်တို့၏ ဖခင်အမည်မှန်မှာ ဦးဇော်ခိုင်ဦး ၅/တဆန(နိုင်)၁၃၃၃၇၁ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

တန့်ဆည်မြို့၊ အထက(၁) ပဉ္စမတန်း(A)မှ မောင်ချစ်စိုးကို၏ဖခင်အမည်မှန်မှာ ဦးသိန်းစိုး ၅/တဆန(နိုင်)၁၀၁၃၆၂ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

တန့်ဆည်မြို့နယ်၊ ဘေရင်း အထက တက္ကသိုလ်ဝင်တန်း(A)မှ မစန္ဒာစိုး၏ဖခင်အမည်မှန်မှာ ဦးဝင်းတင့် ၅/တဆန(နိုင်)၁၅၀၀၅၃ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

တန့်ဆည်မြို့၊ အထက(၁) ပဉ္စမတန်း (A)မှ မောင်သက်နိုင်ဦးနှင့် တတိယတန်း (A)မှ မောင်သက်နိုင်ဝင်းတို့၏ ဖခင်အမည်မှန်မှာ ဦးသန်းနိုင် ၉/တတဉ(နိုင်)၁၂၄၉၃၇ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

တန့်ဆည်မြို့၊ အထက (၁) နဝမတန်း(C)မှ မောင်မင်းနိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်ဝင်း ၅/တဆန(နိုင်)၁၆၅၇၂၁ ဖြစ်ပါကြောင်း။

### ပျောက်ဆုံးကြောင်း

မုံရွာမြို့၊ မြို့သစ်ရပ်ကွက်နေ မဟန်နီသော်တာလင်း (ဘ)ဦးတင်လင်း ၅/မရန(နိုင်)၂၀၈၈၉၆ ၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)မှာ ပြည်တွင်း၌ ပျောက်ဆုံးသွားပါကြောင်း။
**ဖုန်း-၀၉-၇၉၂၁၃၂၂၅၅**

---

## ဝန်ထမ်းခေါ်ယူခြင်း

### ဝင်းချယ်ရီကုမ္ပဏီလီမိတက်

| | | | |
|---|---|---|---|
| ၁။ | စာရင်းကိုင် (ACCOUNTANT) | ကျား/မ(၅)ဦး | (200000 မှ 400000+) |
| ၂။ | ဂိုဒေါင်စာရင်းကိုင်/စာရင်းစစ် | ကျား/မ(၃)ဦး | (200000 မှ 400000+) |
| ၃။ | စီမံခန့်ခွဲရေးမှူး (IN-Charge) | ကျား/မ(၃)ဦး | (200000 မှ 400000+) |
| ၄။ | ဈေးကွက်ရှာဖွေရေးမန်နေဂျာ | ကျား/မ(၃)ဦး | (200000 မှ 400000+) |
| ၅။ | Branch Manager | ကျား/မ(၂)ဦး | (250000 မှ 500000+) |

**First interview (7-8-2017) မှ (9-8-2017) ထိ**
**Second interview (14-8-2017) မှ (16-8-2017) ထိ**

**မှတ်ချက်** ။ ။ (a) ကွန်ပျူတာကျွမ်းကျင်ဝန်ထမ်းများ ဦးစားပေးမည်။
(b) မျှော်မှန်းလစာညှိနှိုင်းခွင့်ရှိသည်။
(c) လုပ်ငန်းကျွမ်းကျင်မှုအပေါ်မူတည်ပြီး လစာခံစားခွင့်ပေးမည်။

**ဆက်သွယ်ရန်။** ။ ဦးအေးမင်း
ဖုန်း-၀၁-၅၄၂၈၄၄၊ ၀၉-၅၁၇၃၂၃၁၊ ၀၉-၅၁၂၅၄၆၈၊ ၀၉-၂၆၂၄၀၀၂၅၂၊ ၀၉-၇၈၀၆၀၀၈၃၁
Email; ayeminn500@gmail.com
အမှတ် ၂၃၅၊ အလယ်ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ (တော်ဝင်နှင်းဆီစားသောက်ဆိုင်အနီး၊ ဗန်ဒါပင်မှတ်တိုင်)
**(ရုံးချိန် နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်းသာ ဆက်သွယ်ပါရန်)**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိန်ဝင်း
### အသက်(၈၀)

ဒေါက်တာဦးထင်ကျော် - ပါမောက္ခ ဒေါက်တာဆန်းဆန်းဝင်း (ပါမောက္ခချုပ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-မန္တလေး)၏ ဖခင် ဦးစိန်ဝင်းသည် ၂၃-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၅း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**တွဲဖက်ပါမောက္ခ၊ ဌာနမှူးနှင့်**
**ဆရာ၊ ဆရာမများ**
**ကလေးသွားကျန်းမာရေးပညာဌာန**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိန်ဝင်း
### အသက်(၈၀)

ဒေါက်တာဦးထင်ကျော် - ပါမောက္ခ ဒေါက်တာဆန်းဆန်းဝင်း (ပါမောက္ခချုပ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-မန္တလေး)၏ ဖခင် ဦးစိန်ဝင်းသည် ၂၃-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၅း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**မေးရိုးနှင့်ခံတွင်းဆေးပညာဌာန**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိန်ဝင်း
### အသက်(၈၀)

ဒေါက်တာဦးထင်ကျော်-ပါမောက္ခချုပ် ဒေါက်တာဆန်းဆန်းဝင်း (ပါမောက္ခချုပ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-မန္တလေး)၏ ဖခင် ဦးစိန်ဝင်းသည် ၂၃-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၅း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**မေးရိုးနှင့်ခံတွင်းဆေးပညာဌာန**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)**

## ဒေါ်အုန်းကြည်
### အသက်(၈၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းငွေးကွယ်(က)ရပ်ကွက်၊ ပုညဝမုန လမ်း၊ အမှတ် ၆(ငါးလွှာ A)နေ (ဦးဖေအောင်၊ စား/ထွေ)၏ဇနီး၊ (ဒါရိုက်တာ ကိုစန်းအောင်)မောင့်မူပိုင်ရှင်-မအေးအေးချစ်စိုး(မြန်မာ့အသံ၊ ငြိမ်း)၊ ကိုလှရွှေ-(မမာမာအောင်)၊ ကိုထွန်းအောင်(CGM Co.,Ltd.)-မစန္ဒာဇော်(အထက-၂၊ တာမွေ)၊ ကိုစောအောင်-မခင်ခင်အေး၊ ကိုတင်အောင်ထွန်း(MRTV)-မစန္ဒာအောင်(MITV)၊ မမျိုးသူဇာအောင်(CGM Co.,Ltd.)တို့၏မိခင်၊ ကိုကျော်ဇင်လင်း-မအေးမွန်အောင်၊ မောင်စိုးမင်းအောင်(Site Soul) - မသက်ထက်လွင်၊ မောင်ငြိမ်းစည်သူ၊ မမြတ်သဲချို၊ မအေးစုမွန်၊ မစန္ဒာဝင်းထွန်း၊ မဆုမြတ်သီရိတို့၏ အဘွားသည် ၃၁-၇-၂၀၁၇ရက် ညနေ ၆း၃၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၇ရက်တွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်အချိန်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးရင်ဖေ
### တပ်မတော်-ရေ(ငြိမ်း)
### အသက်(၆၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ဗိုလ်ချုပ်ကျေးရွာနေ (ဦးဘသင်း-ဒေါ်ကြင်မံ)တို့၏သား၊ (ဦးခွေးစိန်-ဒေါ်ထွေး)တို့၏သားသမက်၊ ဒေါ်တင်အုန်း၏ခင်ပွန်း၊ Cap. ဦးဇော်မိုးဦး-ဒေါက်တာဒေါ်ပပမြင့်ဦး၊ ဦးနိုင်နိုင်(ဦးစီးအရာရှိ၊ ပြည်တွင်းအခွန်များဦးစီးဌာန)-ဒေါ်ဇင်မာဦး (ဦးစီးအရာရှိ၊ ပြည်တွင်းအခွန်များဦးစီးဌာန)တို့၏ဖခင်၊ မောင်သုတဦး၊ မောင်ဉာဏ်သစ်ဦး၊ မောင်ဝေယံဘုန်းပြည့်၊ မပြည့်ဖူးဖူးနိုင်တို့၏ အဘိုးသည် ၃၁-၇-၂၀၁၇ရက် နံနက် ၄း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၁၇ရက် နံနက် ၇နာရီတွင် ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊ အမှတ် ၂၉၊ ခြောက်လွှာ(အေ) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### အများသိစေရန်ကြေညာချက်

၁။ တောင်ဥက္ကလာပမြို့နယ်၊ ၁၀-ရပ်ကွက်၊ အသသက(၂၅)လမ်း၊ အမှတ်(၇၅၉-ခ)တွင် ၁ခန်းတည်း (၆)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ရန် မြေရှင် ဒေါ်သိန်းနွဲ့၊ လိုင်စင်ရ ကန်ထရိုက်တာ ဒေါ်စန်းစန်းမြင့် (LC-1096)၊ လိုင်စင်ရ အင်ဂျင်နီယာ ဦးနိုင်အောင် (LS-669)တို့အား ဤဌာန၏ (၁-၇-၂၀၁၆)ရက်စွဲပါ စာအမှတ်၆၀၈/၆၀၉/ စည်ပင်-ယာ(အံ့)ဖြင့် ဆောက်လုပ်ခွင့်ပြုထားပြီး ဖြစ်ပါသည်။
၂။ ယခုအခါ အဆိုပါ ၁ခန်းတည်း (၆)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ခွင့်အား လိုင်စင်ရ ကန်ထရိုက်တာ ဒေါ်စန်းစန်းမြင့် (LC-1096)အစား လိုင်စင်ရ ကန်ထရိုက်တာ ဦးမျိုးမင်းထွန်း (LC-423)သို့ ပြောင်းလဲဆောင်ရွက် ခွင့်ပြုပါရန် မြေရှင်နှင့်လိုင်စင်ရကန်ထရိုက်တာ (၂)ဦးတို့မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ရီရီ အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ အမှတ် ၁၃၉၊ ဓမ္မစေတီလမ်းနေ (ဦးသန်းလှ၊ ညွှန်ကြားရေးမှူး၊ ဗဟိုတရားရုံး)၏ဇနီး၊ Prof. Dr. ကံမင်း(ဆွစ်ဇာလန်)-ဒေါ်ဥမ္မာ၊ဦးစိုးသိန်းမြင့်-ဒေါ်မာလာ၊ဦးကျော်စွာလှ-ဒေါ်ဝါဝါတို့၏မိခင်၊ မဇေကရီကျော်၊ မလင်းလဲ့အိ၊ မဇူရီကံမင်း၊ မောင်သိဒ္ဓိကျော်၊ မောင်ရာဇကံမင်းတို့၏အဘွားသည် ၃၁-၇-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၇း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၁၇ရက် (တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်နု
### သံတွဲ/သန်လျင်
### အသက်(၇၅)နှစ်

သူငယ်ချင်း ရဲမှူးကြီးဝင်းဗိုလ် (ချင်းပြည်နယ်ရဲတပ်ဖွဲ့မှူး)-ဒေါ်နုနုအောင်တို့၏မိခင် ဒေါ်ခင်နု(သံတွဲ/သန်လျင်) အသက်(၇၅)နှစ်သည် ၃၀-၇-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃၁)**
**မှ သူငယ်ချင်းများနှင့် မိသားစုများ**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်နု
### သံတွဲ/သန်လျင်
### အသက်(၇၅)နှစ်

ချင်းပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းဗိုလ်-ဒေါ်နုနုအောင်တို့၏ မိခင်ကြီး ဒေါ်ခင်နု အသက်(၇၅)နှစ်သည် ၃၀-၇-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းသီဟမောင်**
**MGMC CO, LTD & CYGNUS MARINE CO,LTD**
**မိသားစု**

### ရဟန်းဒါယကာကြီး
## ဦးသောင်းမြင့် အသက်(၆၅)နှစ်
**BOSUN (CDC-20782)**
**LIZSTAR SHIPPING CO., LTD.**

ဧရာဝတီတိုင်းဒေသကြီး၊ ထူးကြီးမြို့နယ်နေ (ဦးမောင်ကံ-ဒေါ်ထွားရင်)တို့၏သား၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ ဇရာ ၅လမ်း၊အမှတ် ၈၈၄ နေ ဒေါ်တင်ဥ၏ချစ်လှစွာသောခင်ပွန်း၊ကိုကျော်ဇင်သန့်(LIZSTAR SHIPPING CO.,LTD.)-မပြုံးပြုံးမော်၊ ကိုဖြိုးဝေသန့်(LIZSTAR SHIPPING CO., LTD.)-မဖြိုးဖြိုး(LIZSTAR SHIPPING CO.,LTD.)တို့၏ဖခင်၊ မောင်ပြည့်ဘုန်းသန့်နိုင်၊ မောင်ပြည့်ဖြိုးသန့်နိုင်တို့၏အဘိုးသည် ၂၄-၇-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၄း၃၀နာရီတွင် အင်ဒိုနီးရှားနိုင်ငံအနီး ပင်လယ်ပြင်တွင် MV. COPACABABA သင်္ဘောပေါ်၌ကွယ်လွန်သွားပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၇-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက်တွင် နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာယူပြီးဖြစ်ပါသည်။ ၂-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမန်းထွန်းမောင်ရင် အသက်(၅၀) ဇေယျာသီရိမြို့နယ်၊ ရေဆင်းသည် ၃၀-၇-၂၀၁၇ရက် နံနက်တွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ ဒေါ်မိုင်ယုဇနထွန်းသန်း မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**(B.Agr.Sc) ၁၉၉၄ အကြီးတန်းသူငယ်ချင်းများ**

## ဒေါ်တင်မာအောင်(ခ)
## ပန်းရောင်
### အသက်(၅၆)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ကျားကွက်သစ်ရပ်ကွက်၊ကျောက်မြောင်း၊ကုဿာသယလမ်း၊ ပထမထပ်၊ အမှတ် ၈နေ ဦးဦးသာ-ဒေါ်အုံးရင်တို့၏မြေး၊ (ဦးမင်းအောင်) - ဒေါ်အေးအေးတို့၏ သမီး၊ ဦးဇော်မင်းခိုင်-ဒေါ်နုနုလွင်တို့၏ ညီမ၊ ဦးဝင်းအောင် - ဒေါ်စန္ဒာအောင်တို့၏ အစ်မ၊ မောင်သန့်ဇော်ထက်-မချစ်စုအောင်၊ မောင်ထင်လင်းဇော်-မမေသဇင်၊ မောင်ထင်ကျော်အောင်၊ မောင်အောင်ဇော်ထက်ပိုင်၊ မောင်အောင်ဇော်ထက်ပြည့်၊ မောင်ရဲဝင့်အောင်တို့၏ အဒေါ်၊ မမြတ်ကြာဖြူဇော်၏အဘွားသည် ၃၀-၇-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ဝဝး၁ဝနာရီတွင် ကွယ်လွန်သွားပါ၍ ၁-၈-၂၀၁၇ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့်**
**အသက်ကယ်ပါ**

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဇာနည်သက်ကြူ(Somerset)
### B.E (Civil)
### အသက်(၂၃)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ ဒေါ်လှလမ်း၊ အမှတ် ၁၈နေ Prof: ဦးသီဟ-(ဒေါ်ချိုချိုထက်)၊ (Rev:B ထွန်းဝင်း-နော်ဗျူးလာ)တို့၏မြေး၊ ဒေါက်တာဦးသက်ကြူ-နော်ဂျမီးမာတို့၏သား၊ နော်အောခစ်(Green Hills Academy)၏မောင်၊ စောမော်ဂင်ဝင်းသီဟ (Final Year, BARS)၏အစ်ကို၊ဒေါက်တာအက်စတာတင်ထက်-စောထူးထူးဘော၊ ဒေါက်တာထက်ကြူ - ဒေါ်အေးအေးထက်ဆွေ၊ ဒေါ်ခင်ငွေးကြူ - Mr. Suzuki၊ ဒေါ်သီတာကြူ (Diplomatic School)-သူရဦးအောင်မျိုးမြင့်၊ မနီလာကြူ၊ နော်အယ်ဒီးနာဝင်း-စောချာချီသိန်း၊ Rev: စောကော်မူထော် - (နော်ဩဂတ်စတာ)၊ (စောကော်ပယ်ဆဲ)-နော်အဲလစ်၊ စောကော်ဖော-နော်အော်လေးဗီယာဒီးတို့၏ တူသည် ၃၀-၇-၂၀၁၇ရက် ညနေ ၆း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁-၈-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [ရန်ကုန်ကရင်နှစ်ခြင်းအသင်းတော် (သူဌေးကုန်း) ဘုရားကျောင်း၊ (၅၁၄၊ အောက်ကြည့်မြင်တိုင်လမ်း၊ အနောက်ပိုင်းဆေးရုံရှေ့၊ကြည့်မြင်တိုင်) ရှေ့တို့မှကားများနံနက်၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းတင်
### အသက်(၈၄)နှစ်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ အောင်သုခရပ်ကွက်၊ အမှတ် ၃၅နေ (ဦးငယ်ကြီး)၏ ဇနီး၊ ဦးသိန်းဝင်းကြည်-ဒေါ်မြင့်မြင့်ရီ၊ ဒေါ်တိုးတိုး၊ ဦးချို-(ဒေါ်လှလှ)၊ ဦးကိုကို-ဒေါ်နီလာကျော်၊ ဦးချိုချို-ဒေါ်ခင်ပြုံးပြုံး၊ ဦးသိန်းနိုင်-ဒေါ်ချိုမာ၊ ဦးစိုးစိုး-ဒေါ်သန်းသန်းအေး၊ ဒေါ်နုနုရီတို့၏ မိခင်၊ မြေး ၁၆ယောက်၊ မြစ်ကိုးယောက်တို့၏ ဘွားဘွားကြီးသည် ၃၀-၇-၂၀၁၇ရက်(တနင်္ဂနွေနေ့)ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထန်းတပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်လှိုင်လှိုင်မိုး
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊ဘုရင့်နောင်၊ အမှတ် ၁၅၊ သီရိမွန်ပလာဇာ၊ ၄လမ်းနေ (ဦးရန်ချွန်းဖူ)-ဒေါ်ရီစိုက်တီ၏သမီး၊ (ဦးစဝ်အောင်မိုး-ဒေါ်ငွေစိန်)တို့၏သမီးချွေးမ၊ ဦးစဝ်နော်ဆိုင်၏ ချစ်လှစွာသောဇနီး၊ မခင်မျိုးစစ်၊ မရွှေအိမ်စည်၊ မငွေအိမ်စည်တို့၏မိခင်သည် ၃၁-၇-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၇း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၇ရက်တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၆-၈-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်ဌေးကြည်
### (ဒု-မန်နေဂျာ)
### (မြန်မာ့ရေနံဆောင်ဘဏ်)
### အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင်၊ (၁၃)ရပ်ကွက်၊ သန်လျင်တံတားအိမ်ရာဝင်း၊ ပတ္တမြားလမ်း၊ အမှတ် ၁၃၇နေ (ဦးလှဒင်-ဒေါ်အုန်းသိုက်)တို့၏သား၊ (ဦးဘစော-ဒေါ်ဒေါင်းစိန်)တို့၏သားသမက်၊ ဦးမြင့်ဝေ-ဒေါ်ကြဲမေတို့၏ညီ၊ ဦးသန်းလှိုင်(မြို့/ရာ)-ဒေါ်နုနုဝင်း (မြို့/ရာ)တို့၏ အစ်ကို၊ ကိုအောင်ကျော်ဦး၊ ကိုလှမျိုးအောင်(ခ)ဗိုလ၊ မမိုးသန္တာ၊ မဖြူဖြူအောင်၊မောင်မင်းထက်နိုင်၊မမြတ်နိုးခင်၊ မရွှန်းလဲ့မေတို့၏ဦးလေး၊ ဒေါ်စန်းလွင် (အလပြ၊ ငြိမ်း)၏ချစ်လှစွာသောခင်ပွန်းသည် ၃၀-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့)နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ကျိုက်စုအအေးတိုက်မှ ကျိုက်စုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၄၅နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၈-၂၀၁၇ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ သာကေတမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်သက်ထားနွယ်
### B.A (Geo)
### အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ဇေယျာခေမာလမ်း၊ အမှတ် ၄၆၊ တေဇစက္ကူကျောင်းဝင်းနေ(ဦးထွန်းမြင့်)-ဒေါ်မြင့်မြင့်ရီတို့၏သမီး၊ ဒေါ်ခင်ခင်၊ ဦးမြင့်သိန်း-ဒေါ်တင်တင်မြင့်တို့၏တူမ၊ ကိုတင်အောင်လွင်-မဖြူပြာမြင့်၊ ကိုစိုးဝင်းဇော်-မမေသက်နွယ်၊ ကိုအောင်မျိုးလွင်၊ မအေးမြသန္တာတို့၏ အစ်မ၊ တူ၊ တူမ ခုနစ်ယောက်တို့၏ အဒေါ်သည် ၃၀-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁-၈-၂၀၁၇ရက်(အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဆရာတော် ဘဒ္ဒန္တသုမနသီရိ
### (ကိုးနဝင်းဆရာတော်)
### သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါ

စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ လက်ပံဇမ္ဗူအေးကိုးနဝင်းတောရကျောင်း၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုမနသီရိ ကိုးနဝင်းဆရာတော်ကြီးသည် ၃၀-၇-၂၀၁၇ရက်(တနင်္ဂနွေနေ့)ထိုင်းနိုင်ငံစံတော်ချိန် နံနက် ၉း၀၉နာရီတွင် ထိုင်းနိုင်ငံ ဘန်ကောက်ဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၁-၈-၂၀၁၇ရက်(အင်္ဂါနေ့) ကိုးနဝင်းတိုက်စံကျောင်းသို့ ရောက်ရှိမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ရဟန်းဒါယကာ၊ ဒါယိကာမများ
ဦးခင်မောင်ရှိန်-ဒေါ်ခင်နှင်းလှိုင်
ဖွဲ့မြင့်မြတ်ထွန်းမိသားစု
ရန်ကုန်

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးယုကြည်(ပဲခူး) အသက်(၈၀)

ပဲခူးမြို့၊ ပန်းလှိုင်ရပ်၊ ၂၂လမ်း၊ အမှတ် ၆၅နေ (ဦးကြင်နာ-ဒေါ်ကျင်ပွား)တို့၏သား၊ (ဦးဘဏ်လှိုင်-ဒေါ်အုန်းမြင့်)တို့၏သားသမက်၊ ဒေါ်ခင်သန်းဆွေ၏ခင်ပွန်း၊(ဦးမြင့်စိန်)-ဒေါ်လှကြည်၊(ဦးဝင်းမြင့်)-ဒေါ်လွင်လွင်သန်း၊ (ဦးလှရွှေ)-ဒေါ်မြင့်မြင့်ရီတို့၏ညီ/မောင်၊ ဦးနေဦး-ဒေါ်တင်နွဲ့ရီတို့၏အစ်ကို၊ ဦးမောင်မောင်သန့်(C/E,SWIRE PACIFICOFFSHO RE)-ဒေါ်ခင်အေးစံ၊ ဒေါက်တာဇေယျာလင်း(ဆေးရုံအုပ်ကြီး၊ ကော့ကရိတ်ဆေးရုံ)-ဒေါ်ကေသီဦး၊ ဦးသက်မွန်၊ ဒေါက်တာမျိုးဇော်လှ (မြို့နယ်ဆရာဝန်၊ ကျောက်တံခါးဆေးရုံ) - ဒေါက်တာခိုင်သန္တာ၊ ဦးသန့်ဇော်ဦး-ဒေါ်စုစုလှိုင်၊ ဦးကျော်သူ(Capt. Maersk Line)-ဒေါ်ဟန်နီစိုးတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၃၁-၇-၂၀၁၇ရက် နံနက် ၄း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ကျေးဇူးအထူးတင်ရှိခြင်း
## ဦးအုံးကျော်
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ နိုင်ငံခြားရေးဝန်ကြီးဌာန
### အသက်(၇၇)နှစ်

၂၈-၇-၂၀၁၇ရက်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားသော ဦးအုံးကျော်၏ နာရေးကိစ္စအဝဝကို ကိုယ်တိုင်လာရောက် နှစ်သိမ့်မှုပေးသော၊ လွမ်းသူ့ပန်းခွေနှင့် ပန်းခြင်းများ ပေးပို့ပါသော မိတ်ဆွေ၊ သူငယ်ချင်းများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ မိတ်ဆွေများ၊ ရပ်ဝေးရပ်နီးမှ သတင်းမေး နှစ်သိမ့်အားပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့်တကွ လာရောက်ကူညီပေးပါသော မိတ်ဆွေ၊ သူငယ်ချင်းအားလုံးတို့ကို ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဒေါက်တာထင်အောင် (မိုးကုတ်)
### ရူပဗေဒဌာန
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ် ၉၅နေ (ဦးဘဟန်-ဒေါ်စော)တို့၏သား၊ ဒေါက်တာဦးကျော်-ဒေါက်တာဒေါ်ကြည်ကြည်၊ ဒေါက်တာဦးလှမွန်-ဒေါက်တာဒေါ်တင်တင်မြင့်၊ (ဦးကျော်ဆန်း-ဒေါ်အဲလစ်အေးယု)တို့၏ညီ/မောင်၊ ဒေါက်တာထင်ကျော်-ဒေါက်တာခိုင်ခိုင်တို့၏အစ်ကို၊ ဂျပန်နိုင်ငံ၊ တိုကျိုမြို့နေ YoKo ၏ခင်ပွန်း၊ Rosalind ထင်အောင်၊ Johnny ထင်အောင်တို့၏ဖခင်၊ တူ၊တူမ ရှစ်ယောက်တို့၏ဦးလေး၊ မြေးလေးယောက်တို့၏ အဘိုးသည် ၃၀-၇-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၇ရက် (ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၁၇ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ခင်မြင့်
### B.A (Hist)
### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်း ငွေးကြွယ်(က)ရပ်ကွက်၊ ဇောတိကလမ်း၊ အမှတ် ၃၂၊ (သုံးလွှာ-A)နေ (ဦးငြိမ်း-ဒေါ်မေဒီခင်)တို့၏သမီး၊ (ဦးခိုင်)-ဒေါ်မြဆွတ်တို့၏ချွေးမ၊ ဦးထွန်းလှ B.A (Eco)၏ဇနီး၊ မောင်ဝင်းထွန်း(Final year-Law)၊ မသိမ့်သိမ့်ဝင်းထွန်း(Fourth year-Law)၊ မခင်စန္ဒာထွန်း (First year)တို့၏မိခင်သည် ၂၉-၇-၂၀၁၇ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၃၀-၇-၂၀၁၇ရက်(တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဒေါ်အေးအေးမူ
### နေပြည်တော်
### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်နေ (ဦးတင်အေး-ဒေါ်ခင်ထားကြည်)တို့၏သမီး၊ ဦးမြတ်ကို (ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ စီမံဌာန) - ဒေါ်ခင်မေပိုက်တို့၏ညီမ၊ ရန်ကုန်မြို့၊ ယုဇနအိမ်ရာမြို့တော်နေ ဒေါ်လဲ့လဲ့၏အစ်မ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ လွှတ်တော်အိမ်ရာဝင်းနေ ဦးဝင်းသိန်း(ညွှန်ကြားရေးမှူး၊ အမျိုးသားလွှတ်တော်ရုံး)၏ဇနီး၊ မရွှေရည်ဦး(ဘဏ္ဍာရေးဌာန၊ အမျိုးသားလွှတ်တော်ရုံး)၊ မောင်ကျော်ဇေယျ(အင်းလျားလိတ်ဟိုတယ်)တို့၏မိခင်သည် ၃၁-၇-၂၀၁၇ရက် (တနင်္လာနေ့)နံနက် ၁နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)ပြည်သူ့ဆေးရုံကြီးမှ ကွေ့ကြီးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိသားစုများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၆-၈-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီမှ ၁၀နာရီအထိ တိုက် ၃၁၃၊ အခန်း ၀၁၊ လွှတ်တော်ဝင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူစုစုပေါင်းလူနာ ၂၁၃ ဦးရှိ Seasonal Influenza A (H1N1) pdm09 - positive လူနာစုစုပေါင်း ၆၂ ဦး၊ သေဆုံးသူ ၁၂ ဦးရှိ

**နေပြည်တော် ဇူလိုင် ၃၁**

ဇူလိုင် ၂၁ ရက်မှ ယနေ့ မွန်းလွဲ ၂ နာရီအထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ရရှိသော ရောဂါဖြစ်ပွားသည့် အချက်အလက်များအရ လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါ (Severe Acute Respiratory Infection) ဖြင့် ဆေးရုံတက်ရောက်ကုသသူ စုစုပေါင်း လူနာ ၂၁၃ ဦးရှိခဲ့ပြီး ၎င်းတို့အနက် Seasonal Influenza A (H1N1) pdm09-positive လူနာစုစုပေါင်း ၆၂ ဦး၊ သေဆုံးသူ ၁၂ ဦးရှိနေကြောင်း၊ လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါ (Severe Acute Respiratory Infection) ဆေးရုံတက်ရောက်သူများတွင် သေဆုံးမှုနှုန်းမှာ ၅ ဒသမ ၆ ရာခိုင်နှုန်းဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်အရ သိရှိရသည်။

လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါလူနာများကို ရောဂါပျံ့နှံ့မှု လျင်မြန်စွာထိန်းချုပ်နိုင်ရန်အတွက် မြောက်ဥက္ကလာပမြို့နယ်ရှိ အထူးကုဆေးရုံ (ဝေဘာဂီ)တွင် ဦးစားပေးပို့ဆောင်ကုသပေးလျက်ရှိရာ ယနေ့ မွန်းလွဲ ၂ နာရီအထိရရှိသော ဆေးရုံတက်ရောက်လူနာစာရင်းအရ Seasonal Influenza A (H1N1) pdm09 အတည်ပြုလူနာလေးဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါထုတ်ပြန်ချက်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် လတ်တလောဖြစ်ပွားနေသော ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1) pdm 09 နှင့်ပတ်သက်၍ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ခြင်း၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ကာကွယ်ထိန်းချုပ်ခြင်းနှင့် ကုသမှုပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများအား အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၀ ရက် မွန်းလွဲ ၂ နာရီမှ ယနေ့ မွန်းလွဲ ၂ နာရီအထိ သံသယလူနာ ၃၁ ဦးအား ထပ်မံဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာ Seasonal Influenza A(H1N1) pdm09

*စာမျက်နှာ ၅ ကော်လံ ၁* ❄

# မေယုတောင်ကြောပေါ်တွင် မသင်္ကာဖွယ်တဲများနှင့် အသုံးအဆောင်ပစ္စည်းများတွေ့ရှိ လူသားချင်းစာနာမှုဆိုင်ရာ ရိက္ခာများကိုပါ တွေ့ရှိခဲ့ခြင်းကြောင့် စုံစမ်းလျက်ရှိ



သိမ်းဆည်းရမိသည့်ပစ္စည်းများကို တွေ့ရစဉ်

**နေပြည်တော် ဇူလိုင် ၃၁**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယမန်နေ့ မွန်းလွဲပိုင်းက မေယုတောင်ကြောပေါ်၌ အစွန်းရောက်အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်ရန် ဆောက်လုပ်ထားသည့် တဲများနှင့် အသုံးအဆောင်ပစ္စည်းများ တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ကျေးရွာသားများပါဝင်သော ပူးပေါင်းအဖွဲ့သည် ရသေ့တောင်မြို့နယ် ချွတ်ပြင်ကျေးရွာသား ဦးသန်းဌေး ပျောက်ဆုံးနေမှုအတွက် ဇူလိုင် ၃၀ ရက် နံနက်ပိုင်းတွင် မေယုတောင်ကြော ပတ်ဝန်းကျင်တစ်ဝိုက် လိုက်လံရှာဖွေခဲ့ရာ မွန်းလွဲပိုင်းတွင် အစွန်းရောက်အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်ရန်

*စာမျက်နှာ ၅ ကော်လံ ၁* ❁

# မြန်မာ ယူ-၁၈ အသင်း အင်တာမီလန်နှင့် ခြေစမ်းပွဲနှစ်ပွဲ ကစားမည်

**သတင်း - ညီမြတ်သော်တာ**

**ရန်ကုန် ဇူလိုင် ၃၁**

နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၈ အသင်းသည် ဥရောပထိပ်သီးကလပ် အင်တာမီလန် ယူ-၁၈ အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းခြေစမ်းပွဲကို ဩဂုတ် ၁၁ ရက်နှင့် ၁၃ ရက်တို့တွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် အင်တာမီလန်အသင်းတာဝန်ရှိသူများ၏ ညှိနှိုင်းမှုအရ အင်တာမီလန် ယူ-၁၈ လူငယ်အသင်းသည် ခြေစမ်းပွဲနှစ်ပွဲ လာရောက်ကစားမည်ဖြစ်သည်။ မူလအစီအစဉ်အရ ပထမခြေစမ်းပွဲကို ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းနှင့် ယှဉ်ပြိုင်ကစားရန် စီစဉ်ထားသော်လည်း ပြိုင်ပွဲနှင့်နီးကပ်နေသောကြောင့် နုတ်ထွက်ခဲ့ရာ မြန်မာ ယူ-၁၈ အသင်းနှင့် ပြောင်းလဲစီစဉ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် စက်တင်ဘာ ၄ ရက်မှ ၁၇ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၇ အာဆီယံ ယူ-၁၈ ပြိုင်ပွဲအတွက် ဇူလိုင် ၃၁ ရက်မှစ၍ လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။ မြန်မာ ယူ-၁၈ အသင်းကို ပြင်သစ်နိုင်ငံသား နည်းပြချုပ် ဘန်လာဘီက ကိုင်တွယ်လျက်ရှိပြီး ပထမကစားသမား ၂၆ ဦးဖြင့် ဖွဲ့စည်းထားသည်။ မြန်မာ ယူ-၁၈ အသင်းသည် ဩဂုတ်လအတွင်း နိုင်ငံတကာခြေစမ်းပွဲနှင့် ပြည်တွင်းခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အင်တာမီလန်အသင်းနှင့် ခြေစမ်းပွဲပြီးပါက MNL ကလပ် ရှမ်းယူနိုက်တက်အသင်း၊ ထိုင်း ယူ-၁၈ အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရန် သဘောတူညီမှုရထားသည့် မြန်မာ ယူ-၁၈ အသင်းသည် ကာလရှည်လေ့ကျင့်ထားသည့် အသင်းဖြစ်ပြီး ကစားသမားများ အတွေ့အကြုံရစေရန် ဖီးနစ်အသင်းအမည်ဖြင့် ပထမတန်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

*စာမျက်နှာ ၅ ကော်လံ ၁* ✻


